ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 8 September 2021 ၁၀၄၉၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံ၏ စီးပွားရေး ကောင်းမွန်စေရန်အတွက် လက်ရှိရင်ဆိုင်နေရသည့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါအား ကျော်လွှားနိုင်ရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၁)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးချစ်နိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာ ဒေါ်သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဒေါက်တာဋ္ဌေးအောင်နှင့် ဦးစောထွန်းအောင်မြင့်တို့ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့ အနေဖြင့် တာဝန်ထမ်းဆောင်သည်မှာ ၇ လတာကာလရှိပြီး

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

## ကြေးမုံ ယနေ့ ဖတ်စရာ

**ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ရတနာ သားကောင်းသမီးမွန်များ**

**သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ဖြည့်ဆည်းမှုဖြင့် ဝန်ထမ်းဘဝလမ်း အဆင့်ဆင့်တက်လှမ်းခဲ့သူ သရေစည်သူဦးဘခင်**

စာမျက်နှာ » ၈

**စက်တင်ဘာ ၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၄၃၁ ဦး တွေ့ရှိ**

စာမျက်နှာ » ၂၂




**အခန်းဆက် ဝတ္ထုရှည်**

စာမျက်နှာ » ၂၃

# ကမ္ဘာ့စီးပွားရေးမဟာဗျူဟာသို့ အစပြုဦးတည်

နိုင်ငံ့စီးပွားတိုးတက်မြင့်မားရေးတွင် နိုင်ငံတကာစီးပွားရေးနယ်ပယ်စုံ၌ စီးဝင်မှုသည် အရေးကြီးသည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် အမျိုးသားအကျိုးစီးပွားကို တစ်ကမ္ဘာလုံးသို့ လွှမ်းခြုံကြသည်။ စီးပွားကူးသန်း ရှေ့သို့လှမ်းချီရာ၌ နိုင်ငံတကာစီးပွားရေးတွင် ကုန်း၊ ရေ၊ လေ ဆက်သွယ်ရေးလမ်းကြောင်းစုံဖြင့် ထိုးဖောက်ဖြန့်ချိကြသည်။ ချမ်းသာသောနိုင်ငံများသည် ကုန်သွယ်ရေကြောင်း ဆိပ်ကမ်းပိုင်ဆိုင်ကြသည်။

မြန်မာနိုင်ငံတွင် ပြည်ပပို့ကုန်မြင့်မားရေးသည် အထူးလိုအပ်နေဆဲဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ၊ အရည်အသွေး၊ ငွေကြေးစသည်တို့နှင့်အတူ ကမ္ဘာ့စီးပွားရေး၊ ပထဝီနိုင်ငံရေးအကြောင်းအမျိုးမျိုးတို့ကြောင့် မြန်မာ့ပို့ကုန်ကုန်သွယ်မှုအဖုံဖုံတွင် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှာ များစွာကျဆင်းသွားခဲ့သည်။ ကုန်းတွင်းနယ်စပ်ကုန်သွယ်ရေးကိုသာ အဓိကအားပြုနေရသည်ကိုတွေ့ရမည်။ ထို့ကြောင့် စိုက်ပျိုးရေးကိုအခြေခံသည့် ပြည်တွင်းထုတ်ကုန်များ တိုးတက်ထုတ်လုပ်တင်ပို့နိုင်ရေးကို ကြိုးပမ်းအားထုတ်လျက်ရှိသည်။

ယခုအခါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် သမ္မတ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားအရှေ့ဖျားဒေသဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မစ္စတာယူရီထရုနပ်၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ စက်တင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိကျင်းပသည့် (၆) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ အဆိုပါ အရှေ့ဖျားစီးပွားရေးဖိုရမ်တွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံနှင့်သာမက ကမ္ဘာ့နိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် မဟာဗျူဟာကျသော စီးပွားရေးအခွင့်အလမ်းကောင်းများကို ထုတ်ဖော်တွေ့ရှိလာခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားတာဝန်ရှိသူများ၊ စီးပွားရေးကုမ္ပဏီများနှင့် တွေ့ဆုံခဲ့ကြရာတွင် ရုရှား -မြန်မာနှစ်နိုင်ငံအကြား စိုက်ပျိုးရေးအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စက်သုံးဆီသိုလှောင်ကန်နှင့် အခြားအခြေခံအဆောက်အဦများ တည်ဆောက်ရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ၌ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍ တိုးတက်စေရေးအတွက် နှစ်နိုင်ငံအစိုးရများအကြား ရှေ့ဆက်ကူညီပူးပေါင်းဆောင်ရွက်သင့်သည့်ကိစ္စများကို ဆွေးနွေးခဲ့သည်။ ရုရှားလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်လုပ်၍ ရုရှားနိုင်ငံသို့ ဝယ်ယူတင်သွင်းခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ရေနံတူးဖော်ထုတ်လုပ်သန့်စင်ခြင်း၊ ဘက်စုံသုံးပင်လယ်ဆိပ်ကမ်း တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို စိတ်ဝင်စားလျက်ရှိသည်။

ဖိုရမ်မျက်နှာစုံညီအစည်းအဝေးသို့ ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင် ကိုယ်တိုင်တက်ရောက်၍ ရုရှားအရှေ့ဖျားဒေသ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုအတွက် ယှဉ်ပြိုင်စွမ်းအား တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ပေးမည့်အခြေအနေများ၊ အထူးစီးပွားရေးဇုန်များ ထူထောင်ထား၍ အာရှနှင့် ပစိဖိတ်ဒေသမှ ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဆိပ်ကမ်းများကို ဆက်သွယ်ရေးနည်းပညာအသုံးပြု အဆင့်မြှင့်တင်၍ ကုန်စည်သင်္ဘောများ ချိတ်ဆက်သွားလာနိုင်မည့် ဆိပ်ကမ်းကြီးတစ်ခု ပေါ်ပေါက်လာရေး ဆောင်ရွက်မှုအခြေအနေများ၊ အာရှနှင့်ဥရောပကို ချိတ်ဆက်ပေးမည့် မြောက်ပိုင်းပင်လယ်လမ်းကြောင်းတစ်ခု ဖြစ်ပေါ်လာရေး ဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးခဲ့ရာ အာရှ-ပစိဖိတ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကမ္ဘာ့စီးပွားရေးမဟာဗျူဟာတစ်ခုဖြစ်လာမည်။

အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ မွန်ဂိုလီးယား၊ ကာဇက်စတန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သမ္မတများနှင့် အိန္ဒိယ၊ ထိုင်းနိုင်ငံတို့မှ ဝန်ကြီးချုပ်များက ဗီဒီယိုမက်ဆေ့များဖြင့် စကားပြောခဲ့ကြပြီး မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့်ရုရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ စုစုပေါင်း တက်ရောက်သူ ၂၀၀ ခန့်က အွန်လိုင်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်ဖြင့်သော်လည်းကောင်း တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ဖိုရမ်သို့ ဂျပန်၊ ပြင်သစ်၊ တရုတ်၊ တောင်ကိုရီးယား၊ အမေရိကန်၊ အိန္ဒိယစသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၁ နိုင်ငံမှ ကိုယ်စားလှယ်များ၊ သံအရာရှိများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ကမ္ဘာ့နိုင်ငံများမှ မီဒီယာများအပါအဝင် စုစုပေါင်း ၃၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူသောကာလအတွင်း ကမ္ဘာ့နိုင်ငံခေါင်းဆောင်များ၊ နိုင်ငံကိုယ်စားလှယ်တော်များ၊ စီးပွားရေးလုပ်ငန်းရှင်များပါဝင်သည့် ဤကဲ့သို့ မဟာဗျူဟာကျသော ကမ္ဘာ့စီးပွားရေးအခင်းအကျင်းကို ဦးစွာထုတ်ဖော်နိုင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် လက်ရှိကာလတွင် နိုင်ငံတကာ၌ စိန်ခေါ်မှုများရှိနေသော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံများနှင့် ဆက်သွယ်ကူးသန်းရောင်းဝယ်ရေးကို ရှေးရှုဆောင်ရွက်နိုင်ခဲ့သည်။

သို့ဖြစ်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား မိတ်ဆွေကောင်းပီသစွာဖြင့် အလေးထားဖိတ်ကြားဆောင်ရွက်ခဲ့သောကြောင့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့စီးပွားရေးမဟာဗျူဟာအခင်းအကျင်းသစ်တွင် အစပြုဦးတည်လျှောက်လှမ်းနိုင်တော့မည်ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဗိုလ်မှူးကြီး ဇော်ဝင်းထွန်း<br>ကာကွယ်ရေးဝန်ကြီးဌာန | ကျောင်းအုပ်ကြီး<br>မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) | ဒုတိယဗိုလ်မှူးကြီး ကျော်နိုင်အေး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သင်္ဘောကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |

# သာယာဝတီမြို့၌ မြစ်မခမြစ်သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

သာယာဝတီ စက်တင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် စက်တင်ဘာ ၆ ရက်က သာယာဝတီမြို့နယ် စံရွေးကျေးရွာအနီးရှိ မြစ်မခ သဘာဝရေပြင်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ငါးသောင်း၊ ငါးခုံးမကြီးကောင်ရေ ငါးသောင်း၊ ရွှေဝါငါးကြင်းကောင်ရေ ငါးသောင်း စုစုပေါင်း ငါးကောင်ရေ တစ်သိန်းငါးသောင်း မျိုးစိုက်ထည့်ပေးခဲ့သည်။

**ငါးမျိုးစိုက်ထည့်**

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ထွန်းနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်၍ ငါးမျိုးများစိုက်ထည့်ပေးကြကြောင်း သိရသည်။

**အောင်ဆင့်**



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၇ - ၉ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၈၀၀ | ၃၄၀ | ၃,၀၁၆,၀၀၀ |
| MTSH | ၃,၁၅၀ | ၃,၀၅၀ | ၃,၃၁၆ | ၁၀,၂၅၈,၅၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၉ | ၇၁,၁၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၂၀ | ၅၄,၀၀၀ |
| EFR | ၃,၀၀၀ | ၃,၀၀၀ | ၃၀ | ၉၀,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၁၈.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၃၉.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၆၅.၉၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၆၄၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၃.၃၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၃၉၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၂.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၇၈.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၆၂.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၉၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**အာဆီယံနိုင်ငံများတွင် အင်ဒိုနီးရှားနိုင်ငံသည် ကူးစက်မှုအများဆုံးဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသည် ကူးစက်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနိုင်ငံများတွင် ဆဌမမြောက်ကူးစက်မှုအများဆုံး နိုင်ငံဖြစ်ပြီး စက်တင်ဘာ ၆ ရက်အထိ ကူးစက်သူ ၄၁၇၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၁၅၉၈၅ ဦးရှိကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်လဆန်းပိုင်းတွင် ကူးစက်မှုနှုန်းများ ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သဖြင့် မိမိတို့အနေဖြင့် ကူးစက်မှုရာခိုင်နှုန်းခေါက်ချိုးအထိ ကျဆင်းစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၀ ရာခိုင်နှုန်းခန့်သာ ကူးစက်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ရောဂါကူးစက်မှုနှုန်းများကို ထိန်းချုပ်နိုင်ရန်အတွက် ရောဂါပိုးဆေးစစ်မှုများမှစ၍ အထူးအလေးပေးဆောင်ရွက်ခဲ့**

☆ ရှေ့ဖုံးမှ
လုပ်ငန်းများဆောင်ရွက်ချိန်တွင် ပြည်တွင်း၊ ပြည်ပဆိုင်ရာ အခက်အခဲများကြားမှ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အစိုးရတစ်ရပ်၏တာဝန်သည် နိုင်ငံသာယာဝပြောစေရန် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူဆောင်ရွက်ချိန် ကာလအတွင်း နိုင်ငံရေးအရ တည်ငြိမ်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ကမ္ဘာနှင့်အဝှမ်း ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းအားရင်ဆိုင်ကျော်လွှားနေရသည့်အချိန်ဖြစ်သဖြင့် အခက်အခဲများရှိကြောင်း၊ မိမိတို့နိုင်ငံ၌ ဇွန်၊ ဇူလိုင်လများတွင် တတိယလှိုင်းစတင်ဖြစ်ပွားခဲ့ပြီး အခက်အခဲများဖြစ်ပေါ်ခဲ့သော်လည်း တာဝန်ရှိသည့် ခေါင်းဆောင်များ၏ မဆုတ်မနစ်သည့် ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ပြည်သူများ၏ အခက်အခဲများကြားမှ အပြည့်အဝပူးပေါင်းဆောင်ရွက်မှုများကြောင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုများရရှိခဲ့ခြင်းဖြစ်ကြောင်း။

### အထူးအလေးပေးဆောင်ရွက်ခဲ့

ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာပေါ်တွင် လက်ရှိအချိန်အထိ ကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိနေသေးကြောင်း၊ အာဆီယံနိုင်ငံများတွင် အင်ဒိုနီးရှားနိုင်ငံသည် ကူးစက်မှုအများဆုံးဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသည် ကူးစက်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနိုင်ငံများတွင် ဆဌမမြောက်ကူးစက်မှုအများဆုံးနိုင်ငံဖြစ်ပြီး စက်တင်ဘာ ၆ ရက်အထိ ကူးစက်သူ ၄၁၇၀၀၀ ကျော်ရှိပြီး

**နိုင်ငံ၏စီးပွားရေးအတွက် တစ်နိုင်ငံလုံးက ကြိုးစားဆောင်ရွက်ကြခြင်းဖြစ်ပြီး စီးပွားရေး၏အကျိုးအား နိုင်ငံသူ နိုင်ငံသားအားလုံး ခံစားရခြင်းဖြစ်သဖြင့် စီးပွားရေးမောင်းနှင်အားသည် နိုင်ငံတစ်ခု၏ အမှန်တကယ်အကျိုးရှိသည့် မောင်းနှင်အားပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏စီးပွားရေး ကောင်းမွန်စေရန်အတွက် လက်ရှိရင်ဆိုင်နေရသည့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါအား ကျော်လွှားနိုင်ရန်လိုကြောင်း၊ လက်ရှိတာဝန်ယူဆောင်ရွက်နေသည့် တာဝန်ရှိသူများအနေဖြင့် နိုင်ငံသာယာဝပြောရန်၊ တိုးတက်စေရန်နှင့် စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်**

သေဆုံးသူ ၁၅၉၈၅ ဦးရှိကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်လဆန်းပိုင်းတွင် ကူးစက်မှုနှုန်းများ ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သဖြင့် မိမိတို့အနေဖြင့် ကူးစက်မှုရာခိုင်နှုန်းခေါက်ချိုးအထိ ကျဆင်းစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၀ ရာခိုင်နှုန်းခန့်သာ ကူးစက်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ရောဂါကူးစက်မှုနှုန်းများကို ထိန်းချုပ်နိုင်ရန်အတွက် ရောဂါပိုးဆေးစစ်မှုများမှစ၍ အထူးအလေးပေးဆောင်ရွက်ခဲ့ကြောင်း၊ ရောဂါကူးစက်မှုနှုန်းများ ကျဆင်းသွားသော်လည်း လက်ရှိအချိန်တွင် လုံးဝပျောက်ကင်းသွားနိုင်သည့် ရောဂါမဟုတ်သည့်အတွက် ပေါ့ဆ၍မရကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သောမိန့်ခွန်းတွင်ပါရှိသည့် လှေပြိုင်ပွဲဥပမာအတိုင်း ပန်းတိုင်မရောက်ခင်တက်ထောင်သဖြင့် နောက်လှေမှ ကျော်တက်သွား၍ အောင်မြင်မှုနှင့် လွဲချော်နိုင်သည်ကို သင်ခန်းစာယူ၍ မဖြစ်သင့် မဖြစ်ထိုက်သည်များ မဖြစ်အောင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ အနေဖြင့် အထူးအလေးထား ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံတစ်ခု၏ အဓိကမောင်းနှင်အားသည် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အားတို့ပင်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ဩဇာအင်အားတောင့်တင်းသည့်နိုင်ငံများသည် နိုင်ငံရေးအရ အင်အားတောင့်တင်းသည့်နိုင်ငံ၊ စစ်အင်အားရှိသည့် နိုင်ငံ၊ စီးပွားရေးအင်အားရှိသည့် နိုင်ငံများပင်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ ဩဇာအာဏာရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်ရကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်မှုရှိရန်အတွက် ကမ္ဘာ့နိုင်ငံများအချို့တွင်လည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ စစ်ရေးအရ အင်အားတောင့်တင်းသည့်နိုင်ငံများ၊ စီးပွားရေးအရ တောင့်တင်းသည့်နိုင်ငံများရှိကြကြောင်း၊ နိုင်ငံရေးနှင့်ကာကွယ်ရေးအတွက် Institution များက ဆောင်ရွက်ကြရကြောင်း၊ သို့သော် နိုင်ငံ၏စီးပွားရေးအတွက် တစ်နိုင်ငံလုံးက ကြိုးစားဆောင်ရွက်ကြခြင်းဖြစ်ပြီး စီးပွားရေး၏အကျိုးအား နိုင်ငံသူ နိုင်ငံသားအားလုံး ခံစားရခြင်းဖြစ်သဖြင့် စီးပွားရေးမောင်းနှင်အားသည် နိုင်ငံတစ်ခု၏ အမှန်တကယ်အကျိုးရှိသည့် မောင်းနှင်အားပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏စီးပွားရေး ကောင်းမွန်စေရန်အတွက် လက်ရှိရင်ဆိုင်နေရသည့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါအား ကျော်လွှားနိုင်ရန်လိုကြောင်း၊ လက်ရှိတာဝန်ယူဆောင်ရွက်နေသည့် တာဝန်ရှိသူများအနေဖြင့် နိုင်ငံသာယာဝပြောရန်၊ တိုးတက်စေရန်နှင့် စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း။

### ကျန်းမာနေရန်လိုအပ်

ကျန်းမာမှအလုပ်လုပ်နိုင်မည်၊ ကျန်းမာမှပညာသင်ကြားနိုင်မည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါရှိနေသမျှ ကျန်းမာရေးအရ ထိခိုက်နေမည်ဖြစ်ကြောင်း၊ နိုင်ငံသာယာဝပြောစေရန်အတွက် စီးပွားရေးကောင်းမွန်စေရန် အလုပ်လုပ်နိုင်ရန်လိုကြောင်း၊ အလုပ်လုပ်နိုင်ရန်အတွက် ကျန်းမာနေရန်လိုအပ်သဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ စာသင်ကျောင်းများ ပိတ်ထားရသည်မှာ နှစ်လခန့်ရှိပြီဖြစ်ကြောင်း၊ စာသင်ကျောင်းများဖွင့်မှသာ ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ကြားရေး လမ်းကြောင်းပေါ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ပညာသင်ကြားရာတွင် စဉ်ဆက်မပြတ် သင်ကြားနေမှသာ တိုးတက်မှုရှိမည်ဖြစ်၍ ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာရေးလမ်းကြောင်းပေါ်တွင် အမြဲရှိစေချင်သဖြင့် အလေးပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသဆေးများနှင့် အခြားလိုအပ်သည့် ဆေးဝါးများတင်သွင်းမှုနှင့်ပတ်သက်၍လည်း နှောင့်နှေးမှုများမရှိအောင် စီမံဆောင်ရွက်ပေးထားကြောင်း၊ ဆေးရုံတိုင်းတွင် ကိုဗစ်-၁၉ ရောဂါအား ကုသနိုင်ရန်အတွက် ICU များ တည်ဆောက်ရေးအတွက်လည်း မှာကြားထားပြီးဖြစ်ကြောင်း၊ ဆေးရုံများ သပ်သပ်ရပ်ရပ်ဖြင့် အဆင့်ရှိရှိဖြစ်စေရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

### ပြည်ပဝင်ငွေရရှိအောင်

မိမိတို့နိုင်ငံ၏ အဓိကထုတ်ကုန်ပစ္စည်းသည် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များပင်ဖြစ်ကြောင်း၊ သယံဇာတပစ္စည်းများအား ထုတ်လုပ်ရောင်းချခြင်းသည် ကန့်သတ်မှုများရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သမာအာဇီဝနည်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရန်လိုကြောင်း၊ ကမ္ဘာပေါ်တွင် လူဦးရေ ၇ ဘီလီယံခန့်ရှိသဖြင့် နိုင်ငံတိုင်းတွင် စားသောက်ကုန်များ အမြဲလိုအပ်ချက်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးနိုင်ငံများရှိပြီး နိုင်ငံတွင်း စားရေးအဆင်ပြေစေရန်နှင့် ပြည်ပဝင်ငွေရရှိရန် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်၍ ကမ္ဘာ့ဈေးကွက်မှ ပြည်ပဝင်ငွေရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွင်း မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းခန့်၊ နွေစပါးစိုက်ပျိုးဧက ၂ သန်းခန့် စိုက်ပျိုးကြောင်း၊ မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းတွင် တစ်ဧက တင်း ၁၀၀ နှုန်းထွက်ပါက လူဦးရေ သန်း ၁၀၀ အတွက် လုံလောက်မှုရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိသဖြင့် လူဦးရေ ၄၅ သန်းစာ ပိုလျှံမှုရှိလာမည်ဖြစ်ကြောင်း၊ ပြည်ပသို့ ဆန်များစွာ တင်ပို့နိုင်ကြောင်း၊ သို့သော် တစ်ဧကစပါးအထွက်နှုန်း တင်း ၁၀၀ မပြည့်သည့်အတွက် ပြည်ပနိုင်ငံများသို့ မျှော်မှန်းသလို တင်ပို့နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ စီးပွားရေးသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး မိမိတို့နိုင်ငံ အနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများ အနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ မိမိတို့တာဝန်ယူသည့် ကာလအတွင်း စိုက်ပျိုးရေးတောင်သူများအား ထောက်ပံ့ကြေးပေးခြင်း၊ ချေးငွေများထုတ်ပေးခြင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များ အရှုံးပေါ်မှုမရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ သွင်းအားစုများ အသုံးပြုခြင်းနှင့် မျိုးကောင်းများအသုံးပြုပြီး ကောက်ကွက်ပြည့်အောင် စနစ်တကျစိုက်ပျိုးခြင်းဖြင့် စပါးများအထွက်နှုန်းတိုးစေရေး ဆောင်ရွက်နိုင်ခြင်းဖြင့် တောင်သူများဝင်ငွေ ပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက် စပါးစိုက်ပျိုးရေးနှင့်ပတ်သက်၍ဦးစားပေး ဆောင်ရွက်ကြရန်လိုကြောင်း။

### ဆီအထွက်နှုန်းများ တိုးတက်စေရေး

စားသုံးဆီနှင့်ပတ်သက်၍ ပြည်တွင်း၌ ဆီဖူလုံမှုရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့် စားသုံးဆီများထွက်ရှိရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းများဖြစ်ထွန်းစေရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆီအဓိကထွက်ရှိသည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း ဆီထွက်သီးနှံများစိုက်ပျိုးကြကြောင်း၊ အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆီအထွက်နှုန်းများ တိုးတက်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ ဝါစိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်းနှင့် လိုအပ်သည့် ရေနှင့်မြေဩဇာများရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ဝါအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ပမှ ချည်များ တင်သွင်းမှုကို

စာမျက်နှာ ၄ သို့ ☆

**မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်၍ ကမ္ဘာ့ဈေးကွက်မှ ပြည်ပဝင်ငွေရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွင်း မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းခန့်၊ နွေစပါးစိုက်ပျိုးဧက ၂ သန်းခန့် စိုက်ပျိုးကြောင်း၊ မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းတွင် တစ်ဧက တင်း ၁၀၀ နှုန်းထွက်ပါက လူဦးရေ သန်း ၁၀၀ အတွက် လုံလောက်မှုရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိသဖြင့် လူဦးရေ ၄၅ သန်းစာ ပိုလျှံမှုရှိလာမည်ဖြစ်ကြောင်း၊ ပြည်ပသို့ဆန်များစွာ တင်ပို့နိုင်ကြောင်း၊ သို့သော် တစ်ဧကစပါးအထွက်နှုန်းတင်း ၁၀၀ မပြည့်သည့်အတွက် ပြည်ပနိုင်ငံများသို့ မျှော်မှန်းသလို တင်ပို့နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ စီးပွားရေးသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်ပေးရန်လို**

# ဝိသမလောဘများဖြစ်ပေါ်မှုမရှိအောင် ထိန်းသိမ်းကြပ်မတ်

**ပြီးခဲ့သည့်ကာလအတွင်း ဆေးဝါးများ ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စစ်ဆေးကြပ်မတ်ခြင်းများ စနစ်တကျ ဆောင်ရွက်ခဲ့၍ ဆေးဝါးများ၏ ဈေးနှုန်းများ ပုံမှန်အခြေအနေသို့ ပြန်လည်ကျဆင်းခဲ့ကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာသည် စေတနာထားပြီး လှူဒါန်းလိုသည့် စိတ်၊ ပေးကမ်းလိုသည့် အခြေခံစိတ်များရှိပြီးဖြစ်သဖြင့် ၎င်းစိတ်ကို အခြေခံ၍ ဆောင်ရွက်မှုများသည် သဟဇာတဖြစ်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတစ်ခုတည်းမဟုတ်ဘဲ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးတွင် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စားသောက်ရေးနှင့် ကာကွယ်ကုသဆေးများနှင့်ပတ်သက်၍ ဝိသမလောဘများဖြစ်ပေါ်မှုမရှိအောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၃-၈-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉)ကြိမ်မြောက်ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

☆ စာမျက်နှာ ၃ မှ

လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ မောင်းနှင်အားတွင် စီးပွားရေးမောင်းနှင်အားသည် အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းသည် လက်ရှိအခြေအနေတွင် စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့် စီးပွားရေးသည် အဓိကမောင်းနှင်အားတွင် ပါဝင်နေသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့်အလေးထားဆောင်ရွက်ကြရန် လိုကြောင်း။

### မြန်မြန်ဆန်ဆန်ဆောင်ရွက်

မိမိတို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များအပေါ်တွင် အခြေခံဆောင်ရွက်နေခြင်းဖြစ်သဖြင့် ဝန်ကြီးဌာနများအနေဖြင့်လည်း အဆိုပါအချက်များအပေါ်တွင်အခြေခံ၍ စီမံခန့်ခွဲရေးနည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူသည့်ကာလအတွင်း ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းရပ်အသစ်များကို ဆောင်ရွက်ခြင်းထက် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းရပ်များအား အောင်မြင်အောင် ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားလာမှုဆိုင်ရာကိစ္စရပ်များ၊ ပြည်သူများ စွမ်းရည်ရှိအောင် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပညာရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ ဆောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား အောင်မြင်အောင် ရည်မှန်းချက်ထားဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ပြည်နယ်နှင့်တိုင်း ကွာခြားမှု၊ ကျေးလက်မြို့ပြကွာခြားမှုများကို လျှော့ချရန် မိမိအနေဖြင့် အမြဲပြောကြားခဲ့ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဒေသအားလုံး တစ်ပြေးညီ တိုးတက်စေရန် ဆန္ဒရှိကြောင်း၊ လိုအပ်ချက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ပိုမိုအလေးပေး ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝန်ကြီးဌာနများအားလုံးမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံစဉ်းစား၍ အဓိကလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး၊ အောင်မြင်မှုရှိစေရေးနှင့် တိုးတက်မှုရှိစေရေး စဉ်းစားဆောင်ရွက်ကြရန် လိုကြောင်း မှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်စက်ရုံများ ရပ်ဆိုင်းထားရသည့်အတွက် တိုင်းပြည်အတွက် ထိခိုက်နစ်နာမှုများစွာရှိကြောင်း၊ သို့ဖြစ်၍ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားသည့်

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ ပထမအကြိမ်တွင် ၂ ဒသမ ၁ သန်း၊ ဒုတိယအကြိမ်တွင် ၂ ဒသမ ၆ သန်းကျော် ထိုးနှံနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုလအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၁၀ သန်း ရောက်ရှိမည်ဖြစ်ပြီး လာမည့် အောက်တိုဘာလတွင် ကာကွယ်ဆေး ၁၀ သန်းနှင့် နိုဝင်ဘာလတွင် ကာကွယ်ဆေး ၄ သန်း ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် လိုအပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထပ်မံဝယ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်ပိုင်စက်ရုံများအား ပြန်လည်လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများရရှိမှု၊ သွင်းအားစုများရရှိမှုနှင့် ဈေးကွက်ရရှိရေးအပေါ် သုံးသပ်တွက်ချက်၍ ဆောင်ရွက်သွားရမည်ဖြစ်ပြီး ထုတ်ကုန်များကိုလည်း အရည်အသွေးပြည့်မီအောင် ထုတ်လုပ်သွားရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု များစွာရှိကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများအဆင့်ဆင့်က နိုင်ငံပိုင်ပစ္စည်းများ လူ၏ပေါ့လျော့မှုကြောင့် လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ဝန်ထမ်းအားလုံး အသိတရားရှိရှိဖြင့် စေ့စေ့စပ်စပ်သုံးစွဲနိုင်ရေး အသိပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆောက်လုပ်ဆဲ ဝန်ထမ်းအိမ်ရာများ၊ အငှားအိမ်ရာများနှင့် အဆောက်အအုံများ တစ်လုံးချင်း သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် အခြေခံဖြစ်သည့် ရေနုတ်မြောင်း၊ လမ်း၊ ပလက်ဖောင်း၊ ရေနှင့် မိလ္လာစနစ်တို့ကို ကောင်းမွန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက်လည်း လုပ်ဆောင်သွားကြရန်လိုကြောင်း၊ ဝန်ထမ်းအိမ်ရာများနှင့် ဘေးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

### ၂ ဒသမ ၆ သန်းကျော် ထိုးနှံနိုင်ခဲ့

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ ပထမအကြိမ်တွင် ၂ ဒသမ ၁ သန်း၊ ဒုတိယအကြိမ်တွင် ၂ ဒသမ ၆ သန်းကျော် ထိုးနှံနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုလအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၁၀ သန်း ရောက်ရှိမည်ဖြစ်ပြီး လာမည့် အောက်တိုဘာလတွင် ကာကွယ်ဆေး ၁၀ သန်းနှင့် နိုဝင်ဘာလတွင် ကာကွယ်ဆေး ၄ သန်း ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် လိုအပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထပ်မံဝယ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းနှင့်ပတ်သက်ပြီး နှောင့်နှေးမှုမရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် အခြားဆေးပစ္စည်းများ ဝယ်ယူမှုနှင့်ပတ်သက်၍ အမေရိကန်ဒေါ်လာ ၁၆၉ သန်းအကုန်အကျခံ ဝယ်ယူခဲ့ပြီး ဆေးရုံ၊ ဆေးခန်းပြုပြင်ခြင်း၊ ကိုဗစ်စင်တာများနှင့် လူမှုရေးအဖွဲ့အစည်းများအတွက် ငွေကျပ် ၅၆၆ ဘီလီယံသုံးစွဲခဲ့ကြောင်း၊ ထို့ပြင် အထွေထွေကိစ္စများအတွက် အမေရိကန်ဒေါ်လာ ၅ သိန်းကျော်ကိုလည်း သုံးစွဲခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများအတွက် သုံးစွဲရန် ဘဏ္ဍာငွေကိုလည်း အဆင်သင့်ပြင်ဆင်ထားကြောင်း၊ ထို့အတွက် တာဝန်ရှိသူများအနေဖြင့် အကျိုးရှိရှိလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် အခြားဆေးပစ္စည်းများ ဝယ်ယူမှုနှင့်ပတ်သက်၍ အမေရိကန်ဒေါ်လာ ၁၆၉ သန်း အကုန်အကျခံဝယ်ယူခဲ့ပြီး ဆေးရုံ၊ ဆေးခန်းပြုပြင်ခြင်း၊ ကိုဗစ်စင်တာများနှင့် လူမှုရေးအဖွဲ့အစည်းများအတွက် ငွေကျပ် ၅၆၆ ဘီလီယံသုံးစွဲခဲ့ကြောင်း၊ ထို့ပြင် အထွေထွေကိစ္စများအတွက် အမေရိကန်ဒေါ်လာ ၅ သိန်းကျော်ကိုလည်း သုံးစွဲခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများအတွက် သုံးစွဲရန် ဘဏ္ဍာငွေကိုလည်း အဆင်သင့်ပြင်ဆင်ထား**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ နေထိုင်သည့်ဒေသများတွင်လည်း ထိုးနှံပေးနိုင်ရန် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့အနေဖြင့် အကြောင်းအမျိုးမျိုးပြကာ NCA သဘောတူညီချက်များကို ချိုးဖောက်မှုများရှိသော်လည်း မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား နိုင်ငံသားများ၏ ရပိုင်ခွင့်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်ပြီး မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မကျန်စေလိုကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်ဒေသများအပြင် ရခိုင်ပြည်နယ်ရှိ အကျုံးဝင်သူများကိုလည်း ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး စီစဉ်လျက်ရှိကြောင်း၊ မိမိအနေဖြင့် နိုင်ငံရေးအရ ဆောင်ရွက်ပေးနေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေး၊ အမျိုးသားအရေးနှင့် နိုင်ငံ့အတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပါတီစွဲ၊ လူပုဂ္ဂိုလ် အစွဲမထားဘဲ လူသားတစ်ယောက်အနေဖြင့် တာဝန်သိသိ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေး ဆောင်ရွက်ရာတွင် အားလုံးပါဝင်နိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

### မှာကြား

မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတကာနှင့် ဆက်ဆံရာတွင် နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်နေခြင်းကို အချို့သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက မျက်ကွယ်ပြု၍ဆောင်ရွက်နေကြကြောင်း၊ ပြည်ပနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသဆက်ဆံရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး နိုင်ငံတကာကတိကဝတ်၊ သဘောတူညီချက်များနှင့်အညီ ပြောဆိုပြုမူဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့်ကိစ္စရပ်များကို ရှောင်ရှားကြရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ ဂုဏ်သိက္ခာမြင့်မားစေရန် တာဝန်ရှိသူများအနေဖြင့် ကဏ္ဍအလိုက် တိုးတက်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး နိုင်ငံတော် ဘဏ္ဍာငွေများကို သုံးစွဲရာတွင် ပကာသနကိုလျှော့ချ၍ ခွေတာရေးနည်းလမ်းများနှင့်အညီ အမှန်တကယ်အကျိုးရှိသည့် လုပ်ငန်းများကို လုပ်ဆောင်သွားကြရန်လိုကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် အောက်ခြေအထိ ထိတွေ့ဆက်ဆံသွားကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၏ ဦးဆောင်မှုကို ပြည်သူလူထုက ယုံကြည်အားကိုးလာစေရန် ယခုထက်ပိုမိုကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

**သတင်းစဉ်**

# ၂၀၁၈ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**၂၀၁၈ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂၄ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို "၂၀၁၈ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ"ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၃။ ဤဥပဒေအာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး ၂၀၁၈ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ၏ အခန်း(၈)ပါ ပြဋ္ဌာန်းချက်များအား ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

၄။ ဝန်ကြီးသည် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

၅။ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း နည်းဥပဒေ အခန်း ၁၃(က)၊ အခန်း ၁၃ (ခ)နှင့်အခန်း ၁၃ (ဂ)တို့ပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ Higher Military Command School သို့ သွားရောက်လေ့လာ


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ Higher Military Command School သို့ သွားရောက်လေ့လာကြည့်ရှုကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Novosibirsk မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူး ဗိုလ်မှူးချုပ်ကျော်စိုးမိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် Higher Military Command School သို့ သွားရောက်လေ့လာကြည့်ရှုကြရာ ကျောင်းအုပ်ကြီး Colonel Segey Markovchin နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**လေ့လာကြည့်ရှု**

ထို့နောက် နိုင်ငံတော်အတွက် အသက်စွန့်လွှတ်တာဝန်ထမ်းဆောင်ခဲ့ကြသည့် သူရဲကောင်းဆုတံဆိပ်ရရှိသူများကို ဂုဏ်ပြုထားသည့် သူရဲကောင်းရုပ်တုများအား ဂုဏ်ပြုပန်းခြင်းဖြင့် အလေးပြုပြီး လေ့လာကြည့်ရှုကြသည်။

ယင်းနောက် ကျောင်းခန်းမတွင် ကျောင်းအုပ်ကြီးက ကျောင်းသမိုင်းအကျဉ်းနှင့် ကျောင်းမှသင်ကြားပေးလျက်ရှိသည့် ဘာသာရပ်များ၊ ပြည်ပသင်တန်းသားများ လာရောက်သင်ကြားနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် ကျောင်းအတွင်းလှည့်လည်၍ လိုက်လံကြည့်ရှုလေ့လာကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် ကျောင်းအုပ်ကြီးတို့က အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ Higher Military Command School မှ တာဝန်ရှိသူများ၊ သင်တန်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**လက်တွေ့စမ်းသပ်ပစ်ခတ်**

ထို့နောက် Higher Military Command School အတွင်းရှိ လက်တွေ့ပစ်ခတ်မှုစက်ပစ်ကွင်းသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။ ထိုသို့လေ့လာစဉ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ သင်တန်းသားများက လက်နက်ငယ်နှင့် စနိုက်ပါအမျိုးအစား မျိုးစုံတို့ကို လက်တွေ့ပစ်ခတ်ပြသခြင်းများ ပြုလုပ်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များက ကိုယ်တိုင်ပါဝင် လက်တွေ့စမ်းသပ်ပစ်ခတ်ကြသည်။

**နေ့လယ်စာ အတူတကွ သုံးဆောင်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် ကိုယ်စားလှယ်အဖွဲ့သည် Higher Military Command School ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❐ **ကျောဖုံးမှ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာစံတော်ချိန် ယနေ့နံနက် ၈ နာရီခန့်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲ Mr. Pavel Klabukov နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၅) ကြိမ်မြောက် အာရှတိုက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့(ASOSAI) စုံညီ ညီလာခံသို့ တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၇**
အာရှတိုက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (Asian Organization of Supreme Audit Institutions –ASOSAI) ၏ (၁၅) ကြိမ်မြောက်စုံညီ ညီလာခံကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်ဦးဆောင်၍ ယနေ့ မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

**ဆောင်ရွက်**

ညီလာခံပထမပိုင်းတွင် အဖွဲ့၏ ၂၀၁၈–၂၀၂၁ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းများ၊ ၂၀၂၂–၂၀၂၄ ခုနှစ် ဘတ်ဂျက်နှင့် ၂၀၂၂–၂၀၂၇ ခုနှစ်မဟာဗျူဟာစီမံချက်များ အတည်ပြုခြင်း၊ ၂၀၁၈–၂၀၂၁ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းများအပေါ် ပြင်ပစာရင်းစစ်၏ စစ်ဆေးတွေ့ရှိချက်များ အစီရင်ခံခြင်း၊ အဖွဲ့၏ Capacity Development လုပ်ငန်းဆောင်ရွက်မှု အခြေအနေအစီရင်ခံခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် Hanoi ကြေညာစာတမ်း အစီရင်ခံတင်ပြခြင်း၊ (၁၂) ကြိမ်မြောက် အဖွဲ့၏ သုတေသနစီမံချက်များ အစီရင်ခံခြင်း၊ ASOSAI ဂျာနယ် ဆုချီးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များတင်ပြခြင်း၊ အခြားဒေသ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအတွက် အစီရင်ခံခြင်း၊ Environmental Audit နှင့် စပ်လျဉ်း၍ အစီရင်ခံခြင်းတို့ ဆောင်ရွက်ကြပြီး စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့် Crisis Management Audit တို့အတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ ၂၀၂၄ ခုနှစ်တွင် (၁၆) ကြိမ်မြောက် စုံညီအစည်းအဝေးအား အိမ်ရှင်အဖြစ် ကျင်းပမည့် စာရင်းစစ်ချုပ်ရုံးနှင့် အထွေထွေအတွင်းရေးမှူး အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

(၁၅) ကြိမ်မြောက်စုံညီ ညီလာခံတွင် မြန်မာနိုင်ငံစာရင်းစစ်ချုပ်ရုံးက ကိုဗစ်–၁၉ ကြောင့် ထိခိုက်မှုများကို ကုစားရန် ASOSAI မှ ပေးအပ်ခဲ့သည့် ထောက်ပံ့ငွေများကို ရရှိခဲ့ခြင်း၊ ASOSAI မှ ဆောင်ရွက်လျက်ရှိသည့် မဲခေါင်မြစ်ဝှမ်းရှိ ရေအရင်းအမြစ်များအား စီမံခန့်ခွဲခြင်း၊ နိုင်ငံတော်၏ ပြည်သူ့ကျန်းမာရေးစနစ်ခိုင်မာမှု၊ ကြံ့ခိုင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော မြို့ပြ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့အား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော်မှု အခြေအနေအား စစ်ဆေးခြင်းစသည့် စီမံချက်များတွင် မြန်မာနိုင်ငံစာရင်းစစ်ချုပ်ရုံးအနေဖြင့် ပါဝင် ဆောင်ရွက်ခဲ့ခြင်းများအတွက် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရှိရသည်။

**ရွေးချယ်**

ဆက်လက်၍ ၂၀၂၁–၂၀၂၄ ခုနှစ် ကာလအတွက် အုပ်ချုပ်မှုဘုတ်အဖွဲ့ဝင်နိုင်ငံများနှင့် စာရင်းစစ်ကော်မတီအဖွဲ့ဝင်နိုင်ငံများအား Online Voting စနစ်ဖြင့် ရွေးချယ်ခဲ့ကြသည်။ အစည်းအဝေး ဒုတိယပိုင်းတွင် ၂၀၂၁–၂၀၂၄ ASOSAI ဥက္ကဋ္ဌသစ် ထိုင်းနိုင်ငံစာရင်းစစ်ချုပ် Gen. Chanathap Indamra(RTD) ထံသို့ ဗီယက်နမ်နိုင်ငံ စာရင်းစစ်ချုပ်က ASOSAI အလံနှင့် ဥက္ကဋ္ဌ တာဝန်လွှဲပြောင်းခြင်း အခမ်းအနားကို ကျင်းပပြီး ASOSAI ဥက္ကဋ္ဌ ထိုင်းနိုင်ငံစာရင်းစစ်ချုပ်က (၈) ကြိမ်မြောက် စာတမ်းဖတ်ပွဲဆိုင်ရာ အစီရင်ခံတင်ပြ၍ နှုတ်ခွန်းဆက် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပသည့် International Army Games-2021 ပြိုင်ပွဲဝင် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၇**
ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ မျိုးချစ်ပန်းခြံရှိ Congress စင်တာ၌ ကျင်းပသည့် International Army Games–2021 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ကိုလေး၊ ဗိုလ်ချုပ်ဇော်လွင်ဦးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ဝင်ရောက်ယှဉ်ပြိုင်ခဲ့**

အဆိုပါ International Army Games–2021 ကို နိုင်ငံပေါင်း ၄၃ နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး စစ်မြေပြင်စွမ်းရည်ပြိုင်ပွဲ ၃၄ မျိုးပါဝင်ကာ ရုရှားနိုင်ငံအပါအဝင် ၁၂ နိုင်ငံ၌ ပြိုင်ပွဲများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့တပ်မတော်အနေဖြင့် စတုတ္ထအကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကာ တင့်ကားစွမ်းရည်ပြိုင်ပွဲ၊ စစ်မြေပြင်ဆေးတပ်ဖွဲ့ စွမ်းရည်ပြိုင်ပွဲ၊ လေကြောင်းချီတပ်စုများ စွမ်းရည်ပြိုင်ပွဲများအပြင် ဆက်စပ်ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲ Creative Competition တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ယှဉ်ပြိုင်ခဲ့ရာတွင် မြန်မာ့တပ်မတော်မှ တင့်တပ်ဖွဲ့ဝင်များသည် တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division–2)၌ စံချိန် ၂ နာရီ ၂၈ မိနစ် ၀၅ စက္ကန့်ဖြင့် တတိယနေရာ၌လည်းကောင်း၊ မြန်မာ့တပ်မတော်မှ ယဉ်ကျေးမှုတပ်ဖွဲ့ဝင်များသည် ရိုးရာဝတ်စုံဖြင့် ဖျော်ဖြေတင်ဆက်ပြသမှုတွင် ပထမဆု၊ ရုရှားသီချင်းဖြင့် တစ်ဦးချင်းသီဆိုဖျော်ဖြေတင်ဆက်မှုတွင် ဒုတိယဆု၊ နိုင်ငံ့ရိုးရာယဉ်ကျေးမှုကို ပေါ်လွင်ထင်ဟပ်အောင် ဖျော်ဖြေတင်ဆက်ပြသမှုတွင် ဒုတိယဆုတို့ကို ဆွတ်ခူးရရှိခဲ့သည့်အပြင် အွန်လိုင်းမှတစ်ဆင့် ပရိသတ်များ၏ မဲပေးရွေးချယ်မှုတွင်လည်း တတိယဆုကို ရရှိအောင် အသီးသီးစွမ်းဆောင်နိုင်ခဲ့သည်။ ထို့ပြင် ဆေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြိုင်ပွဲဝင်အသင်း ၉ သင်းအနက် အဆင့် (၆) နေရာတွင်လည်းကောင်း၊ လေကြောင်းချီတပ်ဖွဲ့အနေဖြင့် ပြိုင်ပွဲဝင်အသင်း ၁၈ သင်းအနက် အဆင့် (၇) နေရာတွင်လည်းကောင်း အသီးသီးရပ်တည်နိုင်ခဲ့အောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။

မြန်မာတပ်မတော် တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ International Army Games ပြိုင်ပွဲများတွင် နိုင်ငံတကာစစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှု အတွေ့အကြုံများ၊ နည်းပညာပိုင်းဆိုင်ရာ အတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်းနှင့် လာမည့်နှစ်များတွင်လည်း ဆက်လက်ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၇**
မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၂၂၈ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း ပထမထပ်စုဝေးခန်းမတွင် ကျင်းပသည်။

ယနေ့တွင် တက်ရောက်လာသူ ၂၉ ဦးက သတင်းမီဒီယာကောင်စီဝင် ကိုယ်စားပြုကိုယ်စားလှယ်အတွက် ဆန္ဒမဲပေးကြရာ ၁၁ ဦး ရွေးချယ်ခံရပြီး အဆိုပါ ၁၁ ဦးမှ လေးဦးကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

**အတည်ပြုပေးမည်**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ၂၃ ဦးရှိပြီး ယနေ့ရွေးချယ်တင်မြှောက်သော လေးဦးကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ထံ စက်တင်ဘာ ၁၃ ရက်အထိ ကန့်ကွက်စာပို့နိုင်ပြီး လက်ခံရရှိပြီး ၁၅ ရက်အတွင်း ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ကာ အတည်ပြုပေးမည်ဖြစ်သည်။

စက်တင်ဘာလကုန်ပိုင်းတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအသစ် ရွေးချယ်တင်မြှောက်ပွဲကို ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ(၁)၊ ဒုတိယဥက္ကဋ္ဌ(၂)၊ အတွင်းရေးမှူး(၁)၊ အတွင်းရေးမှူး(၂)အပါအဝင် နေရာရှစ်နေရာအတွက် ယနေ့ ကျင်းပသောနေရာ၌ ထပ်မံကျင်းပသွားမည်ဖြစ်ပြီး ယနေ့တွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲ၌ ဦးနေထွန်းဝင်း (နောင်ရဲဦး)၊ ဦးစိုးမင်း(ရန်ကင်းစိုးမင်း)၊ ဦးရဲရင့်စိုးညွှန့်နှင့် ဒေါ်ချိုဇင်(နွေဦးလင်း)တို့ ရွေးချယ်ခံရကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ– ဇော်မင်းလတ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၇**
နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။ **မိုး/ဇလ**

## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၇-၉-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 2 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 3 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 4 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 5 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 6 | P.O – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 7 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 8 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 9 | P.O – Cefixime | Box of 3x10's | 3600 | Aorta |
| 10 | P.O – Amoxicillin+Clavulanic Acid | Box of 1x6's | 1800 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်အား အမြဲတမ်းအတွင်းဝန်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော်    စက်တင်ဘာ    ၇**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်    စက်တင်ဘာ    ၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ထို့နောက် အစည်းအဝေးတွင် တက်ရောက်လာကြသူများက ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင်အလှူရှင်များက ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော်    စက်တင်ဘာ    ၇**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တပ်မတော်သားများနှင့် စေတနာရှင်အလှူရှင်များက ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အထောက်အကူပြုစေရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြို့နယ်ပြည်သူ့ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများအတွက် Oxygen Concentrators ၇၆ လုံး၊ စေတနာရှင် အလှူရှင်များဖြစ်သည့် Global technology Co.Ltd က ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ Fully Internet Provided Emetgency Respond Network တပ်ဆင်လှူဒါန်းခြင်း၊ Sichuan Province Foundation For Poverty Alleviation က ငွေကျပ်သိန်း ၂၆၉ သိန်းကျော်တန်ဖိုးရှိ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း အခု ၁၀၀၀၀၀ နှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၀၀၊ HIGHLAND Road Construction Co.Ltd က ငွေကျပ်သိန်း ၁၀၀၊ Great Caiso Co.Ltd က မန်နေဂျင်း ဒါရိုက်တာက ငွေကျပ်သိန်း ၁၀၀၊ ဦးစိုးတင့် Chairman Ways Automotive Co.Ltd က ငွေကျပ် ၈၅ သိန်း တန်ဖိုးရှိ $O_2$ Cylinder ငါးလုံး၊ ဗိုလ်မှူးချုပ်ထွန်းသန်း (အငြိမ်းစား)နှင့် ဇနီးဒေါ်ခင်ဆွေသန်း မိသားစုက ငွေကျပ်သိန်း ၃၀၊ ဦးအောင်ဇော်မြတ် Director Shwe Hinthar Co. Ltd က ငွေကျပ် ၁၁၁၁၁၀၀ ကျပ်၊ ဦးတင်ဝင်း Chairman Asia Myanmar Auto Mobile Group Services Co.,Ltd က ငွေကျပ် ၁၀ သိန်း၊ ဒေါ်ခင်မြင့်ကြည်၊ ဒေါ်ခင်ဆန်းမြင့်၊ ဒေါ်ခင်အေးအေးတို့က ငွေကျပ် ၁၀ သိန်းနှင့် သုဓမ္မမဏ္ဍိဇောတဓရ ဦးစိုးမိုးအောင် Myanmar Food Pak Co., Ltd၊ ရွှေပိတောက်ငါးဈေး- Jetty က ငွေကျပ် ၄၈၀၀၀၀ တန်ဖိုးရှိ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း အခု ၂၀၀၀၀ တို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ လာရောက်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေ့လျားဈေးကားရောင်းချမှုနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန်    စက်တင်ဘာ    ၇**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ငွေးသည် ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ် (၈)ရပ်ကွက် နှင်းဆီလမ်းရှိ ကံဘဲ့စည်ပင်ဝန်ထမ်းအိမ်ရာဝင်း၌ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ပုဇွန် အမျိုးမျိုးတို့ကို ရွှေ့လျားဈေးကားစနစ်ဖြင့် ရောင်းချနေမှုကိုလည်းကောင်း။

သံသုမာလမ်းတစ်လျှောက်မှ ကျိုက္ကဆံချောင်းအထိ ရေမြောင်းများအတွင်း အမှိုက်များနှင့် မြောင်းချေးများအား ဆယ်ယူရှင်းလင်းနေမှုနှင့် သံသုမာလမ်းမကြီးပေါ် အုပ်မိုးကိုင်းများ၊ ဓာတ်အားလိုင်း မလွတ်သော ကိုင်းများကို ခုတ်ထွင်ရှင်းလင်း ပုံသွင်းနေမှုတို့ကိုလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက် သခင်ဖိုးလှကြီးလမ်း ကျိုက္ကဆံချောင်း စီမံကိန်း(၇)ရေတံခါးတွင် ရေစီးရေလာ စီမံခန့်ခွဲမှုဌာနမှ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်များ ဆယ်ယူနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ရတနာ သားကောင်းသမီးမွန်များ

## သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ဖြည့်ဆည်းမှုဖြင့် ဝန်ထမ်းဘဝလမ်း အဆင့်ဆင့်တက်လှမ်းခဲ့သူ သရေစည်သူဦးဘခင်

လင်းအောင်

**စစ်မီးလျှံကြားမှ မြန်မာဝန်ထမ်းတစ်ဦး**

အချိန်ကာလမှာ ၁၉၄၂ ခုနှစ်။ ဒုတိယကမ္ဘာစစ်ကာလ။

မြန်မာနိုင်ငံအတွင်းသို့ ချီတက်ဝင်ရောက်လာပြီဖြစ်သော ဂျပန်တပ်များသည် အဆင့်ဆင့်ဆုတ်ခွာလျက်ရှိသည့် ဗြိတိသျှတပ်များနောက်သို့ မြေပြင်တွင် လိုက်လံတိုက်ခိုက်လျက်ရှိသကဲ့သို့ ကောင်းကင်ယံမှလည်း ဗုံးကြဲတိုက်ခိုက်နေချိန်ဖြစ်သည်။

ဗြိတိသျှစစ်ပြေးအစိုးရသည် ရန်ကုန်မြို့မှ အထက်မြန်မာနိုင်ငံအစိုးရရုံးစိုက်ရာ မေမြို့ (ယခုပြင်ဦးလွင်မြို့) သို့ ရွှေ့ပြောင်းလာခဲ့ပြီးနောက်ပိုင်း နိုင်ငံတစ်ဝန်းရှိ ရုံးဌာနဆိုင်ရာအသီးသီးသို့ အထက်ကွပ်ကဲမှုအဆင့်ဆင့်မှာလည်း တစ်စတစ်စအားနည်းပြတ်တောက်လျက်ရှိသည်။ ဂျပန်တပ်မတော်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) တို့က အောက်မြန်မာနိုင်ငံရှိ မြို့ကြီးများအား တစ်မြို့ပြီးတစ်မြို့ တိုက်ခိုက်သိမ်းပိုက်လျက်ရှိသည့် အခြေအနေတွင် ဌာနအလိုက် ရုံးဝန်ထမ်းအများစုသည် မိမိတို့မိသားစုများ စစ်ဘေးအန္တရာယ်ကင်းလွတ်ရေးအတွက်သာ ထွက်ပြေးတိမ်းရှောင်နေကြသည့် အခြေအနေသို့ ရောက်ရှိလာခဲ့သည်။

ရန်ကုန်မြို့ရှိ ငွေစာရင်းမင်းကြီးရုံးမှ မြန်မာလူမျိုးဝန်ထမ်း ဦးဘခင်သည် စစ်အတွင်း ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့၌ မြစ်ငယ်တွင် အသစ်ဖွင့်လှစ်သည့် Traffic Account Branch ဌာနတွင် ငွေစာရင်းအရာရှိတာဝန်အပြင် မန္တလေးမြို့ရှိ မီးရထားဌာန ငွေစာရင်းအရာရှိအဖြစ် ပူးတွဲခန့်အပ်ခြင်းခံရသည့်အတွက် မန္တလေးမြို့သို့ မိသားစုနှင့်အတူ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ စစ်အတွင်းကာလဖြစ်သဖြင့် မိသားစုနေထိုင်ရေးအတွက် မန္တလေးမြို့ တောင်ပြင်ထီးလင်းတိုက်တွင် မကွေးကျောင်းဆရာတော် ဦးသာသန၏ စောင့်ရှောက်မှုဖြင့် ခိုလှုံနေထိုင်ခဲ့ရသည်။ စစ်အတွင်း အစစအရာရာအခက်အခဲများ ကြုံတွေ့နေချိန်တွင် နာမကျန်းဖြစ်လျက်ရှိသော သမီးငယ်တစ်ဦးအပါအဝင် သားငယ်သမီးငယ်များနှင့် မိသားစုကိုစောင့်ရှောက်နေရသော ဦးဘခင်သည် တစ်ဖက်တွင်လည်း မိမိ၏ဌာနဆိုင်ရာတာဝန်ကို မလစ်ဟင်းစေဘဲ ရုံးတက်မပျက် တာဝန်ထမ်းဆောင်နေခဲ့သည်။

**၁၈-၂-၁၉၄၂ (မန္တလေးမြို့)**

ဤကဲ့သို့ တာဝန်ထမ်းဆောင်နေစဉ် ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ဂျပန်စစ်လေယာဉ်များက အထက်မြန်မာနိုင်ငံမြို့တော် မန္တလေးမြို့အား လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ဦးဘခင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မန္တလေးဘူတာကြီးအပါအဝင် မန္တလေးမြို့ရှိ အထင်ကရအဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးသွားခဲ့သည်။ မန္တလေးမြို့၏ ပျက်စီးဆုံးရှုံးမှုများနှင့်အတူ ကိုလိုနီခေတ်အုပ်ချုပ်ရေးတာဝန်ခံ ဗြိတိသျှအရာရှိကြီးများအပါအဝင် ဝန်ထမ်းများ၊ မြို့နယ်လူထုများသည် တိမ်းရှောင်သွားကြပြီဖြစ်ရာ မန္တလေးမြို့၏ နယ်ဘက်အုပ်ချုပ်ရေးမှာလည်း ပျက်ယွင်းသွားခဲ့ပြီဖြစ်သည်။

ထိုနေ့မွန်းလွဲပိုင်း လေကြောင်းရန်များကင်းရှင်းသွားချိန်၌ မန္တလေးမြို့၏ အပျက်အစီးများအကြားမှ မည်သည့်အရာကိုမျှ ဂရုမစိုက်အားဘဲ မိမိတာဝန်ကျရာ ဘူတာရုံသို့ အသော့နှင်၍ သွားနေသူမှာ မီးရထားဌာန၏ ငွေကိုင်/ သော့ကိုင်ဖြစ်သူ ငွေစာရင်းအရာရှိ ဦးဘခင်ဖြစ်သည်။ ဗုံးဒဏ်ကြောင့် ရစရာမရှိအောင် ပျက်စီးနေသည့် မန္တလေးဘူတာ၏ အပြိုအပျက်များကြားမှ သူ၏ရုံးခန်းနေရာသို့ ရောက်ရှိလာခဲ့သော ဦးဘခင်သည် ဌာနပိုင်ငွေများ သိမ်းဆည်းထားသည့် မီးခံသေတ္တာကြီးကို မပျက်မစီးဘဲ ပကတိအခြေအနေအတိုင်း တွေ့လိုက်ရသည်။ ပတ်ဝန်းကျင်အခြေအနေကို လေ့လာလိုက်ပြီး လူသူကင်းဝေး တိတ်ဆိတ်နေသဖြင့် အသင့်ပါလာသော သော့ဖြင့် မီးခံသေတ္တာကို ဖွင့်လိုက်ရာ သူ့တစ်ဘဝတစ်သက်တာတွင် ပိုင်ဆိုင်ရန် အိပ်မက်ပင် မမက်ဖူးခဲ့သည့်ငွေပုံကြီးက ဖွေးဖွေးလှုပ်နေသည်။ သူဘာလုပ်ရမည်နည်း။

**ကျင့်ဝတ်ဆိုင်ရာအကျပ်အတည်း**

**(Ethical Dilemma)**

ဗြိတိသျှအာဏာပိုင်များအနေဖြင့် ဂျပန်တို့စစ်ဦးကာလကတည်းက တိမ်းရှောင်သွားကြပြီ

**လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံ၏ ပထမဆုံး ငွေစာရင်းမင်းကြီး (နိုင်ငံတော်စာရင်းစစ်ချုပ်) အဖြစ် လည်းကောင်း၊ အစိုးရအဆက်ဆက် ဌာနဆိုင်ရာ အဆင့်မြင့် ရာထူးကြီးများကိုလည်းကောင်း ထမ်းဆောင်ခဲ့ရုံသာမက ရန်ကုန်မြို့ အင်းယားမြိုင်လမ်းရှိ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန (International Meditation Center) ကို တည်ထောင်၍ ကမ္မဋ္ဌာသာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံကို ဓမ္မတရားဖြင့် ကမ္ဘာကသိစေခဲ့သည့် ဆရာကြီး သရေစည်သူ ဦးဘခင်ပင်ဖြစ်**



သရေစည်သူ ဆရာကြီးဦးဘခင် (၁၈၉၉-၁၉၇၁)

ဖြစ်သလို စစ်ပြေးအစိုးရသို့ ဆက်သွယ်ရန် ဖုန်း/ ကြေးနန်းအဆက်အသွယ်များလည်း ပြတ်တောက်လျက်ရှိလေပြီ။ လူသူမရှိ မြို့ပျက်ကြီးဖြစ်နေသော မန္တလေးမြို့တွင် အင်္ဂလိပ်တပ်များလည်း မရှိတော့သလို ဂျပန်တပ်များလည်း ရောက်ရှိမလာသေးသည့် အခြေအနေတွင် ယခုငွေများသည် အစိုးရငွေဟု ဆိုနိုင်ပါမည်လား။ ဆိုနိုင်ပါစေဦး။ တိမ်းရှောင်ထွက်ပြေးသွားသောစစ်ပြေးအစိုးရသည် တစ်ဖက်ရန်သူတိုက်ခိုက်မှုကြောင့် စွန့်လွှတ်ခဲ့ရသော မြို့အတွင်းကျန်ရှိခဲ့သည့်ငွေများကို ပိုင်ဆိုင်ခွင့်ရော ရှိပါဦးမည်လား။ ဂျပန်တပ်များ၏တိုက်ခိုက်မှုကြောင့် ဆုတ်ခွာနေရသော ဗြိတိသျှတပ်မတော်၏ မြန်မာပြည်တပ်ပေါင်းစုမှူးအဖြစ် တာဝန်ယူခဲ့သည့် ဆာဝီလျံစလင်း Field Marshal Slim ရေးသားခဲ့သော Defeat Into Victory စာအုပ်တွင် ထိုစဉ်က မြန်မာနိုင်ငံ၏ အခြေအနေကို သိမြင်နိုင်သည့် မြင်ကွင်းတစ်ရပ်အဖြစ် စစ်ပြေးမြန်မာအရာရှိကြီးများက စစ်ကိုင်းမြို့၌ သူ့အားလာရောက်တွေ့ဆုံ၍ စာလွှာတစ်ရပ်ပေးအပ်ပုံကို အောက်ပါအတိုင်း ရေးသားမှတ်တမ်းတင်ခဲ့ပါသည်-

**"ကိုယ်စားလှယ်အဖွဲ့သည် မီးခိုးရောင်တိုပီဦးထုပ်ဆောင်းကာ အခမ်းအနားသွား ဥရောပဝတ်စုံကို ဝတ်ဆင်ထားကြသည်။ စာလွှာကို လက်နှိပ်စက်နှင့် သပ်ရပ်စွာ ရိုက်နှိပ်ထားသည်။ စည်းဝေးပွဲတွင် ထုံးတမ်းနှင့်အညီ အဆိုပြုသူကပြု၊ ထောက်ခံသူက ထောက်ခံ၊ အတည်ပြုပြီးသော တောင်းဆိုချက်များဖြစ်ကြသည်ဟု ဆိုကြ၏။ စစ်ကိုင်းတောင်ရိုး ဘုရားကျောင်းကန်များကို ထိန်းသိမ်းစောင့်ရှောက်သည့်သဘောဖြင့် တောင်ရိုးပေါ်တွင် တိုက်ခိုက်ခြင်း မပြုရန် တောင်းဆိုကြခြင်းဖြစ်လေသည်။**

**သူတို့အတွက် ကျွန်ုပ်ဝမ်းနည်းမိပါသည်။ သူတို့သည် အစိုးရအရာရှိကြီး၊ တရားသူကြီး၊ အတွင်းဝန်စသည်တို့ဖြစ်ကြသည်။ သူတို့ပတ်ဝန်းကျင်မှာ ကမ္ဘာပျက်နေပါချေပြီ။ သို့ရာတွင် သူတို့သည် ကျွန်ုပ်တို့က သူတို့ကို သင်ကြားပြသပေးခဲ့သော စည်းဝေး၊ အဆိုပြု၊ ထောက်ခံ၊ အတည်ပြုခြင်းများ ပါဝင်သော ဒီမိုကရေစီထုံးတမ်းများကိုသာ စွဲစွဲမှတ်မှတ်သုံးစွဲနေကြသေးသည်။ သူတို့၏သနားစရာစာလွှာကို တရိုတသေ တယုတယ ယူလာကြကာ ကျွန်ုပ်ထံ တင်ပြကြလေသည်။ "စစ်ကိုင်းတောင်ရိုးတွင် စစ်ပြုရန် ကျွန်ုပ်တွင် ဆန္ဒမရှိပါ။ သို့ရာတွင် တစ်ဖက်က ဂျပန်ဗိုလ်ချုပ်က သဘောတူပါမည်လား" ဟုမေးလိုက်သည်။**

**မြန်မာကိုယ်စားလှယ်အဖွဲ့က ဇဝေဇဝါဖြစ်သွားသော်လည်း ယဉ်ကျေးသိမ်မွေ့စွာ နှုတ်ဆက်ပြီး ပြန်သွားကြပါသည်။ ဤသို့တွေ့ဆုံရခြင်း၏လေးနက်မှုကို ပေါ့ပျက်သွားစေသောအချက်လေးတစ်ချက်ကား ရှိခဲ့ပေသည်။ ကိုယ်စားလှယ်များ ထွက်ခွာသွားပြီးမှ တစ်ဦးက ပြန်လှည့်လာကာ သူ့အား လစာငွေ ခြောက်လအတွက် ကြိုတင်ထုတ်ပေးခဲ့ပါဟု တောင်းဆိုခြင်းဖြစ်၏။"** (စာ-၁၈၇။ မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း- ဒေါက်တာမောင်မောင်။ ပထမအကြိမ် ၁၉၆၉ ခုနှစ်)

ဤကဲ့သို့ အုပ်ချုပ်မှုပျက်ယွင်းနေသော အခြေအနေတွင် ထိုငွေများကို ဦးဘခင်ယူလိုက်မည်ဆိုပါက မည်သူမှ မသိရှိနိုင်သလို မည်သူ့ကိုမှလည်း ဝေစုခွဲပေးရန်မလိုအပ်ပေ။ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မိသားစုပြောင်းရွှေ့လာခဲ့သည်မှာ ရက်သတ္တတစ်ပတ်ကျော်ပင်ရှိသေးပြီး ထိုအချိန်၌ ဦးဘခင်မှာ အကြီးအကျယ် ငွေကြေးခက်ခဲလျက်ရှိသည်။ အသည်းအသန် နာမကျန်းဖြစ်နေသော သမီးငယ်အတွက် ဆေးဖိုးဓာတ်စာ၊ မိသားစုစရိတ်၊ ရှေ့အနာဂတ်တွင်လည်း ဘာဖြစ်လာမည်ကို မည်သူမျှမမျှော်မှန်းနိုင်သော စစ်ဘေးကာလကြီးတွင် သာမန်အချိန်ထက်ပင်ပို၍ သူ့အတွက် ငွေကြေးကျပ်တည်းနေချိန်ဖြစ်သည်။

မရေရာသော ခေတ်ကာလအချိန်အခါတွင် သားသမီးလေးဦးဖခင် အိမ်ထောင်ဦးစီးဖြစ်ပြီး ဝန်ထမ်းလစာမှအပ အခြားဝင်ငွေလည်း မရှိသည့် အသက် ၄၃ နှစ်အရွယ်ရှိ ဝန်ထမ်းအရာရှိတစ်ဦးအတွက် ချက်ချင်းဆုံးဖြတ်ဖြေရှင်းရမည့် ကျင့်ဝတ်ဆိုင်ရာအကျပ်အတည်း (Ethical Dilemma) အခြေအနေတစ်ရပ်ကို ဦးဘခင်ရင်ဆိုင်ခဲ့ရခြင်းပင်ဖြစ်သည်။ ဦးဘခင်သည် ချက်ချင်းပင် မီးခံသေတ္တာအတွင်းမှ ငွေများကို အိတ်တစ်အိတ်အတွင်းသို့ ကောက်ထည့်လျက် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်သည်။

**ခိုင်မာသောဆုံးဖြတ်ချက်**

စစ်ပြေးဗြိတိသျှအစိုးရသည် အထက်မြန်မာပြည်မှ ဆုတ်ခွာစဉ် အရပ်မျက်နှာအသီးသီးသို့ ဖြန့်ခွဲဆုတ်ခွာခဲ့ကြသည်။ မီးရထားဌာန ဗြိတိသျှအရာရှိများသည် မေမြို့ (ပြင်ဦးလွင်)မှတစ်ဆင့် ဆုတ်ခွာပြီး ထိုမှ တရုတ်အမျိုးသားတပ်မတော်နှင့် ဆက်သွယ်၍ လေယာဉ်ဖြင့် အိန္ဒိယသို့ပြန်ရန်စီစဉ်ထားသည်။ ဦးဘခင်သည် ထိုအဖွဲ့နှင့် အချိန်မီဆက်သွယ်မိရန် မသေချာသော်လည်း တာဝန်ရှိသည့်အတိုင်း လိုက်လံ၍ ငွေအပ်နှံရန်အတွက် ဂျစ်ကားတစ်စီးငှားပြီး သုံးနာရီခရီးဖြစ်သော ပြင်ဦးလွင်သို့ ငွေထုပ်နှင့်အတူ အလျင်အမြန်ထွက်ခွာလာခဲ့သည်။

ပြင်ဦးလွင်သို့ ရောက်ရှိသည့်အခါ ထွက်ခွာလုဆဲဆဲ ဗြိတိသျှအရာရှိများအနက် သက်ဆိုင်ရာ မီးရထားဌာနတာဝန်ခံ အထက်အရာရှိကို ရှာဖွေခဲ့ရာ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရှိရသဖြင့် ငွေအားလုံးကို စာရင်းဇယားနှင့်တကွ အတိအကျလွှဲပြောင်းအပ်နှံလိုက်သည်။ စာမျက်နှာ ၉ သို့ ❖

❖ စာမျက်နှာ ၈ မှ

ဤကဲ့သို့ ဝန်ထမ်းတစ်ဦးအနေဖြင့် တာဝန်ကို ကျေပွန်စွာဆောင်ရွက်ခဲ့မှုအတွက် ဦးဘခင်သည် ထိုလအတွက် သူရရှိမည့်လစာနှင့် ပြင်ဦးလွင်သို့ လာရောက်ခဲ့သည့် ဂျစ်ကားငှားခ ခရီးစရိတ်ကိုသာ တောင်းဆိုခဲ့သည်။ ဦးဘခင်၏ လုပ်ဆောင်မှုသည် မြန်မာလူမျိုးတို့ကို အထင်သေးခဲ့သည့် ဗြိတိသျှ အရာရှိများအတွက် အံ့အားသင့်စရာနှင့် အထင်ကြီး လေးစားမှုကို ရရှိစေခဲ့ပါသည်။

ဤသည်မှာ လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံ၏ ပထမဆုံးငွေစာရင်းမင်းကြီး (နိုင်ငံတော်စာရင်းစစ်ချုပ်)အဖြစ်လည်းကောင်း၊ အစိုးရအဆက်ဆက် ဌာနဆိုင်ရာ အဆင့်မြင့်ရာထူးကြီးများကို လည်းကောင်း ထမ်းဆောင်ခဲ့ရုံသာမက ရန်ကုန်မြို့ အင်းယားမြိုင်လမ်းရှိ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိ လုပ်ငန်းဌာန (International Meditation Center) ကိုတည်ထောင်၍ကမ္မဋ္ဌာန်းသာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံကို ဓမ္မတရားဖြင့် ကမ္ဘာကသိစေခဲ့သည့် ဆရာကြီး သရေစည်သူ ဦးဘခင်ပင်ဖြစ်ပါသည်။

**ငယ်စဉ်ကပင် ထူးချွန်သူ မောင်ဘခင်**

ဆရာကြီးဦးဘခင်ကို ၁၂၆၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၁၁ ရက် (၆-၃-၁၈၉၉) နေ့တွင် ရန်ကုန်မြို့ အထက်ပုဇွန်တောင် ပြုံးချိုရပ်ကွက်တွင် ဖခင် ပွဲစားကြီးဦးပေါနှင့် မိခင် ဒေါ်စောမေတို့က ဖွားမြင်ခဲ့သည်။ မွေးချင်းမောင်နှမနှစ်ဦးရှိသည့် အနက် ဆရာကြီးသည် သားဦးဖြစ်သည်။ မိဘဆွေမျိုးများသည် ပဲခူး၊ သနပ်ပင်တွင် လယ်ယာလုပ်ငန်း လုပ်ကိုင်ရာမှ မိဘများသည် ရန်ကုန်မြို့၌ စပါးပွဲစားနှင့် အရောင်းအဝယ်လုပ်ငန်း လာရောက်လုပ်ကိုင်ကြသူများဖြစ်ပြီး အစိုးရအမှုထမ်းမျိုးရိုးမှ ဆင်းသက်လာခြင်း မဟုတ်ပေ။

ငယ်စဉ်ဘဝတွင် မောင်ဘခင်သည် ရပ်ကွက်ဘုန်းတော်ကြီးကျောင်းတွင် သဒ္ဒါသင်္ဂြိုဟ်ဆိုင်ရာ ဗုဒ္ဓဘာသာအခြေခံစာပေများ သင်ကြားခဲ့ပြီးနောက် ၁၉၀၆ ခုနှစ်တွင် ရပ်ကွက်အိမ်နီးချင်း မိတ်ဆွေဖြစ်သူ အောဘီစီကုမ္ပဏီမှ ငွေကိုင်စာရေးကြီး ဦးဘာဘီ၏ လိုက်လံကျောင်းအပ်ပေးမှုအရ ရေကျော်မက်သဒစ်ကျောင်းတွင် စတင်တက်ရောက်ခဲ့သည်။ ရေကျော်မက်သဒစ်ကျောင်း၌ တက်ရောက်စဉ် အတန်းတိုင်းတွင် ပထမရရှိခဲ့ပြီး ထိုခေတ်ကာလ ခုနစ်တန်းစာမေးပွဲကို ပညာသင်ဆု (စကောလားရှစ်) ရရှိလျက် ထူးချွန်စွာအောင်မြင်ခဲ့သည်။

၁၉၁၄ ခုနှစ်တွင် မြန်မာကျောင်းဆရာကြီး ဦးလုံးတင်၏ လိုက်လံကူညီဆောင်ရွက်ပေးမှုဖြင့် စိန့်ပေါလ်အထက်တန်းကျောင်းတွင် အထက်တန်းပညာဆက်လက်ဆည်းပူးခွင့်ရရှိခဲ့သည်။ စိန့်ပေါလ်အထက်တန်းကျောင်းတွင်လည်း ယခင်ကတည်းက တက်ရောက်လာခဲ့သည့် ကျောင်းသားဟောင်းများကို ကျော်ဖြတ်လျက် စာမေးပွဲတိုင်း ပထမရရှိခဲ့ပြီး ၁၉၁၇ ခုနှစ်တွင် ထိုစဉ်က ပညာရေးဌာန (Education Department Burma) က ကျင်းပပြုလုပ်သည့် တန်းမြင့်ကျောင်းထွက် (High School Final Examination) စာမေးပွဲကို ပညာသင်ဆု (စကောလားရှစ်) နှင့် ရွှေတံဆိပ်ရရှိလျက် ထိပ်တန်းမှ အောင်မြင်ခဲ့သည်။

ဆက်လက်၍ ယင်းနှစ် ဇူလိုင်လတွင် ကာလကတ္တားတက္ကသိုလ် (University of Calcutta) က ကျင်းပပြုလုပ်သည့် တက္ကသိုလ်ဝင်စာမေးပွဲ (Matriculation Examination) ကို ပထမအဆင့် (First Division) ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည်။ ထိုသို့အောင်မြင်ခဲ့သော်လည်း ဆရာကြီးသည် မိခင်ဖြစ်သူ ကွယ်လွန်ပြီးဖြစ်ခြင်း၊ အသက်အရွယ်ကြီးရင့်လာသည့် ဖခင်ဖြစ်သူ၏ ကျန်းမာရေးသည်လည်း ယိုယွင်းလာခြင်း စသည့်မိသားစု စီးပွားရေးကျပ်တည်းလာမှုအခြေအနေများကြောင့် ပညာဆက်လက်ဆည်းပူးရန် တက္ကသိုလ်ပညာသင်ဆုအခွင့်အရေးကို စွန့်လွှတ်ပြီး ကိုယ့်အားကိုယ်ကိုး အလုပ်လုပ်ကိုင်ရန် ဦးတည်ကြိုးပမ်းခဲ့သည်။

**ဝန်ထမ်းငယ်ဘဝ ကြိုးပမ်းမှုများ**

ထိုခေတ်ကာလ စိန့်ပေါလ်ကျောင်းအုပ်ချုပ်ရေးအဖွဲ့က ကျောင်းသားမောင်ဘခင်သည် ပညာသင်ဆုရရှိအောင်မြင်ရန်ကြိုးစားခဲ့သည့် ထူးချွန်ကျောင်းသားဖြစ်ခြင်း၊ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ခြင်း၊ ဆရာ ဆရာမများ၏ ကျေနပ်မှုကို ရရှိစေသည့် စိတ်ချယုံကြည်ရသော လူငယ်တစ်ဦးဖြစ်ခြင်း စသည့်အချက်များဖြင့် အလေးအနက်ထောက်ခံထားသည့်ထောက်ခံစာကို ထုတ်ပေးခဲ့ပါသည်။ ၁၉၁၇ ခုနှစ်တွင် အသက် ၁၈ နှစ်အရွယ် မောင်ဘခင်သည် သူရိယသတင်းစာတိုက်တွင် ခေတ္တဝင်ရောက်လုပ်ကိုင်ခဲ့ပြီးနောက် ၁၉၁၇ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့၌ ထိုစဉ်က ငွေစာရင်းမင်းကြီးရုံးတွင် လစာနှုန်း ရူပီး ၄၀ ဖြင့် ယာယီစာရေးဝန်ထမ်းအဖြစ် နိုင်ငံ့ဝန်ထမ်းဘဝကို စတင်ခဲ့သည်။

ကိုလိုနီခေတ်ဖြစ်သော ထိုစဉ်ကာလက ငွေစာရင်းမင်းကြီးရုံးတွင် အောက်ခြေရုံးစာရေးမှ အထက်ရာထူးကြီးများအထိ အရာထမ်း၊ အမှုထမ်းနေရာများတွင် အိန္ဒိယလူမျိုးများကသာ ကြီးစိုးနေချိန်ဖြစ်သည့်အလျောက် ဝန်ထမ်းဆိုင်ရာ ရာထူးခန့်အပ်ခြင်း၊ တိုးမြှင့်ခြင်းများတွင် လူနည်းစု မြန်မာလူမျိုးဝန်ထမ်းတစ်ဦးအနေဖြင့် တိုးတက်ရန်အခွင့်အလမ်း အလွန်နည်းပါးလှသည်။ ထူးချွန်ကျောင်းသားတစ်ဦးဖြစ်ခဲ့ရုံသာမက မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာကို မြှင့်တင်လိုသည့် စိတ်ဓာတ်အခြေခံရှိသော ဦးဘခင်သည် လုပ်ငန်းတာဝန်များကို ကြိုးပမ်းထမ်းဆောင်မှု၊ ဌာနတွင်း လူမျိုးခြားဝန်ထမ်းတို့၏ အဆင့်ခွဲခြား နှိမ့်ချဆက်ဆံမှုများကို စိတ်ရှည်သည်းခံမှု၊ ဌာနဆိုင်ရာပညာရပ်စာမေးပွဲများ၊ သင်တန်းများကို အဆင့်ဆင့်ဖြေဆိုအောင်မြင်ခဲ့မှုတို့ကြောင့် အထက်အကြီးအကဲများ၏နှစ်သက်ထောက်ခံမှုကို ရရှိခဲ့သည်။

ဆရာကြီးသည် ၁၉၁၈ ခုနှစ် ဇူလိုင်လအတွင်း ဌာနဆိုင်ရာငွေစာရင်းလုပ်ငန်းစာမေးပွဲကို အောင်မြင်ခဲ့ပြီးနောက် အစမ်းခန့်စာရေးအဖြစ်လည်းကောင်း၊ ၁၂၈၀ ပြည့်နှစ် ဇန်နဝါရီလတွင် အမြဲတမ်းစာရေးရာထူးသို့လည်းကောင်း အဆင့်ဆင့်ရရှိခဲ့သည်။ ၁၂၈၀ ပြည့်နှစ်တွင် ထိုစဉ်က ပညာရေးဌာန (Education Department Burma) က ကျင်းပပြုလုပ်သည့် Book-keeping and Commercial Correspondence သင်တန်းကိုလည်းကောင်း၊ ၁၉၂၆ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်သည့် All India Subordinate Accounts စာမေးပွဲကိုလည်းကောင်း၊ ၁၉၂၇ ခုနှစ်တွင် Public Work Training သင်တန်းကိုလည်းကောင်း တက်ရောက်အောင်မြင်ခဲ့ပြီး ၁၉၂၈ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ငွေစာရင်းဝန်ထောက် (အစမ်းခန့်) အဖြစ် ခန့်ထားခံရသည်။ ထို့နောက် ၁၉၃၁ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ငွေစာရင်းဝန်ထောက်အဖြစ် အတည်ပြုခန့်ထားခြင်း ခံရပါသည်။



ဆရာကြီးဦးဘခင် သရေစည်သူဘွဲ့ရယူစဉ်
(၁၉၅၆)

**မြန်မာလူမျိုး ရုံးဝန်ထောက်/ ငွေစာရင်းအရာရှိ**

ငွေစာရင်းဆိုင်ရာနည်းဥပဒေများကို အလွတ်နီးပါးရအောင် ကျက်မှတ်လေ့လာခဲ့မှု၊ ရုံးလုပ်ငန်းစာမေးပွဲအဆင့်ဆင့်တွင် ထူးချွန်စွာအောင်မြင်ရန် မနေမနားကြိုးစားအားထုတ်မှုတို့ကြောင့် ဦးဘခင်သည် လုပ်ငန်းခွင်သို့ ဝင်ရောက်ပြီး ၁၀ နှစ်အကြာတွင် အိန္ဒိယနိုင်ငံသားဝန်ထမ်းများအကြား ထိုစဉ်က မြန်မာလူမျိုးဝန်ထမ်းတစ်ဦးအတွက် ရှားပါးသည့် ရာထူးဖြစ်သော ရုံးဝန်ထောက်အဆင့်သို့ ရရှိခဲ့ခြင်းဖြစ်ကြောင်း သူ၏အတ္ထုပ္ပတ္တိစာအုပ်များတွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံမှ သီးခြားခွဲထုတ်ခဲ့ပြီးနောက် ငွေစာရင်းမင်းကြီးရုံးကိုလည်း မြန်မာနိုင်ငံတော်စာရင်းစစ်ချုပ်ရုံးအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ရာ ဦးဘခင်သည် အထူးရုံးဝန်ထောက်အဖြစ် ရွေးချယ်ခန့်ထားခံရပြီးနောက် ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် မီးရထားဌာန ငွေစာရင်းအရာရှိအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်စတင်ဖြစ်ပွားခဲ့ပြီးနောက် ဒီဇင်ဘာလ ၂၃ ရက်နေ့၌ ရန်ကုန်မြို့ပေါ်သို့ ဂျပန်တပ်များက ဗုံးကြဲတိုက်ခိုက်ချိန်တွင် ဦးဘခင်သည် မီးရထားဌာန ဘူတာရုံများတွင် ငွေစာရင်းများ စစ်ဆေးလျက် ရှိနေခဲ့သည်။ ဦးဘခင်နေအိမ်ရှိရာ ဗိုလ်တထောင်ဒုတိယသော်မဆင်လမ်း (ယခု ဗိုလ်တထောင်လမ်းသွယ် ၂) ၌ ဗုံးကြဲတိုက်ခိုက်ခံရမှုကြောင့် သဃၤန်းကျွန်းရှိ ကျိုက္ကဆံဘုရားဝင်းတွင် မိသားစုပြောင်းရွှေ့ခိုလှုံခဲ့ရသည်။

ထိုကဲ့သို့ စစ်ဘေးအန္တရာယ်ကြုံတွေ့နေရချိန်၌ပင် ဦးဘခင်သည် သဃၤန်းကျွန်းမှ နေ့စဉ် ကြုံရာကားများဖြင့်ရုံးတက်ခဲ့ရာ ရုံဖန်ရံခါ ကုန်တင်ကားကြီးများဖြင့် လိုက်ပါလျက် မပျက်မကွက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ၌ မြစ်ငယ်တွင် အသစ်ဖွင့်လှစ်သည့် Traffic Account Branch ဌာနတွင် ငွေစာရင်းအရာရှိတာဝန်အပြင် မန္တလေးမြို့ရှိ မီးရထားဌာနငွေစာရင်းအရာရှိအဖြစ် ပူးတွဲခန့်အပ်ခြင်းခံရသည့်အတွက် မန္တလေးမြို့သို့မိသားစုနှင့်အတူ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေစဉ် မန္တလေးမြို့တွင်လည်း ဂျပန်တပ်များ၏ ဗုံးကြဲတိုက်ခိုက်မှုကို ထပ်မံကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

**ဂျပန်ခေတ် ငွေစာရင်းနှင့် စာရင်းစစ်ညွှန်ကြားရေးဝန်**

မိမိထိန်းသိမ်းရသည့် အစိုးရငွေများကို ဆုတ်ခွာနေသည့် စစ်ပြေးဗြိတိသျှအစိုးရရှိရာ ပြင်ဦးလွင်မြို့သို့ လိုက်လံအပ်နှံခဲ့ပြီးနောက် ဦးဘခင်သည် ကျောက်ဆည်မြို့နယ်ရှိ ဟန်မြင့်မိုရ်ကျေးရွာအနီး ရွာမုန်းကြီးကျေးရွာတွင် မိသားစုနှင့်အတူ စစ်ပြေးခိုလှုံခဲ့ရသည်။ ဂျပန်ခေတ်အုပ်ချုပ်ရေးစတင်ပြီးနောက် ၁၉၄၂ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပြီး အသစ်ဖွဲ့စည်းသည့် ငွေစာရင်းနှင့် စာရင်းစစ်ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၂ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ငွေစာရင်းနှင့် စာရင်းစစ်ဌာန၏ ဒုတိယညွှန်ကြားရေးဝန်အဖြစ် လည်းကောင်း၊ ထို့နောက် ၁၉၄၅ ခုနှစ်အထိ ညွှန်ကြားရေးဝန်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

ထိုသို့ တာဝန်ထမ်းဆောင်ခဲ့ရာ၌ ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားချိန်တွင် စာရင်းပညာရှင်များအပါအဝင် အိန္ဒိယလူမျိုးပညာတတ်အများအပြားမှာ အိန္ဒိယသို့ပြန်လည်ထွက်ခွာသွားခဲ့သဖြင့် ဦးဘခင်သည် မြန်မာလူငယ်များ၊ မျိုးဆက်သစ်ဝန်ထမ်းများကို ရသမျှစုစည်း၍ အခက်အခဲများစွာကြားမှ ငွေစာရင်းနှင့် စာရင်းစစ်ဌာနကြီးကို အောင်မြင်စွာ ထူထောင်ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည်။

**လွတ်လပ်ရေးအကြိုခေတ်နှင့် လွတ်လပ်ရေးရပြီးခေတ် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့မှုများ**

ဒုတိယကမ္ဘာစစ်အပြီး ဗြိတိသျှတို့ ပြန်လည်ဝင်ရောက်လာချိန် ၁၉၄၅ ခုနှစ် မေလ ၁၆ ရက်နေ့တွင် စာရင်းနှင့် စာရင်းဝန်ထမ်း (ပထမတန်း) ရာထူးသို့ တိုးမြှင့်ခြင်းခံရပြီး ငွေစာရင်းမင်းကြီးရုံး၏ လက်ထောက်ငွေစာရင်းမင်းကြီးအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် ဒုတိယငွေစာရင်းမင်းကြီးအဖြစ် ခန့်အပ်ခြင်းခံရပြီး ယင်းနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ပြည်သူ့ထောက်ပံ့ရေးအဖွဲ့ စာရင်းကိုင်ချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံ့လွတ်လပ်ရေးရရှိခဲ့ပြီးနောက် လွတ်လပ်ပြီး မြန်မာနိုင်ငံ၏ပထမဆုံးနိုင်ငံတော်စာရင်းစစ်ချုပ် (ငွေစာရင်းမင်းကြီး) အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၃ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ငွေစာရင်းမင်းကြီးတာဝန်မှ အငြိမ်းစားယူခဲ့သော်လည်း နိုင်ငံတော်စာရင်းစစ်ချုပ်ရုံးတွင် ၁၉၅၆ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ အထူးအရာရှိအဖြစ် လည်းကောင်း၊ ၁၉၅၆ ခုနှစ် မတ်လ ၁ ရက်နေ့မှ ၁၉၅၉ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့အထိ ကုန်သွယ်မှုတိုးတက်ရေး ဝန်ကြီးဌာနတွင် အထူးအရာရှိအဖြစ် လည်းကောင်း ဆောင်ရွက်ပေးခဲ့သည်။

ထိုတာဝန်များ ထမ်းဆောင်နေစဉ် ၁၉၅၆ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် ဌာနသစ်အဖြစ် ဖွင့်လှစ်သော ကူးသန်းရောင်းဝယ်ရေးညွှန်ကြားရေးဝန်ရုံးတွင် ညွှန်ကြားရေးဝန်အဖြစ်လည်းကောင်း၊ ၁၉၅၆ ခုနှစ် ဇွန်လ ၂၁ ရက်နေ့မှ ၁၉၅၉ ခုနှစ် မတ်လအထိ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သင်တန်းကျောင်းသစ်အဖြစ် စတင်ဖွင့်လှစ်သည့် အစိုးရစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၌ ၁၉၅၈ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၁၉၆၄ ခုနှစ်အထိ ကျောင်းအုပ်ကြီးအဖြစ် လည်းကောင်း ပူးတွဲတာဝန်များ ထမ်းဆောင်ခဲ့သည်။ (ဆက်လက်ဖော်ပြပါမည်)

**ငွေစာရင်းဆိုင်ရာနည်းဥပဒေများကို အလွတ်နီးပါးရအောင် ကျက်မှတ်လေ့လာခဲ့မှု၊ ရုံးလုပ်ငန်းစာမေးပွဲအဆင့်ဆင့်တွင် ထူးချွန်စွာအောင်မြင်ရန် မနေမနားကြိုးစားအားထုတ်မှုတို့ကြောင့် ဦးဘခင်သည် လုပ်ငန်းခွင်သို့ ဝင်ရောက်ပြီး ၁၀ နှစ်အကြာတွင် အိန္ဒိယနိုင်ငံသားဝန်ထမ်းများအကြား ထိုစဉ်က မြန်မာလူမျိုးဝန်ထမ်းတစ်ဦးအတွက် ရှားပါးသည့်ရာထူးဖြစ်သော ရုံးဝန်ထောက်အဆင့်သို့ ရရှိခဲ့ခြင်းဖြစ်**

# ထိန်ချုံးပြည်နယ်ခွဲမှ အဖွဲ့အစည်းများနှင့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတို့မှ Oxygen Concentrator များနှင့် ကာကွယ်ရေးသုံးပစ္စည်းများလှူဒါန်း

**မြစ်ကြီးနား စက်တင်ဘာ ၇**

ကချင်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်ချုံးပြည်နယ်ခွဲမှ အဖွဲ့အစည်းများနှင့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတို့က Oxygen Concentrator များနှင့် ကာကွယ်ရေးသုံးပစ္စည်းများ လှူဒါန်းမှုကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ Tengchong(ထိန်ချုံး) Federation of Returned Overseas Chinese နှင့် Red Cross Society of Tengchong City အဖွဲ့များက လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးသုံး ပစ္စည်းများ လက်ခံရယူရာတွင် ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် က တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မိမိတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် ယူနန်ပြည်နယ်



အတွင်းရှိ ထိန်ချုံး၊ ပေါင်စန်းပြည်နယ်ခွဲများသည် စီးပွားရေး၊ ယဉ်ကျေးမှုများ ထိစပ်ဖလှယ်နေသကဲ့သို့ ယခုလို ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်းမှာ လည်း အိမ်နီးချင်းကောင်းပီသစွာ အတူတကွလက်တွဲ ပြီး ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးကို စဉ်ဆက်မပြတ် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးနေသည့်အတွက် ပြည်နယ်သူ ပြည်နယ်သားများကိုယ်စား ကျေးဇူး အထူးတင်ရှိကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် Tengchong Federation of Returned Overseas Chinese နှင့် Red Cross Society of Tengchong City အဖွဲ့များက လှူဒါန်းသည့် နှစ်ယောက်သုံး Oxygen Concentrator ၁၀ လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ နှာခေါင်းစည်းများနှင့် ကာကွယ်ရေးသုံးပစ္စည်းများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးက လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀၀ တန်ဖိုးရှိ Oxygen Concentrator အလုံး ၁၅၀၊ နှာခေါင်းစည်း အခု လေးသိန်းအပါအဝင် ကာကွယ်ရေးသုံးအထောက် အကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ပြည်နယ် ဝန်ကြီးချုပ်က လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ယူနန်ပြည်နယ် ပြည်သူ့အစိုးရ နိုင်ငံခြားရေးရုံးမှ ယွမ် ၁ ဒသမ ၅၅ သန်း တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေး အထောက်အကူပြုပစ္စည်းများနှင့် ယွမ် ၁ ဒသမ ၅ သန်းတန်ဖိုးရှိ Oxygen Concentrator အလုံး ၆၀၀ လှူဒါန်း

**ကူမင်း စက်တင်ဘာ ၇**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ် တိုက်ဖျက်ရာ၌ အထောက်အကူဖြစ်စေရန် တရုတ် ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ နိုင်ငံခြားရေးရုံးက မြန်မာနိုင်ငံ ကချင်ပြည်နယ်အစိုးရ သို့ လှူဒါန်းသည့် တရုတ်ယွမ်ငွေ ၁ ဒသမ ၅၅ သန်း တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေး အထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၇ ရက်တွင် ယူနန်ပြည်နယ် ပေါင်စန်းပြည်နယ်ခွဲ ထိန်ချုံးမြို့၌ ကျင်းပခဲ့ရာ ယူနန် ပြည်နယ် ပြည်သူ့အစိုးရ နိုင်ငံခြားရေးရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Wang Wei က လှူဒါန်း သည့် ပစ္စည်းများကို လွှဲပြောင်းပေးအပ်ခဲ့ပြီး မြန်မာ နိုင်ငံကိုယ်စား ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးသော်တာအောင်က လက်ခံရယူ ခဲ့သည်။ ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန် ပြည်နယ် ပြည်သူ့အစိုးရ နိုင်ငံခြားရေးရုံးက မြန်မာ နိုင်ငံ၊ ရှမ်းပြည်နယ်အစိုးရနှင့် ကချင်ပြည်နယ်အစိုးရ တို့သို့ လှူဒါန်းသည့် တရုတ်ယွမ်ငွေ ၁ ဒသမ ၅ သန်း တန်ဖိုးရှိ Oxygen Concentrator အလုံး ၆၀၀ အား လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက်တွင် ယူနန်ပြည်နယ် ယွီရှီးမြို့ရှိ CMC စက်ရုံတွင် ကျင်းပခဲ့ရာ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ နိုင်ငံခြား ရေးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Hao Kun က လှူဒါန်းသည့် ပစ္စည်းများကို လွှဲပြောင်းပေးအပ်ခဲ့ ပြီး မြန်မာနိုင်ငံကိုယ်စား ကူမင်းမြို့ မြန်မာကောင်စစ် ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးသော်တာအောင်က လက်ခံရယူခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေး အထောက်အကူပြုပစ္စည်းများနှင့် Oxygen Concentrator အလုံး ၆၀၀ တို့ကို တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ မြန်မာနိုင်ငံ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့သို့ နယ်စပ်ဂိတ်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးသွားမည်ဟု သိရသည်။

သတင်းစဉ်



# ဖျာပုံမြို့၌ စပါးခင်းဧက ၂၀၀ အတွင်း ငါးမျိုးတစ်သိန်း စိုက်ထည့်

**ဖျာပုံ စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ဖျာပုံမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတများ တိုးပွားရေး၊ ငါးစားသုံး မှုဖူလုံစေရေးနှင့် ကျေးလက်ဒေသပြည်သူ များ လူမှုစီးပွားဘဝ အထောက်အကူပြုစေ ရန်မျှော်မှန်း၍ ဖျာပုံမြို့ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းနည်းပညာ ပြန့်ပွားရေးစင်တာ ကျုံတာကျေးရွာ စံပြလယ်ယာစိုက်ပျိုး



ကွင်းအတွင်း ယနေ့ နံနက် ၉ နာရီက ငါးမျိုး စိုက်ထည့်ခြင်း အခမ်းအနား ပြုလုပ်ကြ သည်။

**ငါးမျိုးစိုက်ထည့်**

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်း အခမ်း အနားတွင် ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကိုကိုလွင်နှင့် ဝန်ထမ်း များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အနီးဝန်းကျင်မှ တောင်သူ ၇၀ တို့သည် ကျုံတာရှမ်းကွင်း ကျေးရွာအုပ်စုအတွင်းရှိ လယ်ယာစိုက်ပျိုး မြေဧက ၂၀၀ အတွင်းသို့ ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၃၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၇၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ တစ်သိန်းကို ငါးမျိုးစိုက်ထည့်ခဲ့ကြ ကြောင်း သိရသည်။

အောင်ဝင်းနိုင်
(ပြန်/ဆက်)

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**


ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီး တွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၆ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ် နန်းတော်စစ်ဆေးရေးဂိတ်မှ အမျိုးသား ၄၈ ဦးနှင့် အမျိုးသမီး ၃၆ ဦး စုစုပေါင်း ၈၄ ဦး၊ နမ့်ဖာဟော်တံတားမှ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၂၄ ဦး စုစုပေါင်း ၃၉ ဦးနှင့် ရန်လုံကျိုင်းတံတားမှ အမျိုးသား ခုနစ်ဦးတို့ကို အသီးသီးလက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေး ခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ် ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားခြင်း တို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည် တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေ ချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ အာရှလေးနိုင်ငံသို့ သွားရောက်မည်



**ပေကျင်း စက်တင်ဘာ ၇**

တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဝမ်ယိသည် စက်တင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ အာရှနိုင်ငံများဖြစ်သည့် ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံ စသည့် အာရှလေးနိုင်ငံသို့ တရားဝင်အလည်အပတ်ခရီး သွားရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ဝမ်ဝင်ဘင်က ယနေ့တွင် ကြေညာသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ဗီယက်နိုင်ငံသို့ သွားရောက်မည့်အချိန်တွင် ၁၃ ကြိမ်မြောက် တရုတ်-ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေး၏ ပူးတွဲဥက္ကဋ္ဌအဖြစ် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဖမ်ဘင်မင်နဲ့အတူ ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ဝမ်ဝင်ဘင်က ပြောကြားသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ဗီယက်နမ်ဒုတိယဝန်ကြီးချုပ် ဖမ်ဘင်မင်၊ ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး ဘူသန်ဆွန်၊ ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ပရက်ဆိုခွန်၊ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဗီဗီယန်ဘာလာခရစ်နမ်နှင့် တောင်ကိုရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ချောင်အူယန်တို့၏ ဖိတ်ကြားချက်အရ အဆိုပါနိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ဝမ်ဝင်ဘင်က ဆက်လက်ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ သီတင်းပတ်အတွင်း ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၀၉၁ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် စက်တင်ဘာ ၇**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သော သီတင်းပတ်အတွင်း ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၀၉၁ ဦး ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၃၃၈၈ ဦးရှိလာကြောင်း ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

ယခု ဗိုင်းရပ်စ်ထပ်မံကူးစက်ခံရသူ ၃၀၉၁ ဦးအနက် ၂၅၃ ဦးမှာ ပြည်ပမှ ပြန်လာသူများဖြစ်ပြီး ၂၈၃၈ ဦးမှာ ပြည်တွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူများဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ရောဂါပိုးမွှားထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ နိုင်ငံအတွင်းရှိ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၃၃၈၈ ဦးအနက် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၉၉၅၁ ဦး၊ အယ်လ်ဖာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၂၆၂ ဦး၊ ဘီတာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅၀ နှင့် ဂန်မာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၅ ဦးရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံအတွင်း လက်ရှိအချိန်၌ ဗီဇပြောင်းဗိုင်းရပ်စ်များ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်းနှင့် ပြီးခဲ့သည့်တစ်ပတ်အတွင်း ဗိုင်းရပ်စ်ထပ်မံကူးစက်ခံရသူ ၃၀၉၁ ဦးအနက် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၀၇၀၊ အယ်လ်ဖာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၈ ဦးနှင့် ဂန်မာ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ သုံးဦးဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း လွန်ခဲ့သော တစ်ရက်တာအတွင်း၌ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၅၉၇ ဦးကို ထပ်မံတွေ့ရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၆၃၂၇၄ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**





# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၄၂၅ ဦးရှိ

**မော်စကို စက်တင်ဘာ ၇**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၄၂၅ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၇၀၄၇၈၈၀ ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၉၅ ဦးရှိသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၈၈၇၈၅ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၇၂၄၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၆၃၀၂၂၅၀ ရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၈၇ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၅၇၈၀၀၅ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးသူ ၄၆ သန်းခန့်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ ၃၉ သန်းနီးပါးရှိကြောင်း ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် တက်ယာနာဂိုလီကိုဗာက စက်တင်ဘာ ၆ ရက်တွင် ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်း၏ ကူးစက်မှုအမြင့်ဆုံးအခြေအနေကို ကျော်လွှားနိုင်ပြီဖြစ်

**ဂျကာတာ စက်တင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံ၌ လက်ရှိအချိန်တွင် ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ဖြစ်ပေါ်လာသော ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်း၏ ကူးစက်မှုအမြင့်ဆုံးအခြေအနေကို ကျော်လွှားနိုင်ပြီဖြစ်သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ကုသမှုနှင့် ရောဂါဖြစ်ပွားမှုများ ကျဆင်းလာကြောင်း အင်ဒိုနီးရှား ကျန်းမာရေးတာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။

သို့ရာတွင် လက်ရှိအချိန်၌ အိမ်နီးချင်းနိုင်ငံများဖြစ်သော မလေးရှား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ဆက်လက်မြင့်တက်နေဆဲဖြစ်သဖြင့် အင်ဒိုနီးရှားနိုင်ငံသားများအနေဖြင့် နိုးနိုးကြားကြားရှိနေရန် လိုအပ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒန်တီဆက်ဆိုနိုဟာဘူဝိုနိုက ပြောကြားသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ မျူဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှု မတွေ့ရှိသေးကြောင်း ၎င်းက ပြောကြားသည်။

ကိုလံဘီယာနိုင်ငံ၌ ယခုနှစ်ဇန်နဝါရီတွင် စတင်တွေ့ရှိသော မျူဗီဇပြောင်းဗိုင်းရပ်စ်သည် တောင်အမေရိကတိုက်ရှိ ဒေသအများအပြား၊ အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံအချို့သို့ ပျံ့နှံ့လျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါသည် လက်ရှိအချိန်၌ ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားရန် မဖြစ်နိုင်သေးသဖြင့် အဆိုပါရောဂါကို ထိန်းချုပ်နိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



# ဂျီ-၂၀ ကျန်းမာရေးဝန်ကြီးများက ယခုနှစ်ကုန်ပိုင်းတွင် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ရန် ရည်မှန်း

**စင်ကာပူ စက်တင်ဘာ ၇**

ဂျီ-၂၀ နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများသည် ယခုနှစ်ကုန်ပိုင်းတွင် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ရန် ရည်မှန်းလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

ယင်းသို့ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် ရည်မှန်းသည့် ကြေညာချက်နှင့်စပ်လျဉ်း၍ အီတလီနိုင်ငံ ရောမမြို့၌ စက်တင်ဘာ ၅ ရက်မှ စက်တင်ဘာ ၆ ရက်အထိ နှစ်ရက်ကြာကျင်းပခဲ့သည့် ဂျီ-၂၀ နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးတွင် ကြေညာခဲ့ခြင်း ဖြစ်သည်။

အဆိုပါအစည်းအဝေး၌ ကိုဗစ်-၁၉ ကပ်ရောဂါအား စီမံခန့်ခွဲခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ပြန်လည်ထူထောင်ရေးကို ပံ့ပိုးပေးရာတွင် ဘက်စုံပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါပုံနှင့်စပ်လျဉ်း၍ စင်ကာပူနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက အလေးထား ပြောကြားခဲ့ကြောင်း စက်တင်ဘာ ၆ ရက် ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့ပြင် ဂျီ-၂၀ ကျန်းမာရေးဝန်ကြီးများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းသည် အဓိက အရေးပါသည့် လုပ်ငန်းစဉ်ဖြစ်ကြောင်းကိုလည်း သဘောတူညီခဲ့ကြသည်။ စင်ကာပူနိုင်ငံသည် အဆိုပါ ဂျီ-၂၀ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးသို့ လက်ရှိ ဂျီ-၂၀ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် အီတလီနိုင်ငံ၏ ဖိတ်ကြားချက်အရ ဧည့်သည်နိုင်ငံအဖြစ် တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အလင်းသစ်**



အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပခဲ့သော ဂျီ-၂၀ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာသော ကျန်းမာရေးဝန်ကြီးများ။




# ဘရူနိုင်းနိုင်ငံ၏ လူဦးရေ ၂၅ ရာခိုင်နှုန်းကျော် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးပြီးဖြစ်

**ဘန်ဒါဆရီဘီဂါဝန် စက်တင်ဘာ ၇**

ဘရူနိုင်းနိုင်ငံ၌ လူဦးရေစုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီး ဖြစ်ကြောင်း ဘရူနိုင်းအစိုးရက ယနေ့တွင် ကြေညာသည်။

ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ဘရူနိုင်းနိုင်ငံ၌ လူဦးရေ ၆၂၃၄၉၄၅ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း၊ ယင်းအရေအတွက်သည် နိုင်ငံလူဦးရေ စုစုပေါင်း၏ ၅၁ ဒသမ ၈ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

ထို့ပြင် ဘရူနိုင်းနိုင်ငံ၌ လူဦးရေ ၁၁၈၄၈၃ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း၊ ယင်းအရေအတွက်သည် နိုင်ငံလူဦးရေစုစုပေါင်း၏ ၂၆ ဒသမ ၁ ရာခိုင်နှုန်းကျော်ရှိကြောင်း ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရူနိုင်းနိုင်ငံ၌ အသက် ၁၈ နှစ်နှင့်အထက်ရှိသည့် နိုင်ငံသားအားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့် နိုင်ငံတစ်ဝန်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု တတိယကာလကို ဇူလိုင် ၅ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းအထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ရန် ရည်ရွယ်ထားကြောင်း ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာနက ကြေညာသည်။

ဘရူနိုင်းနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၅၆၇ ဦးရှိလာကြောင်း၊ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှဆင်းခွင့်ရရှိသူ ၁၈၇ ဦးထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၂၀၅၈ ဦးရှိလာကြောင်းနှင့် ယနေ့အထိ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၂၀ ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇ ဒသမ ၉၂ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ စက်တင်ဘာ ၇**

အာဖရိကတိုက်၌ ယနေ့ မွန်းလွဲပိုင်းအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၇၉၂၆၉၉၉ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၀၀၀၄၅ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၇၁၃၀၀၁၃၉ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက မှတ်ချက်ပြုပြောကြားသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံး နိုင်ငံများဖြစ်ကြောင်းသိရသည်။ တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၈၂၄၀၆၃ ဦးရှိကြောင်းနှင့် မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၈၈၆၀၀၈ ဦး ရှိကြောင်း သိရသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ဒုတိယအများဆုံး နိုင်ငံများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အနည်းဆုံးဒေသ ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**





# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၂၄၈၁ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း စက်တင်ဘာ ၇**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၂၄၈၁ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူပေါင်း ၅၃၆၇၈၈ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၃၈၅ ဦးရှိကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံတောင်ပိုင်းပြည်နယ်များ၌ လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုများကို တွေ့ရှိရပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုဗဟိုချက်ဒေသဖြစ်သော ဟိုချီမင်းစီးတီး၌ ၇၁၂၂ ဦး၊ ဘင်ဒေါင်းပြည်နယ်၌ ၂၁၉၄ ဦးနှင့် ဒွန်နိုင်းပြည်နယ်၌ ၈၇၁ ဦး အသီးသီးတွေ့ရှိခဲ့သည်။

နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၃၀၁၄၅၇ ဦးရှိပြီး လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၂ သန်းကျော်အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်အထိ ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၃၂၄၉၀ ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

■

# မလေးရှားနိုင်ငံ၏ လူဦးရေ ၆၃ ဒသမ ၃ ရာခိုင်နှုန်းခန့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးဖြစ်

**ကွာလာလမ်ပူ စက်တင်ဘာ ၇**

မလေးရှားနိုင်ငံ၏ လူဦးရေ ၆၃ ဒသမ ၃ ရာခိုင်နှုန်းခန့်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းနှင့် နိုင်ငံ၏လူဦးရေ ၄၉ ဒသမ ၃ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီး ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

**ကူးစက်မှု မြင့်တက်နေဆဲဖြစ်**

မလေးရှားနိုင်ငံ၌ ယနေ့တစ်ရက်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးစင်တာများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၁၃၇၅၁ အသုံးပြုခဲ့ကြောင်းသိရသည်။ လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မြင့်တက်နေဆဲဖြစ်ပြီး ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၅၄၇ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၈၈၀၇၃၄ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။



အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများ အနက် ၁၈၅၂၉ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၁၈ ဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၁၁ ဦး ထပ်တိုးလာခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၈၈၀၂ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၈၉၀၂ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၆၀၉၉၃၀ ရှိလာကြောင်းနှင့် အဆိုပါအရေအတွက်သည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း၏ ၈၅ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ဆေးဝါးကုသမှုခံယူလျက်ရှိ**

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၂၅၂၀၀၂ ဦးရှိကြောင်း၊ ယင်းတို့အနက် ၉၇၇ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၄၄၇ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

■



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၀၁၂ ဦး ထပ်မံတွေ့ရှိ

**မနီလာ စက်တင်ဘာ ၇**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၁၈၀၁၂ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူပေါင်း ၂၁၂၁၃၀၈ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ အဆိုပါရောဂါကြောင့် ၁၆၁ ဦး ထပ်မံသေဆုံးသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၄၄၉၈ ဦးရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါ စစ်ဆေးမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် လူအစုလိုက် အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကို ရှာဖွေတွေ့ရှိကာ ကုသမှုပေးနိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ရာဘင်ဒရာအဘီရက်ဆင်ဟီ က ပြောကြားသည်။ လူဦးရေသန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ လူဦးရေ ၁၈သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာသဖြင့် အစိုးရက နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီမံခန့်ခွဲရေး နည်းဗျူဟာများနှင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုနည်းလမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါ ကူးစက်မှု များပြားသောဒေသများ၌ အသွားအလာကန့်သတ်မှု ချမှတ်ခြင်းနှင့် ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူများအား ရှာဖွေစစ်ဆေး ကုသပေးမည့်အစီအစဉ်တို့ကို စက်တင်ဘာ ၈ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါ အစီအစဉ်များသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကျဆင်းရေးအတွက် အကူအညီပေးမည်ဟု အစိုးရက ပြောကြားသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ချမှတ်ထားသော ကိုဗစ်-၁၉ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို တိကျစွာလိုက်နာဆောင်ရွက်ရန် ဖိလစ်ပိုင်နိုင်ငံ စီးပွားရေးဆိုင်ရာ လုပ်ငန်းအဖွဲ့က နိုင်ငံသားများအား ပြောကြားသည်။ အစိုးရအနေဖြင့် လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုလုပ်ငန်းများကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၆ သန်းကျော်ကို နိုင်ငံသားများအား ထိုးနှံပေးနိုင်ခဲ့ပြီး နိုင်ငံသား ၁၅ သန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေအပြည့် ထိုးနှံပြီးစီးပြီးဖြစ်ကာ လူဦးရေ သန်း ၇၀ အား ယခုနှစ်ကုန်တွင် ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၂၂၃၇၁၄၇ | ဦး |
| သေဆုံးသူ | ၄၅၉၂၄၃၆ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၉၈၇၅၇၆၀၁ | ဦး |

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၁၂၂၂ ဦးရှိ

**နယူးဒေလီ စက်တင်ဘာ ၇**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၁၂၂၂ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၃၃၀၅၈၈၄၃ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

**သေဆုံးသူစုစုပေါင်း ၄၄၁၀၄၂ ဦးရှိလာ**

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၉၀ ရှိသဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၄၁၀၄၂ ဦး ရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုအများဆုံးပြည်နယ်မှာ ကီရာလာပြည်နယ်ဖြစ်ကြောင်းလည်း သိရသည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာစုစုပေါင်း ၃၉၂၈၆၄ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၄၂၄၉၂ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၂၂၂၄၉၃၇ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်



# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၂၀၁ဦး ထပ်မံတွေ့ရှိ

**ဂျကာတာ စက်တင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၇၂၀၁ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူပေါင်း ၄၁၄၀၆၃၄ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီး ဌာနက ပြောကြားသည်။

**ပြန်လည်ကျန်းမာလာသူ ၁၄၁၅၉ ဦး**

အလားတူ ကိုဗစ်-၁၉ ရောဂါကြောင့် ၆၈၃ ဦး ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၇၁၅၆ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၄၁၅၉ ဦးမှာ ဆေးရုံမှဆင်းသွားရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၈၆၄၈၄၈ ဦးရှိလာကြောင်း သိရသည်။ နိုင်ငံအတွင်းလက်ရှိအချိန်အထိ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူ ၃၉ ဒသမ ၁၆ သန်းရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးစီးသူ ၆၈ ဒသမ ၂၀ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံသည် လူဦးရေ ၂၀၈ ဒသမ ၂၆ သန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# ပြည်မြို့ သီရိခေတ္တရာရတနာမြို့တော်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနေစဉ် အကြမ်းဖက်သမားနှစ်ဦးက လက်လုပ်ဗုံးဖြင့် နှောင့်ယှက်တိုက်ခိုက်

**နေပြည်တော် စက်တင်ဘာ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ် ဟန့်တားနိုင်ရေးအတွက် ကာကွယ်ဆေးများ ရရှိရေးနှင့် ရောက်ရှိလာသော ကာကွယ်ဆေးများအား ပြည်သူလူထုထံ အမြန်ဆုံး ရောက်ရှိထိုးနှံနိုင်ရေး အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာ NUG၊ PDF အကြမ်းဖက်လုပ်ရပ်များနှင့် ၎င်းတို့က အခကြေးငွေပေးပြီး ခိုင်းစေခံရသူများက အဆိုပါ ကာကွယ်ဆေးထိုးနှံနေသူများကို နှောင့်ယှက်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဗုံးခွဲခြင်းများ နေရာအနှံ့ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ပြည်မြို့နယ် ရွာဘဲရပ်ကွက်ရှိ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံလျက်ရှိရာ အမျိုးသားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် မောင်းနှင်ရောက်ရှိလာပြီး လက်လုပ်ဗုံး နှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လက်လုပ်ဗုံးပစ်ပေါက်ထွက်ပြေးသူများအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ သတင်းဖော်ထုတ်ချက်အရ လက်လုပ်ဗုံးပြုလုပ်သူ ပြည်မြို့ ကျောင်းကြီးအိုးတန်းရပ်ကွက်နေ ဇော်လင်းထက် ၃၀ နှစ်အား သွားရောက်ဖမ်းဆီးရာ ၎င်းက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြန်လည်တိုက်ခိုက်ခဲ့သဖြင့် တာဝန်သိပြည်သူများနှင့်အတူ ဝိုင်းဝန်းဖမ်းဆီးခဲ့ပြီး ဆက်လက်စစ်ဆေးရာ ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ကန့်မှုန့်၊ ယမ်းမှုန့်များ၊ ဒီတိုနေတာ အခု ၅၀၊ ဘောစေ့ ၆၅ လုံးတို့အား ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်လင်းထက်၏ ထွက်ဆိုချက်အရ ပြည်မြို့ ကျောင်းကြီးအိုးတန်းရပ်ကွက်နေ မျိုးမင်းထက် ၁၉ နှစ်၊ ရန်ပိုင်ဖြိုး ၁၉ နှစ်၊ ဝေယံကိုကို၊ ပြည့်စုံအောင်တို့နှင့်အတူ လက်လုပ်ဗုံးပြုလုပ်ခဲ့ကြောင်း သိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့ရာ မျိုးမင်းထက်နှင့် ရန်ပိုင်ဖြိုးတို့နှစ်ဦးအား ၎င်းတို့၏ နေအိမ်အသီးသီး၌လည်းကောင်း၊ ဇော်လင်းထက်၏ ဇနီးဖြစ်သူအား ၎င်း၏နေအိမ်တွင် လက်လုပ်မိုင်းများဖြင့်လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့ပြီး ထွက်ပြေးလွတ်မြောက်သွားသူနှစ်ဦးအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




သီရိခေတ္တရာ ရတနာ မြို့တော်ခန်းမရှေ့တွင် လက်လုပ်ဗုံးပေါက်ကွဲခဲ့သည့် နေရာမှတ်တမ်းဓာတ်ပုံ။



တရားခံ ဇော်လင်းထက်ထံမှ သိမ်းဆည်းရမိသည့် ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနေသည့် နေရာရှိ လူနှင့် အဆောက်အအုံ တစ်စုံတစ်ရာထိခိုက်မှု မရှိကြောင်းနှင့် NUG၊ CRPH နှင့် PDF အကြမ်းဖက်အုပ်စုများသည် ပြည်သူလူထု ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနေစဉ် နှောင့်ယှက်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဗုံးခွဲခြင်း စုစုပေါင်း ၁၉ ကြိမ်အထိ လူမဆန်စွာ ကျူးလွန်ခဲ့ပြီးဖြစ်သည်။

အဆိုပါပြည်သူလူထု၏ အသက်အိုးအိမ်နှင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်နေမှုကို ပစ်မှတ်ထား၍ အကြမ်းဖက်ဗုံးဖောက်ခွဲသူအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်း ရှာဖွေဖော်ထုတ်လျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း မသင်္ကာဖွယ် အကြမ်းဖက်သမား၏ သတင်းရရှိပါက အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာသို့ သတင်းပေးပို့ကူညီကြပါရန် မေတ္တာရပ်ခံနိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**



တရားခံ မျိုးမင်းထက်



တရားခံ ရန်ပိုင်ဖြိုး

# အကြမ်းဖက်သူများက မြို့နယ်အချို့ရှိ ဆက်သွယ်ရေးတာဝါတိုင်များအား ဖျက်ဆီးမှုများပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၇**

နိုင်ငံတော်အတွင်း နေထိုင်ကြသော ပြည်သူလူထုများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်စိတ်တစ်ပိုင်းအဖြစ် အထောက်အကူပြုသည့် ဆက်သွယ်ရေးကွန်ရက် နိုင်ငံတစ်ဝန်းလုံး ဖြန့်ကြက်နိုင်စေရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီစဉ် ညွှန်ကြားမှုများဖြင့် ဆက်သွယ်ရေး တာဝါတိုင်များအား အမြို့မြို့၊ အနယ်နယ်တိုင်း၌ တွန်းအားပေး စိုက်ထူဆောင်ရွက်ပေးထားခဲ့သည်ကို အေးချမ်းစွာ နေထိုင်လိုခြင်းမရှိဘဲ နိုင်ငံရေး အစွန်းရောက်အကြမ်းဖက်သူများက အဆိုပါဆက်သွယ်ရေး တာဝါတိုင်များအနက် အချို့အား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်းများဖြင့် အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ဖျက်ဆီးခြင်းများ ဆောင်ရွက်ရာတွင် စက်တင်ဘာ ၇ ရက် နံနက် ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ဖလံကျင်းကျေးရွာ မိတ္ထီလာ-ပင်းတလဲ ကားလမ်းဘေးရှိ Mytel ဖုန်းတာဝါတိုင်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ IPS Pruan ဖုန်းလိုင်း လွှင့်စက်နှင့် ZTT Battery Bank ၄၈ ဗို့ ခုနစ်လုံးအား မီးရှို့ဖျက်ဆီးထားသည်ကို တွေ့ရကြောင်း သိရသည်။



ဝမ်းတွင်းမြို့နယ်၌ ဖုန်းတာဝါတိုင် ဖျက်ဆီးခံရမှု မှတ်တမ်းဓာတ်ပုံ။

**ဖျက်ဆီးထား**

အလားတူ နံနက် ၂ နာရီခွဲတွင် ဝမ်းတွင်းမြို့နယ် သဲတောကျေးရွာ၏ အနောက်တောင်ဘက် တစ်ဖာလုံခန့်အကွာရှိ Mytel တာဝါတိုင်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ Mytel တာဝါတိုင်ရှိ DG အမျိုးအစား မီးစက်တစ်လုံးနှင့် ပါဝါကြိုး သုံးမီတာခန့်အား ဖျက်ဆီးထားသည်ကို တွေ့ရကြောင်း သိရသည်။

အလားတူ နံနက် ၇ နာရီခွဲတွင် ငါန်းဇွန်မြို့ အမှတ်(၄)ရပ်ကွက်နေ ဦးထွန်းရီ ၅၈ နှစ် (ဘ)ဦးစိန်ထွန်း၏နေအိမ်ခြံဝင်းအတွင်း စိုက်ထူထားသော ဖုန်းတာဝါတိုင် အထိုင်စက်ပုံးအား ဖျက်ဆီးခံရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ နံနက် ၁ နာရီခွဲတွင် အကြမ်းဖက်သူ အမျိုးသားငါးဦးက ဆက်သွယ်ရေးတာဝါတိုင် အောက်ခြေအထိုင်စက်ပုံးအား ဖျက်ဆီးခဲ့သဖြင့် တာဝါတိုင်အထိုင် စက်ပုံးမှ Mytel/ Ooredoo/Telenor ဆက်သွယ်ရေးလိုင်း သုံးလိုင်း ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ စုပေါင်းကြဲပက်ခြင်းနှင့် ကွင်းသရုပ်ပြပွဲ ပြုလုပ်

**ကသာ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နန့်ခင်ကျေးရွာအုပ်စု အင်းရွာ၌ ယနေ့နံနက် ၈ နာရီခွဲက သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ စုပေါင်းကြဲပက်ခြင်း၊ တမန်းနှီးခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုနှစ် မိုးစပါး ၅၅၈၃၈ ဧက လျာထားခဲ့ရာ ဧက ၅၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးခဲ့ပြီး မိုးစပါးစံပြကွက်များ၊ မျိုးစေ့ထုတ်ကွက်များ၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agriculture Practices-GAP)၊ အထူးစံပြကွက်များ၊ တင်း ၁၀၀ အထက်ထွက်ရှိရေး အထူးစံပြကွက်များနှင့် စပါးအစွမ်းဖွင့် စိုက်ပျိုးရေးစနစ် (System Of Rice Intensification-SRI) စံပြကွက်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ **အေးမြသက်ထား**

အနာဂတ်
ကမ္ဘာ
သာယာဖို့
အိုဇုန်းလွှာကို
ကာကွယ်စို့

# လမ်းတံတားများပေါ်များစွာဖြင့် လူမှုဘဝမြင့်မားတိုးတက်နေသော ဇေယျာရွှေမြေ စစ်ကိုင်းတိုင်းဒေသကြီး (၁)

**ချမ်းမြေ့မောင်**

စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအထက်ပိုင်းတွင် တည်ရှိပြီး တစ်တိုင်းလုံးကို ခရိုင်ပေါင်း ၁၂ ခရိုင်ဖြင့် ဖွဲ့စည်းထားသည်။

မြန်မာသက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက မုဆိုးဖိုရွာကို ရတနာသိင်္ဃမြို့တော်အဖြစ် တည်ဆောက်ခဲ့သည်။ မြို့နှင့်အတူ မြို့တော်၊ နန်းတော်၊ ဗဟိုရ်စင်၊ နတ်ကွန်း၊ ရွှေချက်သို စေတီတော်၊ ကျုံးများနှင့် မဟာနန္ဒာကန်တို့ကို တစ်ပြိုင်နက်တည်း တည်ဆောက်ခဲ့သည်။

ရတနာသိင်္ဃမြို့တွင် အလောင်းမင်းတရားကြီး၊ နောင်တော်ကြီးနှင့် ဆင်ဖြူရှင်တို့ နန်းစံခဲ့သည်။ ဘိုးတော်ဘုရား (ခေါ်) ကုန်းဘောင်မင်းနှင့် ၎င်း၏သားတော် မင်းတုန်းမင်းတို့သည် ရွှေဘိုအောင်မြေမှ မင်းအဖြစ်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ကြသည်။ ရွှေဘိုမြို့တွင် သမိုင်းဝင်စေတီပုထိုးများနှင့် သမိုင်းဝင်ထင်ရှားသော နေရာဌာနများရှိသည်။ ၎င်းအပြင် (၁) မုဆိုးဖို၊ (၂) ကုန်းဘောင်၊ (၃) ရန်ကြီးအောင်၊ (၄) ရတနာသိင်္ဃ၊ (၅) ရွှေဘိုဟူသော ငါးမည်ရမြို့အဖြစ် ထင်ရှားသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ် (၇/၈၈) ဖြင့် ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်း၊ ကန့်ဘလူ၊ ကျွန်းလှမြို့နယ်တို့အား ရွှေဘိုမြို့နယ်စုအဖြစ် ဖွဲ့စည်းခဲ့ပြီး ရွှေဘိုခရိုင်အဖြစ် ၇-၁၀-၁၉၉၀ ရက်နေ့မှစ၍ ဖွဲ့စည်းခဲ့သည်။ ယခုအခါ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၅-၃-၂၀၁၆ ရက်စွဲဖြင့် ရွှေဘိုခရိုင်တွင် ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်းဟူ၍ မြို့နယ် ခြောက်မြို့နယ်၊ မြို့ခုနစ်မြို့တို့ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် မြစ်ချောင်းများပေါများသည့် ဒေသတစ်ခုဖြစ်ပြီး ထင်ရှားသောမြစ်မှာ ဧရာဝတီမြစ်ဖြစ်သည်။ ကလေးခရိုင်အတွင်းရှိ မြစ်သာမြစ်မှာ ထူးခြားစွာ တောင်မှမြောက်သို့ စီးဆင်း၍ ချင်းတွင်းမြစ်ထဲသို့ စီးဝင်သွားသည်။ တိုင်းဒေသကြီးအတွင်းရှိ ရေအရင်းအမြစ်အများစုမှာ ရေချိုဖြစ်၍ စိုက်ပျိုးရေ၊ သောက်သုံးရေတို့အဖြစ် အသုံးပြုနိုင်သည်။



မုံရွာ-ပုလဲ- ဂန့်ဂေါကားလမ်းကို တွေ့ရစဉ်။

**ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်**

ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်မှာ ၅၄၈၃ ပေရှိပြီး အမြင့်ဆုံးတောင်မှာ နာဂဒေသ၊ လေရှီးမြို့ရှိ စာရာမေရိ (ခ) န္တိုင်မောက်တောင်ထွတ်ဖြစ်၍ အမြင့်ပေ ၁၂၅၅၃ ပေရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီး၏ အနိမ့်ဆုံးအရပ်ဒေသမှာ မုံရွာခရိုင်ဘုတလင်မြို့နယ် တွင်းတောင်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့်ပေ ၃၀၀ မှ ၄၀၀ အထိ ဖြစ်သည်။

အဆိုပါ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီးလမ်းဦးစီးဌာနသည် ဒေသတွင်းရှိ ခရိုင်နှင့်မြို့နယ်အသီးသီးတို့၌ လမ်းဖောက်လုပ်ခြင်း၊ တံတားဆောက်လုပ်ခြင်းတို့ကို နိုင်ငံတော်အစိုးရ၏ ခွင့်ပြုငွေများဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံး၌ ပြည်ထောင်စုအစိုးရအဖွဲ့ပိုင်လမ်း ၁၈ လမ်း (မိုင်ပေါင်း ၁၀၀၂/၀ ဒသမ ၅ မိုင်)၊ တိုင်းလမ်းဦးစီးအဖွဲ့ပိုင် ၁၃ လမ်း (မိုင်ပေါင်း ၇၅၇/၂ ဒသမ ၅ မိုင်)၊ B.O.T ဆောင်ရွက်နေသည့်လမ်း ခုနစ်လမ်း (မိုင်ပေါင်း ၂၂၄/၆ မိုင်)၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ပိုင်လမ်း ၇၃ လမ်း (မိုင်ပေါင်း ၁၉၅၁/၅ ဒသမ ၃၀၈ မိုင်) စုစုပေါင်းလမ်းပေါင်း ၉၁ လမ်း (မိုင်ပေါင်း ၂၉၅၃ မိုင်၊ ၅ ဒသမ ၈၀၈ ဖာလုံ)ရှိသည်။

တံတားကဏ္ဍတွင် ပေ ၁၈၀ အထက် ကွန်ကရစ်တံတား ၇၉ စင်း၊ သစ်သားတံတား တစ်စင်း၊ ဘေလီတံတား ၃၃ စင်း စုစုပေါင်း ၁၁၃ စင်း ရှိပြီး ပေ ၁၈၀ အောက်တံတားတွင် ကွန်ကရစ်တံတား ၆၅၃၀၊ သစ်သားတံတား ၁၃၆ စင်း၊ ဘေလီတံတား ၁၂၆ စင်း၊ ရေပြွန်/ ရေကျော်တံတား ၁၁၁၃ စင်း စုစုပေါင်း တံတားကြီး၊ သေး ၈၀၁၈ စင်းရှိသည်။

တိုင်းဒေသကြီးအတွင်း လမ်းပေါင်း ၉၁ လမ်းရှိသည့်အနက် ရွှေဘို-မြစ်ကြီးနားလမ်း (မိုင် ၀/၀ မှ ၁၇၄/၁ အထိ)၁၇၄ မိုင် ၁ ဖာလုံသည် ပြည်ထောင်စုလမ်းမကြီးများ (National Highway) (၄၀) လမ်းစာရင်းနှင့် အဓိကသွေးကြောလမ်းမကြီးကွန်ရက် (Main arterial Road Network) ၁၈ လမ်းတို့တွင် ပါဝင်သောလမ်းဖြစ်ခြင်းကြောင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ရေးဆွဲထားသော National Transport Master Plan နှင့် KIOCA အဖွဲ့အကူအညီဖြင့် ရေးဆွဲထားသော Master Plan For Arterial Road Network Development in Myanmar တို့ကိုအခြေခံ၍ လမ်းဦးစီးဌာနက ရေးဆွဲထားသော နှစ်ရှည်စီမံကိန်း(Master Plan) အရ ခုနစ်မီတာအကျယ် ကတ္တရာကွန်ကရစ်လမ်း (AC) အဆင့်ရောက်ရှိအောင် ဆောင်ရွက်ရန် ရည်မှန်းထားသည်။

**အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီ**

နှစ်စဉ်ရန်ပုံငွေ ခွင့်ပြုရရှိမှုအခြေအနေအရ လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းများမှာ လမ်းလုပ်ငန်းအနေဖြင့် မူလ ၁၈ ပေအကျယ်မှ ၂၄ ပေအထက်အကျယ် ကတ္တရာလမ်းအဖြစ် ငါးမိုင် ၁ ဒသမ ၅ ဖာလုံ၊ မူလ ၁၂ ပေ အကျယ်မှ ၁၈ပေအကျယ်ကတ္တရာလမ်းအဖြစ် ၁၁၄ မိုင် ၁ဒသမ ၂၅ ဖာလုံ၊ ၁၈ပေအကျယ် ကွန်ကရစ်လမ်း ၅မိုင် ၆ဒသမ ၇၅ဖာလုံ၊ တံတားလုပ်ငန်းအနေဖြင့် ကွန်ကရစ်တံတားပေ ၁၈၀ အောက် အစင်း ၁၅၀ တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သဖြင့် မော်တော်ယာဉ်များ ယာဉ်ကြောပိတ်ဆို့မှု၊ မတော်တဆထိခိုက်မှုတို့ နည်းပါးလာပြီး အချိန်တိုအတွင်း အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။

လက်ရှိလမ်းအခြေအနေမှာ ၂၄ ပေနှင့်အထက် ကတ္တရာကွန်ကရစ်လမ်း ၂ မိုင် ၁ဖာလုံ၊ ၂၄ ပေအထက် ကွန်ကရစ်လမ်း သုညမိုင် ၃ ဒသမ ၀၄ ဖာလုံ၊ ၁၈ ပေကွန်ကရစ်လမ်း ၂၇ မိုင် သုညဒသမ ၆၉ ဖာလုံ၊ ၂၄ ပေနှင့်အထက် ကတ္တရာလမ်း ၄မိုင် ၁ ဒသမ ၅ဖာလုံ၊ ၁၈ ပေ ကတ္တရာလမ်း ၁၄၀ မိုင် ၂ ဒသမ ၇၇ဖာလုံ ဖြစ်သည်။

၎င်းအပြင် သက္ကယ်ကျင်း- ဖောင်းပြင်- ဟုမ္မလင်း-ခန္တီးလမ်း (မိုင်၀/၀မှ ၃၃၅/၀အထိ) ၃၃၅ မိုင်သုညဖာလုံ သည်လည်း ပြည်ထောင်စုလမ်းမကြီးများ (၄၀) လမ်းစာရင်းတွင် ပါဝင်သောလမ်းဖြစ်ခြင်းကြောင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ရေးဆွဲထားသော National Transport Master Plan နှင့် KIOCA အဖွဲ့အကူအညီဖြင့် ရေးဆွဲထားသည့် Master Plan For Arterial Road Network Development in Myanmar တို့ကိုအခြေခံ၍ လမ်းဦးစီးဌာနက ရေးဆွဲထားသော နှစ်ရှည်စီမံကိန်း (Master Plan) အရ ခုနစ်မီတာအကျယ်ကတ္တရာကွန်ကရစ်လမ်း (AC) အဆင့်ရောက်ရှိအောင် ဆောင်ရွက်ရန် ရည်မှန်းထားသည်။

**စာမျက်နှာ ၁၇ သို့ ■**



ရွှေဘို- မြစ်ကြီးနားလမ်းကို တွေ့ရစဉ်။

**နှစ်စဉ်ရန်ပုံငွေ ခွင့်ပြုရရှိမှုအခြေအနေအရ လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းများမှာ လမ်းလုပ်ငန်းအနေဖြင့် မူလ ၁၈ ပေအကျယ်မှ ၂၄ ပေ အထက်အကျယ်ကတ္တရာလမ်းအဖြစ် ငါးမိုင် ၁ ဒသမ ၅ ဖာလုံ၊ မူလ ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ်ကတ္တရာလမ်းအဖြစ် ၁၁၄ မိုင် ၁ ဒသမ ၂၅ ဖာလုံ၊ ၁၈ ပေအကျယ် ကွန်ကရစ်လမ်း ၅ မိုင် ၆ ဒသမ ၇၅ ဖာလုံ၊ တံတားလုပ်ငန်းအနေဖြင့် ကွန်ကရစ်တံတားပေ ၁၈၀ အောက် အစင်း ၁၅၀ တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သဖြင့် မော်တော်ယာဉ်များ ယာဉ်ကြောပိတ်ဆို့မှု၊ မတော်တဆထိခိုက်မှုတို့ နည်းပါးလာပြီး အချိန်တိုအတွင်း အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေး ကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီနှင့် ထီးခီးကုန်သွယ်ရေးစခန်း လေးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၂၂ ခုမှ ယာဉ်စီးရေ ၃၈ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် သုံးစီးဖြင့် ၅၇ တန်၊ အောက်ဆီဂျင်(အရည်)အိုးဖြင့် သုံးတန်၊ အောက်ဆီဂျင်(အိုးခွံ) ၁၉၇၅၇ ခု၊ Oxygen Plant ၁၃ ခု၊ Oxygen Generator သုံးခု၊ အိမ်သုံး အောက်ဆီဂျင်စက် ၂၆၆၇ ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၆၇၅၀၀၊ လက်အိတ် ခြောက်တန်နှင့် နှာခေါင်းစည်း ၈၈ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်) Bowser ယာဉ် သုံးစီးမှာ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ပဲခူးမြို့တို့သို့ တစ်စီးစီဖြစ်ပြီး Oxygen Plant ၁၃ ခုမှာ ရန်ကုန်မြို့သို့ လေးခု၊ မန္တလေးမြို့သို့ ခုနစ်ခု၊ မအူပင်မြို့နှင့် မြောင်းမြမြို့တို့သို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။



**စီစဉ်ဆောင်ရွက်ပေးထား**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၂၂ ခုမှ Rubicon Solution For Injection အခု ၃၀၊ Vitamin C+Zinc အခု ၄၈၅၀၊ Enoxaparin Sodium အခု ၁၄၀၀၊ Megabion Injection အခု ၅၀၈၀၊ Kymoze Tab အခု ၁၅၀၀၀၊ Suzone Injection အခု ၂၂၈၅၀၊ Neuro B-Forte Tablet အခု ၁၃၂၈၀၊ Arthrostop Rapid Tablet အခု ၂၃၇၂၀၊ Martians With Prebiotics Tablet အခု ၂၆၀၀၊ Martians Syrup ၁၂၄၆၂ ခု၊ Spektrum Tablet အခု ၂၃၀၄၀၊ Desrem အခု ၂၀၀၀၊ Sicknil CC အခု ၄၈၀၀၊ Tenvir-EM Tablet အခု ၁၄၄၀၊ Oframax Injection အခု ၁၀၀၀၀၊ Chericof Throat အခု ၃၀၂၀၀၊ Monan Injection ၉၃၆၁ ခု၊ Azimo Tablet ၃၅၆၅ ခု၊ Drosperin Tablet ၂၆၄၆၄ ခု၊ Valiera Tablet ၂၈၃၅ ခု၊ Serc Tablet အခု ၁၀၀၀၊ Enam Tablet ၉၉၃၆ ခု၊ Omez Capsule အခု ၇၄၈၈၀၊ Vit D3 Orally Disintegrating Strip အခု ၁၇၂၈၀၊ Versavo Injection အခု ၂၀၀၊ Grastim Injection အခု ၁၅၀၀၊ Nitrocontin Tablet အခု ၃၀၀၀၊ Tamcontin Tablet အခု ၅၅၀၊ Angivas Capsule ၄၉၂၈ ခု၊ Vitarich Tablet အခု ၁၃၀၅၀၊ Lipofib Tablet ၁၀၉၉ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Plant လေးခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၂၀၈၇ ခု၊ Oxygen Cylinder ၁၉၀၁၇ ခု၊ Flow Meter အခု ၂၅၄၀၊ Nasal Oxygen Tube အခု ၃၂၂၇၀၊ နှာခေါင်းစည်း အခု ၁၃၈၀၀၀၀၀၊ Spare Part For Oxygen Concentrator ၆၀၅ ခု၊ Spare Part For Oxygen Plant တစ်ခုနှင့် ဆေးဝါးမျိုးစုံ ၃၅ မျိုး၊ နယ်စပ် (ချင်းရွှေဟော်၊ မြဝတီ၊ မူဆယ်) တွင် ကုမ္ပဏီ အခု ၃၀ တို့မှ Oxygen Cylinder အခု ၆၅၀၊ အိမ်သုံးအောက်ဆီဂျင်စက် အခု ၅၈၀၊ နှာခေါင်းစည်း ၂၁၄၇၆ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၁၄၃၇၂ ဒသမ ၉ ကုဗမီတာ၊ Flow Meter အခု ၂၈၈၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ အခု ၁၅၂၀၀၊ Oxygen Plant ၁၁ ခု၊ Gloves ၆၀၀၀ ကီလိုဂရမ်၊ Oxygen Mask အခု ၅၀၈၀၀၊ Cannula အခု ၄၀၀၀၀၊ Molecular Sieves ၂၅၀၀ ကီလိုဂရမ်၊ Surgical Gown ၃၆၀၀ ကီလိုဂရမ်၊ Disposable Cap ၃၈၀၀ ကီလိုဂရမ်၊ Goggles အခု ၃၀၀၊ Oximeter အခု ၁၀၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



■ စာမျက်နှာ ၁၆ မှ

**မြန်မာနိုင်ငံအနှံ့အပြားသို့ သွားလာနိုင်မည်**

နှစ်စဉ်ရန်ပုံငွေခွင့်ပြုရရှိမှု အခြေအနေအရ လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းများမှာ လက်ရှိမြေပြင်တွင်ရှိသည့် လမ်းကြောင်းအခြေအနေများအရ အတက်အဆင်း မတ်စောက်သောနေရာများအား Grade နှိမ့်ချခြင်း၊ သတ်မှတ်လမ်းတာပေါင် အကျယ်/ အမြင့် ရရှိအောင်ဆောင်ရွက်ခြင်း၊ အမာခံလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ လိုအပ်သောနေရာများတွင် မြေထိန်းနံရံ/ မြေကာနံရံများ တည်ဆောက်ပေးခြင်းနှင့် လက်ရှိသစ်သား/ ဘေလီတံတားများကို ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လမ်းလုပ်ငန်းအနေဖြင့် မူလအမာခံလမ်း ၁၈ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် ၃၄ မိုင် ၇ ဒသမ ၇၅ ဖာလုံ၊ မူလမြေလမ်းမှ အမာခံလမ်းအဖြစ် ၄၉ မိုင် ၇ ဒသမ ၂၅ ဖာလုံ၊ တံတားလုပ်ငန်းအနေဖြင့် ကွန်ကရစ်တံတား ပေ ၁၈၀ နှင့်အထက် ၁၄ စင်း၊ ကွန်ကရစ်တံတား ပေ ၁၈၀ နှင့်အောက် အစင်း ၄၄၀ စုစုပေါင်း ၄၅၄ စင်း တိုးတက်ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်သဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် နာဂဒေသတွင်းမှ သက္ကယ်ကျင်း-ရေဦး-မုံရွာ တို့မှတစ်ဆင့် မြန်မာနိုင်ငံအနှံ့အပြားသို့ သွားလာနိုင်မည်ဖြစ်သည်။

လက်ရှိလမ်းအခြေအနေမှာ ၂၄ ပေနှင့်အထက် ကတ္တရာကွန်ကရစ်လမ်း သုည မိုင် ငါး ဖာလုံ၊ ၁၈ပေ ကွန်ကရစ်လမ်း ၃၈ မိုင် ၁ ဒသမ ၅ ဖာလုံ၊ ၁၂ ပေ ကွန်ကရစ်လမ်း ၁မိုင် ၃ ဒသမ ၅ ဖာလုံ၊ ၁၂ ပေ ကတ္တရာလမ်း ၁ မိုင် ၇ ဖာလုံ၊ အမာခံလမ်း ၂၉၂ မိုင် ၇ ဖာလုံ ဖြစ်သည်။



ဂန့်ဂေါ-ကလေးသွားကားလမ်းကို တွေ့ရစဉ်။

ရေဦး-ကလေးဝလမ်း မိုင်၀/၀ မှ ၁၀၇/၁ ဒသမ ၅ အထိ ၁၀၇ မိုင် ၁ ဒသမ ၅ ဖာလုံသည် မဟာမဲခေါင် စီးပွားရေးစင်္ကြံလမ်းမကြီးများစာရင်းတွင်ပါဝင်ပြီး မြောက်ပိုင်းစင်္ကြံလမ်း မူဆယ်-မန္တလေး-ရွှေဘို-ရေဦး-ကလေးဝ-တမူးလမ်းအပိုင်းတွင် ပါဝင်သောလမ်းဖြစ်ခြင်းကြောင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ရေးဆွဲထားသော National Transport Master Plan နှင့် KIOCA အဖွဲ့အကူအညီဖြင့် ရေးဆွဲထားသည့် Master Plan For Arterial Road Network Development in Myanmar တို့ကိုအခြေခံ၍ လမ်းဦးစီးဌာနက ရေးဆွဲထားသော နှစ်ရှည်စီမံကိန်း (Master Plan)အရ (ခုနစ်မီတာ) အကျယ် ကတ္တရာကွန်ကရစ်လမ်း (AC) အဆင့်ရောက်ရှိအောင် ဆောင်ရွက်ရန် ရည်ရွယ်ထားသည်။

**တိုးတက်ဆောင်ရွက်နိုင်ခဲ့**

သို့ရာတွင် နှစ်စဉ်ရန်ပုံငွေခွင့်ပြုရရှိမှုအခြေအနေအရ လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းများမှာ လက်ရှိကတ္တရာလမ်းကို ကတ္တရာကွန်ကရစ်လမ်း (AC) အဖြစ် အဆင့်မြှင့်တင်ခြင်း၊ ၁၂ ပေ အကျယ် ကတ္တရာလမ်းကို ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် လမ်းချဲ့ခြင်း၊ ကျောက်လမ်း/ အမာခံလမ်းများကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် လက်ရှိသစ်သား/ဘေလီတံတားများကို ကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လမ်းလုပ်ငန်းအနေဖြင့် မူလကတ္တရာလမ်းမှ ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း ၃ မိုင် ၃ ဒသမ ၅ ဖာလုံ၊ မူလအမာခံ/ ကျောက်လမ်းမှ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် ၃၈ မိုင် ၇ ဒသမ ၄၁ ဖာလုံ၊ မူလ ၁၂ ပေ အကျယ်မှ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် ၄ မိုင် ၆ ဖာလုံ၊ မူလအမာခံ/ ကျောက်လမ်းမှ ၁၂ ပေအကျယ် ကတ္တရာလမ်းအဖြစ် ၁၂ မိုင် ၃ ဒသမ ၀၄ ဖာလုံ၊ တံတားလုပ်ငန်းအနေဖြင့် ကွန်ကရစ်တံတား ပေ ၁၈၀ နှင့်အထက် တစ်စင်း၊ ကွန်ကရစ်တံတားပေ ၁၈၀ အောက် ၉၄ စင်း စုစုပေါင်း ၉၅ စင်း တိုးတက်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သဖြင့် ချင်းပြည်နယ်၊ ကလေးဒေသနှင့် အိန္ဒိယ-မြန်မာနယ်စပ်ရှိ တမူးမြို့တို့မှ မြန်မာနိုင်ငံအနှံ့အပြားသို့ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

လက်ရှိလမ်းအခြေအနေမှာ ၂၄ ပေ ကတ္တရာကွန်ကရစ်လမ်း ၁မိုင် ၄ ဒသမ ၅ ဖာလုံ၊ ၁၈ ပေ ကတ္တရာကွန်ကရစ်လမ်း ၁ မိုင် ၆ ဒသမ ၅ ဖာလုံ၊ ၁၈ ပေ ကွန်ကရစ်လမ်း ၄၈ မိုင် ၇ ဒသမ ၁၉ ဖာလုံ၊ ၁၂ ပေ ကွန်ကရစ်လမ်း သုညမိုင် ၃ ဖာလုံ၊ ၁၈ ပေ ကွန်ကရစ်လမ်း ၅ မိုင် ၆ ဒသမ ၅ ဖာလုံ၊ ၁၂ ပေ ကတ္တရာလမ်း ၄၈ မိုင် သုည ဒသမ ၅၄ ဖာလုံ၊ ကျောက်လမ်း သုညမိုင် သုည ဒသမ ၆၇ ဖာလုံ၊ အမာခံလမ်း သုညမိုင် ၄ ဒသမ ၆ ဖာလုံ ဖြစ်သည်။ ။

# ရန်ကုန်မြို့ပတ်ရထားပေါ်၌ ရထားရဲတပ်ဖွဲ့ဝင်များအား လုပ်ကြံသတ်ဖြတ်မှုတွင် စီစဉ်ပါဝင်ခဲ့သူ မမြတ်ဖြိုးပွင့်၏ ဝန်ခံပြောကြားချက်

၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် မီးရထားရဲတပ်ဖွဲ့မှ လုံခြုံရေးရဲတပ်ဖွဲ့ဝင် ခြောက်ဦးသည် လက်နက်/ ခဲယမ်းများနှင့်အတူ အင်းစိန်-ရန်ကုန်-အင်းစိန်-လှော်ကား-အင်းစိန် မြို့ပတ်ရထားတွင် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိရာ ၎င်းတို့အား အလုံဘူတာနှင့် ပန်းလှိုင်အကြားတွင် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦးကျဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာရရှိကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက် လေးလက်နှင့် ခဲယမ်းအချို့ကို အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ယူဆောင်သွားသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါ လုပ်ကြံသတ်ဖြတ်မှုတွင် စီစဉ်ပါဝင်ခဲ့သူ မမြတ်ဖြိုးပွင့်၏ ဝန်ခံပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်-


မြတ်ဖြိုးပွင့်

ကျွန်မနာမည်က မြတ်ဖြိုးပွင့်(ခေါ်)ဂျိုကာပါ။ မှတ်ပုံတင်နံပါတ်က ၆/ကသန(နိုင်)၀၄၆၂၈၀။ လိပ်စာက တိုက် (2-A)မှန်ခန်း၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဖြစ်ပါတယ်။ အလုပ်အကိုင်က ကြက်ကြော်ဆိုင်ဖွင့်ထားပါတယ်။ ဖေဖော်ဝါရီ ၁ ရက်နေ့ တပ်မတော်က အာဏာထိန်းသိမ်းပြီးတဲ့ နောက်ပိုင်းမှာ ကျွန်မအနေနဲ့ အင်ဂျင်နီယာသပိတ်စစ်ကြောင်းမှာ တစ်ကြိမ်သွားပူးပေါင်းပြီး လျှောက်ဖူးပါတယ်။ ပြီးတော့ ပရဟိတစစ်ကြောင်းမှာ တစ်ကြိမ်သွားဖူးတယ်။ ကျွန်းတောလမ်းပေါ်မှာ ပရဟိတနဲ့ ဆက်စပ်ပြီးတော့သိတဲ့ အစ်မပိစိနဲ့ ကိုနေလင်းထွန်းကတစ်ဆင့် သိပြီးတော့ သူတို့က ခရီးတစ်ခုသွားဖို့ရှိတယ်။ ကျောပိုးအိတ်တစ်လုံးစာ အဝတ်အစားနှစ်စုံ၊ သုံးစုံနဲ့ ငွေနှစ်သိန်းလောက်ပါရင်ရပြီ။ အတူတူလိုက်မည့် လူဘယ်နှဦးရှိလဲ မေးတဲ့အချိန်မှာ ဇေယျာဖြိုးနဲ့ ကောင်းပြည့်စုံဦးဆိုတဲ့ သူငယ်ချင်းနှစ်ယောက်နဲ့အတူ ကျွန်မတို့ လိုက်သွားခဲ့ပါတယ်။ စုရပ်အနေနဲ့ Golden Park မှာ တစ်ညအိပ်ပြီး နောက်နေ့မနက်မှာ အစ်မ Golden Garlic နဲ့သူ့တူပါကျဲရယ်၊ ကျွန်မနဲ့ ဇေယျာဖြိုးပါတဲ့ ကားတစ်စီးနဲ့ ထွက်ပြီး ပဲနွယ်ကုန်းကို သွားပါတယ်။ ပြီးရင် ဟိုဘက်မှာ အတီးလို့ခေါ်တဲ့ အမည်မသိလူတစ်ဦးက လာကြိုတယ်။ ပြီးတော့ ကျွန်မတို့ ခေါ်ဆောင်ရာနောက်လိုက်ပြီး ချောင်းဘေးနေရာတစ်ခုကိုရောက်သွားပါတယ်။ KNU နယ်မြေလို့တော့ ကျွန်မသိထားပါတယ်။ အဲဒီနေရာကို ရောက်တဲ့အချိန်မှာ သင်တန်းက သုံးရက်ပေးပါတယ်။ သင်တန်းပြီးတော့ ပြန်လို့ရတယ်ဆိုပေမယ့် အောက်မှာ နယ်မြေမငြိမ်းချမ်းလို့ဆိုပြီး မပြန်ရဘဲ လကုန်လောက်မှပဲ ပြန်ခွင့်ရခဲ့ပါတယ်။ ကျွန်မတို့ ငါးလပိုင်းလောက် ရောက်တဲ့အချိန်မှာ အဖွဲ့ဝင်တွေက အတူတူနေရင် ပိုကောင်းတယ်၊ ကိုယ့်အိမ်မှာကိုယ်နေရင် မလုံခြုံဘူး၊ အဆင်မပြေတာတွေဖြစ်မယ်ဆိုလို့ ကိုနေလင်းထိုက်စီစဉ်ပေးတဲ့ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်းထောင့်က တိုက်နံပါတ် (၇) သုံးလွှာက ၃၀၂ အခန်းမှာ ကျွန်မချစ်သူဖြစ်တဲ့ ဇေယျာဖြိုး(ခေါ်) တရုတ်ရယ်၊ အခြားအဖွဲ့ဝင်တွေနဲ့အတူတူ ကျွန်မတို့ နေခဲ့ပါတယ်။ ကိုနေလင်းထိုက်(ခေါ်) ဗိုလ်လပြည့်ဝန်းက ကျွန်မတို့ရရှိတဲ့အလှူငွေ သိန်း(၁၀၀)ကို KNU ကလူတွေနဲ့ချိတ်ဆက်ပြီးတော့ လက်နက်မှာထားပါတယ်။ မှာထားတဲ့လက်နက်က အတိုနှစ်လက်၊ အရှည်တစ်လက်ရပါတယ်။ အဲဒီလက်နက်တွေကို ၄၉ မိုင်မှာ ကိုနေလင်းထိုက်ရယ်၊ ပူးချယ်ရယ်၊ ကျွန်မရယ် သုံးယောက်သွားသယ်ပါတယ်။ သယ်လာပြီးတော့ လက်နက်တွေကို ဘုရားကြီးဘက်က မီးပွိုင့်မှာထားခဲ့ပြီး မိနစ် ၂၀ လောက်အကြာမှာ သူတို့ပြန်ရောက်လာပါတယ်။ ရန်ကုန်ထဲကိုတော့ မပါလာပါဘူး။ တစ်လတစ်ကြိမ်လောက်တော့ အဖွဲ့ဝင်တွေ မျက်နှာစုံညီတွေ့တာမျိုးတော့ လုပ်ပါတယ်။ ရထားကိစ္စနဲ့ပတ်သက်ပြီး ခြောက်လပိုင်းမှာ ကျွန်မတို့တွေ့တဲ့ အချိန်မှာ ကိုနေလင်းထိုက်က အဆိုတင်သွင်းလာတယ်။ သူ့အနေနဲ့ အကွက်အကွင်းကောင်းတဲ့ နေရာလေးတစ်ခု တွေ့ထားတယ်။ မြို့ပတ်ရထားပေါ်မှာ ရဲအစောင့်သုံးလေးယောက်လောက်ပါတယ်။ အဲ့ဒါကို ညီတို့ညီမတို့ ဘယ်လိုသဘောရလဲဆိုပြီး မေးပါတယ်။ အခြားလူတွေက ကိုဇော်ဂျီကမြေပြင် operation လုပ်ရင်သူက ဦးဆောင်တဲ့လူဖြစ်တယ်လို့ပြောတဲ့အတွက် ကိုဇော်ဂျီက ဟုတ်ပြီအစ်ကို အဲ့ဒါဆိုရင်တော့ ကျွန်တော်တို့ လေ့လာထားလိုက်မယ်ဆိုပြီး ပထမအကြိမ်က အဲဒီလောက်နဲ့ အဆုံးသတ်ပါတယ်။ ဒုတိယအကြိမ် ကျွန်မတို့အစည်းအဝေးလုပ်တဲ့နေ့မှာ ရထားသွားတဲ့လမ်းကြောင်းတွေရယ်၊ ဘူတာစဉ်တွေနဲ့ ရထားအဝင်အထွက် အချိန်တွေကို သိခဲ့ရပါတယ်။ ရထားစီးပြီး စောင့်ကြည့်တဲ့ scout အဖွဲ့ကို ကျွန်မတို့က တစ်ဦးကို တစ်နေ့ တစ်သောင်းနှုန်းနဲ့ စရိတ်ပေးပါတယ်။ ရထားရဲတွေကို လုပ်ကြံတဲ့နေ့မှာ ကျွန်မပိုင်တဲ့ Honda Civic ကားကို ပိုးဥမောင်းပါတယ်။ ညနေပိုင်းလောက်မှာ Mizzima က သတင်းကိုဖတ်လိုက်ရပါတယ်။ တစ်ဆက်တည်း ကျွန်မတို့ group မှာ mission အောင်မြင်ကြောင်း ပြောတာကို ကျွန်မဖတ်လိုက်ရပါတယ်။ ရထားရဲလေးဦးသေဆုံးတယ်၊ နှစ်ဦးဒဏ်ရာရတယ်၊ သေနတ်လေးလက်လုယူခဲ့လိုက်ရတယ်ဆိုပြီး သိလိုက်ရတယ်။ အဲဒီအတွက် ကျွန်မတို့အဖွဲ့က ပိုးဥဆီကို ကိုဂျိုးဆိုတဲ့လူက ချီးမြှင့်ငွေ ငါးသိန်း Kpay ကနေလွှဲတယ်ဆိုတာကို group ထဲမှာပြောတာကို သိရပါတယ်။ မြောက်ဒဂုံက Golden Park မှာ အောင်ပွဲခံတဲ့အနေနဲ့ စားကြသောက်ကြတယ်။ အဲ့ဒါကိုလည်း ကျွန်မပြန်သိရပါတယ်။ ရထားရဲတွေကို သတ်ပြီး ယူလာတဲ့ သေနတ်လေးလက်ကို နောက်ရက်မှာ စိတ်ချရအောင်ဆိုပြီး NLD လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဖြိုးဇေယျာသော်တို့ဆီကို ပေးလိုက်ပါတယ်။ သူတို့ကတစ်ဆင့် တိုက်ချွတ်ဆေးကြောပေးထားပါတယ်။ ၃၁ ရက်နေ့မှာ သူတို့ဆီကနေ တစ်ဆင့် ကိုနန်းနွယ်ကယူလာပြီး ကျွန်မအိမ်မှာ ကျွန်မက လက်ခံပြီး သိမ်းထားပေးတာပါ။ ကျွန်မတို့အဖွဲ့ရဲ့ ငွေသုံးစွဲမှုက ကိုနေလင်းထိုက်ကတစ်ဆင့် ရလာတဲ့အလှူငွေတွေကို ကျွန်မနဲ့ မပိစိက ထိန်းသိမ်းပါတယ်။ သုံးစွဲမှုအနေနဲ့ ဒီအဖွဲ့ဝင်တွေရဲ့ နေထိုင်စားသောက်မှုစရိတ်တွေကို ကိုနေလင်းထိုက်ရဲ့ ညွှန်ကြားမှု၊ စီမံခန့်ခွဲမှုအတိုင်း သုံးစွဲပါတယ်။ ပြီးတော့ ငွေစာရင်းရှင်းတမ်းကို လေးလပိုင်းကစပြီး ခြောက်လပိုင်းအကုန်အထိကို ရရှိငွေက ၂၄၁ သိန်းကျော်နဲ့ အမေရိကန်ဒေါ်လာ ၆၀၀ ရှိပါတယ်။ အသုံးပြုပြီးတဲ့ငွေက ၃၅ သိန်းကျော်ရှိပြီး လက်ကျန်ငွေအနေနဲ့က မြန်မာငွေသိန်း ၂၀၀ ကျော်နဲ့ အမေရိကန်ဒေါ်လာ ၆၀၀ ကျန်ပါတယ်။ ဖောက်ခွဲရေးနဲ့ပတ်သက်ပြီး ငါးလပိုင်းမှာ ကျွန်မကားမောင်းပို့ပြီး ကိုရှမ်းလေးနဲ့ ပိုးဥတို့က ပန်းဆိုးတန်းမှာရှိတဲ့ အခွန်ရုံးမှာသွားပြီး ဖုန်းနဲ့ခွဲတဲ့ မိုင်းတွေသွားပြီး ထောင်ဖူးပါတယ်။ ပြီးတော့ ကျည်ဆန်ယူတဲ့နေရာမှာ ကိုနေလင်းထိုက်ကတစ်ဆင့်ရတဲ့ အချိတ်အဆက်နဲ့ ကျွန်မနဲ့ တရုတ်နှစ်ယောက်က ရန်ကင်းနဲ့ ဘောက်ထော်ကြားလမ်းတစ်ခုမှာ ကိုးမမကျည် ၃၀၀ ကျော်ကို သွားပြီး သယ်ဆောင်ဖူးပါတယ်။ ရထား ရဲတွေအသတ်ခံရတဲ့ ဖြစ်စဉ်ပြီးတဲ့နောက်ပိုင်း ကိုနေလင်းထိုက်က ကားဆရာတွေနဲ့အတူ လွတ်မြောက်နယ်မြေ ရောက်သွားပါတယ်။ ရောက်သွားပြီးတဲ့အချိန်မှာ သူက အင်တာဗျူးတစ်ခုတော့ဖြေမယ်လို့ ပြောတယ်။ အဲဒီလိုပြောတော့ ကျွန်မတို့က ဒီအတိုင်းပဲနေလိုက်ပါတယ်။ နောက်ပြီးတော့မှ Myanmar Now ကနေပြီး အင်တာဗျူးပို့စ် တက်လာပါတယ်။ အဲဒီအင်တာဗျူးပို့စ်ကြောင့် ကျွန်မတို့အခုလို ရဲတပ်ဖွဲ့ဝင်တွေရဲ့စုံစမ်းခြင်းကို ခံရပြီး ဖမ်းဆီးခံရတယ်လို့ ထင်ပါတယ်။ အဲ့ဒီ အင်တာဗျူးကြောင့်ပဲ ကျွန်မတို့အဖွဲ့ထဲမှာလည်း ကိုနေလင်းထိုက်နဲ့ အဆင်မပြေတာတွေဖြစ်လာပါတယ်။ ပြီးတော့ အဲဒီပို့စ်ကိုဖျက်ဖို့ ကျွန်မတို့ကြိုးစားကြတယ်။ အဲ့ဒါကမပျက်တဲ့အပြင် နောက်ရက်မှာပဲ Myanmar Now နဲ့ ကိုနေလင်းထိုက်ကပဲ အလှူခံပို့စ်နဲ့တွဲပြီး ထပ်တင်တယ်လို့ယူဆပါတယ်။ လက်ရှိမှာ Myanmar Now မှာပါလာတဲ့ သတင်းကြောင့် ကျွန်မတို့က ဖမ်းဆီးထိန်းသိမ်းခံရတယ်။ ဒုတိယ အလှူခံပို့စ်တင်ပြီးတော့ အလှူခံငွေတွေ ရခဲ့မယ်ဆိုရင် Myanmar Now နဲ့ ကိုနေလင်းထိုက်က လက်ခံပြီး သူတို့အသုံးပြုမယ်လို့ ကျွန်မထင်ပါတယ်။ အဓိကကတော့ အဲဒီသတင်းကြောင့် ကျွန်မတို့ အခုလို အဖမ်းခံရတာပါ။ ဒီရဲတပ်ဖွဲ့ဝင်တွေဆီက ယူထားတဲ့ သေနတ်လေးလက်ကလည်း ကျွန်မ အဖမ်းမခံရခင် နှစ်ရက်အလိုကမှ NLD လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဖြိုးဇေယျာသော်ဆီကနေ ကျွန်မလက်ထဲကို ရောက်တာပါ။ ရထားရဲတွေကို အသတ်ခံရတဲ့ ဖြစ်စဉ်ပြီးတဲ့နောက်ပိုင်းမှာ ကျွန်မ ဓာတ်ပုံတွေမြင်ရတယ်၊ သွေးတွေကို မြင်ရတယ်။ ကျွန်မအနေနဲ့ သူတို့ကိုသနားမိတယ်၊ ကျွန်မရဲ့ ဖြစ်တည်မှုကို ကျွန်မက အဓိပ္ပာယ်မရှိဘူးလို့ ခံစားရတဲ့အတွက်ကြောင့် အဖွဲ့ကနေထွက်ချင်တယ်။ အဲဒီအတွက် ကျွန်မအဖွဲ့က ထွက်တော့မှာဆိုပြီး ကောင်းပြည့်စုံ (ခေါ်) ကောင်းပြည့်ကိုပြောမိပါတယ်။ ထွက်ရင် သတ်ပစ်မှာဆိုပြီး သူကပြန်ပြောပါတယ်။

## သဲကုန်းမြို့ ဆင်တဲကုန်းကျေးရွာ၌ လက်လုပ်ရိုမုတ်မိုင်းစမ်းသပ်ပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ် တစ်ဦးသေ၊ နှစ်ဦး ဒဏ်ရာရ

**နေပြည်တော် စက်တင်ဘာ ၇**

သဲကုန်းမြို့နယ် ဆင်တဲကုန်းကျေးရွာနေ အုန်းဟန်(၃၇)နှစ် ပိုင်ဆိုင်သည့် ကြက်မွေးမြူရေးခြံအတွင်း စက်တင်ဘာ ၆ ရက် ည ၈ နာရီခွဲခန့်တွင် ပေါက်ကွဲမှု ဖြစ်ပွားသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ လက်လုပ်ရိုမုတ်မိုင်း စမ်းသပ်ပြုလုပ်စဉ် မတော်တဆ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားသဖြင့် သဲကုန်းမြို့နယ် အုတ်ဆွဲကျေးရွာနေ ရန်ကျော် (၂၄)နှစ်မှာ နေရာတွင် သေဆုံးခဲ့ကာ ၎င်းနှင့်အတူ မိုင်းစမ်းသပ်ရာတွင် ပါဝင်သူ ကြက်မွေးမြူရေးခြံပိုင်ရှင် အုန်းဟန်နှင့် လိပ်ပြာသိန်းသောင်းကျေးရွာနေ ဇင်လင်းထက် (၂၄)နှစ်တို့မှာ ပြင်းထန်ဒဏ်ရာများ ရရှိခဲ့ပြီး ပေါက်ကွဲသည့် ဝန်းကျင်တွင် လက်လုပ်မိုင်း ငါးလုံး၊ ဒီတိုနေတာ အခု ၃၀၊ ယမ်းကြိုး(အမြန်) ၂၇ မီတာနှင့် ဖောက်ခွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရှာငံဒေသမှ ထွက်ရှိလာသည့် အာလူးများ ဈေးကောင်းရရှိ

**မန္တလေး စက်တင်ဘာ ၇**

မန္တလေးမြို့ သီရိမာလာ ကုန်စိမ်းလက်ကားဈေးသို့ ရှာငံဒေသမှ ထွက်ရှိဝင်ရောက်လာသည့် အာလူးများ ယခင်နှစ်များထက် ဈေးကောင်းရရှိနေကြောင်း အဆိုပါ ဈေးအတွင်းရှိ အာလူးပွဲရုံများထံမှ သိရသည်။



အဆိုပါ ရှာငံဒေသမှ ထွက်ရှိလာသည့် အာလူးများသည် လက်ရှိအချိန်တွင် မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ကားအစီးရေ ခုနစ်စီးမှ ရှစ်စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းများမှာလည်း ယခင်နှစ်များထက် ဈေးကောင်းရရှိနေကြောင်း၊ ယခင်နှစ်က အာလူးဈေးတစ်ပိဿာလျှင် အမြင့်ဆုံးဈေးငွေကျပ် ၇၀၀ သာ ရရှိခဲ့သော်လည်း ယခုနှစ်ဈေးနှုန်းများမှာ အာလူးအသေးတစ်ပိဿာလျှင် ငွေကျပ် ၄၀၀ နှုန်းထိ ရရှိနေပြီး အလုံးကြီးရှယ်တစ်ပိဿာလျှင် ငွေကျပ် ၉၀၀ မှ ၁၀၀၀ အထိ ဈေးနှုန်းများ ရရှိနေကြကြောင်း မန္တလေးမြို့ အဆိုပါ ကုန်စိမ်းဈေးမှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

အဆိုပါ ရှာငံဒေသထွက် အာလူးများသည် လက်ရှိအချိန်တွင် မန္တလေး ဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျှက်ရှိနေပြီး ဈေးနှုန်းမှာလည်း ကောင်းမွန်လျက်ရှိကြောင်း၊ ယင်းအာလူးများ ဈေးကောင်းရရှိနေခြင်းနှင့်အတူ ကျန်သည့်ကုန်စိမ်းသီးနှံများဖြစ်သည့် ဂေါ်ဖီထုပ်၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့သည်လည်း ပုံမှန်ဈေးဖြင့် ရောင်းချနေရကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံစိုက်ပျိုးမှု ဧက ၇၇၀၀၀၀ ကျော်ပြီးစီး

**စစ်ကိုင်း စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်း ဒေသကြီးတွင် ဆီထွက်သီးနှံစိုက်ပျိုးမှု ၇၇၀၀၀၀ ကျော် ပြီးစီးနေပြီဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီး ဌာနဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောကြားသည်။

**စိုက်ပျိုးပြီးစီး**

စစ်ကိုင်း တိုင်းဒေသကြီးတွင် ဆီထွက်သီးနှံဧက ၈၂၅၆၀၀ စိုက်ပျိုးရန် လျာထားပြီး ဆီထွက်သီးနှံများကို မေလမှစတင်၍ စိုက်ပျိုးလျက်ရှိရာ ယနေ့အထိ ၇၇၅၆၁၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်း တိုင်းဒေသကြီးမှာ ဆီထွက်သီးနှံ စိုက်ဖို့လျာထားတာက ဧကရှစ်သိန်းကျော်ရှိတယ်။ ဒီနေ့ထိ ခုနစ်သိန်းကျော် စိုက်ပြီးပြီ။ ဒီနှစ်က မြေပဲဆိုရင် လျာထားချက် ပိုစိုက်နိုင်တယ်။ ဆီထွက်သီးနှံမှာ မနှစ်ကထက် ပိုပြီးစိုက်ပျိုးနိုင်တယ်။ ကျန်ဧကတွေကို ဒီဘဏ္ဍာနှစ်အတွင်းမှာ အပြီးစိုက်ကြမှာပါ"ဟု ဦးဝင်းလှိုင်ဦးက ပြောကြားသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံ ၇၇၅၆၁၄ ဧက စိုက်ပျိုးပြီးစီးမှုအနေဖြင့် နှမ်း ၃၈၇၁၆၅ ဧက၊ မြေပဲ ၃၅၂၉၀၉ ဧက၊ နေကြာ ၃၅၁၉၆ ဧက၊ သစ်ဆိမ့် ၃၄၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံ ၇၇၅၆၁၄ ဧက စိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းခရိုင်တွင် ၉၉၈၄၂ ဧက၊ မုံရွာခရိုင်တွင် ၁၃၇၁၈ ဧက၊ ယင်းမာပင်ခရိုင်တွင် ၂၂၅၁၃၄ ဧက၊ ရွှေဘိုခရိုင်တွင် ၂၀၁၇၄၆ ဧက၊ ကန့်ဘလူခရိုင်တွင် ၅၈၇၇၂ ဧက၊ ကသာခရိုင်တွင် ၁၅၃၃ ဧက၊ ကောလင်းခရိုင်တွင် ၁၄၁ ဧက၊ ကလေးခရိုင်တွင် ဧက ၅၀၉၀၀၊ မော်လိုက်ခရိုင်တွင် ဧက ၈၀၊ ခန္တီးခရိုင်တွင် ဧက ၁၅၀၀၊ နာဂဒေသတွင် ၅၉၈ ဧကတို့ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

**လူလေး**





## မော်လမြိုင်မြို့တွင်းလမ်းများ ရေကြီးမှုများ လျှော့နည်းပပျောက်ရေး ဆောင်ရွက်

**မော်လမြိုင် စက်တင်ဘာ ၇**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲ ၂ နာရီက မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် တောင်ဝိုင်းကန်ညီနောင်အထက်ဘက် စက်ယန္တရားများဖြင့် ရေခေါ်မြောင်းနှင့် ရေကန် ပြန်လည်တူးဖော်နေမှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်နှင့် မြို့တွင်းလမ်းများ ရေကြီးမှုများ လျှော့နည်းပပျောက်ရေးအတွက် ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

**အမှိုက်များ စနစ်တကျစွန့်ပစ်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်ရပ်ကွက် အုတ်ဖိုလမ်းပေါ်ရှိ ဟောင်သရောမြစ်အား ချောင်းဖြောင့်ဆွဲခြင်းလုပ်ငန်းဆောင်ရွက်မည့် နေရာသို့ရောက်ရှိပြီး ပြည်နယ်ဝန်ကြီးချုပ်က မော်လမြိုင်မြို့သည် မိုးများသည့်အတွက် ရေခေါ်မြောင်းများ စနစ်တကျဆောင်ရွက်ရန်၊ အမှိုက်သရိုက်များ စနစ်တကျစွန့်ပစ်စေရန် မှာကြားသည်။

မော်လမြိုင်မြို့သည် နှစ်စဉ်မိုးရေချိန်လက်မ ၂၀၀ ခန့် ရွာသွန်းပြီး မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရိုးချောင်းထွက်ပေါက်များမှ ရေတက်၊ ရေကျရှိသော အတ္ထရံမြစ်၊ ဂျိုင်းမြစ်၊ သံလွင်မြစ်တို့နှင့် ဆက်စပ်လျက်ရှိရာ တချို့လမ်းများ၊ ရပ်ကွက်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့်အတွက် ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက အချိန်မီပြီးစီးအောင် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အခြေခံစားသောက်ကုန်များကို ရွှေ့လျားယာဉ်များဖြင့် ဈေးနှုန်းချိုသာစွာ လှည့်လည်ရောင်းချပေး

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ စီစဉ်မှုဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တို့ပူးပေါင်း၍ စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက စက်ဆန်းရပ်ကွက်နှင့် ကူးတို့ဆိပ်ရပ်ကွက်နေ ပြည်သူများအား အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ကြက်ဥများကို ရွှေ့လျားမော်တော်ယာဉ်ဖြင့် ဈေးနှုန်းချိုသာစွာ လာရောက် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရေးအတွက် ဧည့်မထဆန် ငါးပြည်တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၊ ပေါ်ဆန်းငါးပြည်တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၊ ဆီ ၅၀ ကျပ်သားတစ်ဘူးလျှင် ငွေကျပ် ၁၈၅၀၊ ကြက်ဥ ၁၀ လုံးတစ်ကတ်လျှင် ငွေကျပ် ၁၃၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**




**သုံးခွ**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းနှင့် မြို့နယ်စည်ပင်သာယာအဖွဲ့တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ပြည်သူများအား စားဝတ်နေရေးအစဉ်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ကြက်ဥ စသည့် စားသောက်ကုန်ပစ္စည်းများကို (ဒုတိယအကြိမ်) ရွှေ့လျားယာဉ်ဖြင့် ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်စည်ပင်သာယာရေးရုံးရှေ့နှင့် အမှတ် (၉) ရပ်ကွက် ညောင်ပင်လေးဈေးရှေ့တို့တွင် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ရောင်းချရာတွင် ဆီ ၅၀ ကျပ်သားတစ်ဘူးလျှင် ငွေကျပ် ၁၈၅၀ နှုန်းဖြင့်လည်းကောင်း၊ ကြက်ဥ ၁၀ လုံး တစ်ကတ်လျှင် ငွေကျပ် ၁၃၀၀ နှုန်းဖြင့်လည်းကောင်း၊ ပေါ်ဆန်းမွှေး ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၇၀၀ နှုန်းဖြင့်လည်းကောင်း၊ ရိုးရိုးဆန်တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့်လည်းကောင်း ရွှေ့လျားမော်တော်ယာဉ်နှစ်စီးဖြင့် လာရောက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါဈေးရောင်းချရာနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခိုင်ကြည်သာလှနှင့် စည်ပင်ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

**ကြာအင်းဆိပ်ကြီး**

ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ကြာအင်းဆိပ်ကြီးမြို့၌ စက်တင်ဘာ ၆ ရက် နံနက်ပိုင်းမှစတင်ကာ ရပ်ကွက်များအတွင်းသို့ ရွှေ့လျားမော်တော်ယာဉ်ဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် မိုလ်ဘိုင်းစနစ်ဖြင့် လှည့်လည်ရောင်းချရာတွင် ရပ်ကွက်များအတွင်းသို့ လှည့်လည်ပြီး အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဆန်သုံးပြည်အထိလည်းကောင်း၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် ၁၀ လုံးအထိလည်းကောင်း၊ ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၃၅၀ နှုန်းဖြင့် နှစ်ပိဿာအထိလည်းကောင်း ရောင်းချခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး**




## လှိုင်းဘွဲ့မြို့နယ်သို့ Oxygen Plant စက်သစ် ရောက်ရှိ

**လှိုင်းဘွဲ့ စက်တင်ဘာ ၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် စုပေါင်းလှူဒါန်းမှုဖြင့် ဝယ်ယူထားသော Oxygen Plant စက်သစ်ကို ယမန်နေ့က လှိုင်းဘွဲ့မြို့နယ်သို့ ရောက်ရှိသည်။

အောက်ဆီဂျင်ထုတ်စက်ရောက်ရှိမှုကို အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့ပြီး အောက်ဆီဂျင်စက်ရုံကို စက်တင်ဘာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်ရက်လျှင် လီတာ ၄၀ ဆံ့အိုးအလုံး ၂၀၀ ထွက်ရှိမည်ဖြစ်ကြောင်း အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ဒါနပါရမီ

# သိကြားမင်းပင် တုန်လှုပ်ရသည့်အလှူ

မောင်ဆန္ဒ(လယ်ဝေး)

(ယခင်အပတ်မှအဆက်)

ဝိသယှသူဌေးသည် လှေကားရင်းမှတွေ့သည့် ထမ်းပိုးနှင့်တံစဉ်ကို ကောက်ယူလျက် ဘာလုပ်ရမလဲဟု စဉ်းစားနေမိသည်။ ရုတ်တရက် ပြေးဝင်လာသော အတွေးတစ်ခုကြောင့် အိမ်ပေါ်ပြန်တက်ခဲ့သည်။ စိတ်မကောင်းဖြစ်ဟန်ဖြင့် အိမ်ရှေ့ဧည့်ခန်းတွင် အထီးကျန်ထိုင်မှိုင်နေသော သူဌေးကတော်အပါး ချဉ်းကပ်သွားသည်။ တံစဉ်နှင့်ထမ်းပိုးကို ရှေ့တွင်ချလျက် တက်ကြွသည့်လေသံဖြင့် ပြောလိုက်သည်။

"ရှင်မ...ဒီမယ် ရှင်မ"

"ပြောပါ သူဌေး"

"ကျုပ် မြက်ရိတ်ရောင်းမယ်"

"ရှင်...ဘာပြောလိုက်တယ် သူဌေး"

"ကျုပ်ဘဝ တစ်သက်တာမှာ ပင်ပင်ပန်းပန်း မလုပ်ဖူးတာ ရှင်မ အသိပဲ၊ မြက်ရိတ်တဲ့အလုပ်လည်း ကျုပ်မလုပ်တတ်ဘူး၊ ဒါပေမယ့် လူတွေလုပ်တဲ့ အလုပ်မှန်ရင် ငါလည်းလုပ်နိုင်ရမယ်။ ဒီတော့ မြက်ရိတ်ရောင်းပြီး

"ဩော်...သူဌေးရယ်၊ မဟုတ်သေးပါဘူး"

"ဟုတ်တယ် သူဌေးကတော်၊ ကျုပ်ဟာ မလှူဒါန်းဘဲ မနေနိုင်ဘူး၊ ကံအကြောင်းမလှလို့ ဆင်းရဲမွဲတေသွားပေမယ့် လှူလိုစိတ်မကုန်ဘူး၊ လှူနိုင်အောင် ငွေရှာမယ့်နည်းက ဒီနည်းပဲရှိတယ်၊ ဘယ့်နှယ်လဲ"

"ဘယ့်နှယ်လဲ"ဟု စိတ်အားတက်ကြွသည့် အမူအရာဖြင့် မေးလာသည့် လင်တော်မောင်ကို "တော် မဖြစ်ပါဘူး"ဟု စကားမဆိုရက်။ ကုဋေရှစ်ဆယ်ကြွယ်ဝချမ်းသာသည့် သူဌေးကြီးက လူမွဲတေသွားသော်လည်း သဒ္ဓါစိတ်မမွဲ။ မြက်ရိတ်ပြီး လှူဒါန်းသည်ဟုဆိုလျှင် ကဲ့ရဲ့စရာတော့ အကြောင်းမရှိ။ ပတ်ဝန်းကျင်က ကဲ့ရဲ့လည်း သူဌေးဝိသယှကမူ အလျဉ်းဂရုစိုက်မည်မဟုတ်။ သူ့အာရုံတွင် လှူဒါန်းဖို့တစ်ခုတည်းသာ ရှိနေသည်။

"ရှင် လုပ်မယ်ဆိုရင်တော့ ကျွန်မကလည်း ကူညီမှာပါ"

"ဒါပဲ၊ အဲလိုစိတ်ထားရှိတဲ့မိန်းမမျိုး ရွေးယူမိတာ ကျုပ်ကံကောင်းတာပဲ"

"မြှောက်မနေပါနဲ့ ရှင်၊ ရှင်မမြှောက်လည်း ဝတ္တရားအရ ကူညီမှာပါ"

"အို...ဘယ့်နှယ် မြှောက်ပင့်စကားပြောရမလဲ၊ ကျုပ် တကယ်အတည်ပြောတာ၊ ဝိသယှချမ်းသာစဉ်က ဝိသယှအပါးမှာ မျက်နှာလို အားရစကားတွေပြော၊ မြှောက်လုံးပင့်လုံးတွေနဲ့ လိမ်ညာစားသူတွေက ခုတော့ ကျုပ်အပါးမှာ မရှိတော့ဘူး။ သစ္စာရှိရှိနဲ့ ကောင်းတူဆိုးဖက် ရပ်တည်နေတာ ရှင်မပဲရှိတယ်၊ ပြီးတော့ ကျုပ်နဲ့အတူ ဘဝရေဆန်ကို ရင်ဆိုင်ကျော်လွှားမယ်ဆိုတာ သိရတော့ ရင်ထဲမဖော်ပြနိုင်အောင် ကျေနပ်မိတယ်။ ဟော...အခု ကျုပ်ရဲ့ဆန္ဒကို ဖြည့်စွမ်းပြီး မြက်ရိတ်၊ မြက်ရောင်းတာ ကူမယ်ဆိုတော့ ရှင်မကို မချီးကျူးရင် ဘယ်သူ့ချီးကျူးရမလဲ"

"အခု သူဌေးမင်း ကြံစည်တာကမကောင်းတဲ့ အလုပ်မှမဟုတ်တာ၊ သူတစ်ပါးပစ္စည်း လုယက်၊ ခိုးဝှက်မယ်ဆိုရင်တော့ ကျွန်မအားပေးချင်မှအားပေးမှာပေါ့၊ အခုကိစ္စက အလှူအတန်းအတွက်လေ"

"သာဓုပါဗျာ၊ သာဓုပါ"

ဝိသယှတို့ ဇနီးမောင်နှံသည် ပစ္စည်းဆုံးရှုံးမွဲတေသွားသော်လည်း စိတ်ဓာတ်မကျ၊ ဝမ်းမနည်း၊ လှူရေးတန်းရေး မလုပ်ရ၍ စိတ်ညစ်ညူးသည်က လွဲပြီး အခြား အပူအပင်မရှိခဲ့။ ခုတော့ စွမ်းနိုင်သမျှ လှူနိုင်တော့မည်ဟု တွေးလျက် ပို၍ပင်အားတက်လာသည်။

ဝိသယှသူဌေးမောင်နှံသည် မြက်ကို မြက်မှန်းတော့သိသည်။ သို့သော် မြက်ရိတ်နည်း မသိ။ မြက်ကို တံစဉ်ဖြင့် လှီးဖြတ်ရမှန်း သိသည်။ သို့သော် ဘယ်နည်းဘယ်ပုံ လှီးဖြတ်ရမည်မသိ။ မြက်ပြတ်လျှင်ပြီးရောဟု တွက်လျက် မြက်ရိတ်သည်။ နည်းလမ်းမကျသဖြင့် တစ်မနက်လုံးလုံး ချွေးတလုံးလုံးနှင့်ရိတ်မှ မြက်တစ်ထမ်းရသည်။ ထိုမြက်ထုံးကို ထမ်းပိုးလျက် မြို့ပြင်တံခါးဝတွင် ချရောင်းသည်။ သူဌေးကြီး လင်မယားက မြက်ထမ်းရောင်းနေသည်ကိုမြင်တော့ တချို့က လှောင်ပြုံး၊ ခနဲ့ပြုံးနှင့် ပြုံးသွားသည်။ "မြက်ထမ်းရောင်းတာ တွက်ခြေကိုက်ရဲ့လား"ဟု ခနဲ့သူကလည်း ခနဲ့သည်။ တစ်ဖက်သားအပေါ် ကြင်နာသနားတတ်သူတို့ကမူ စုတ်သပ်ကြသည်။ "စိတ်မကောင်းလိုက်တာ သူဌေးရယ်"ဟု ဆိုသူက ဆိုသည်။ မည်သူက မည်သို့ပင်ပြောပြော၊ ချီးမွမ်းလည်း ဘဝင်မမြင့်၊ ကဲ့ရဲ့လည်း မတုန်လှုပ်၊ သူ့အလုပ်ကို သူလုပ်သည်။

တစ်နေကုန် မြက်ရိတ်ရောင်းသည့်ဝင်ငွေက တစ်ပဲနိသာရသည်။ ပဲနိဝက်ကို လင်မယားနှစ်ယောက်စားရေးအတွက် သုံးပြီး ကျန်ပဲနိဝက်ကို လှူဖို့ ဆုံးဖြတ်လိုက်သည်။ ဖွတ်ကျောပြာစု၊ ခရုဆန်ကျွတ်ဘဝ ရောက်နေသော်လည်း ဝိသယှကမူ အားမပျက်။ မာန်မလျှော့။ ငါ့ဘဝ ဘာပဲဖြစ်ဖြစ် လှူရရင် တော်ပြီဟုသာ တွက်ထားသည်။ သို့နှင့် မြက်ရောင်းရငွေ တစ်ပဲနိကိုကိုင်လျက် ဝမ်းသာကြည်နူးစိတ်ဖြင့် မြို့တွင်း ပြန်ဝင်ခဲ့သည်။

"သူဌေး ...သူဌေးမင်း၊ ကျွန်တော်တို့တစ်တွေ စားရမယ့် သောက်ရမယ့် ဖြစ်နေပြီ၊ ဟိုတုန်းကဆို ဒီနေရာ ဟောဟိုမြင်ရတဲ့ မဏ္ဍပ်ပျက်ကြီးမှာ အလှူကြီး နေ့စဉ်ပေးနေတော့ စားရမှာ မပူပင်ရဘူး၊ တကယ် ကျေးဇူးတင်မိတယ်။ ကျုပ်တို့ အသက်ရှင်နေတာဟာ သူဌေးရဲ့ ကျေးဇူးကြောင့်ပါ"

"အင်း...ငါလည်း ခုတော့ မလှူနိုင်တော့ဘူး၊ မွဲပြာကျသွားပြီ"

"အဟဲဟဲ၊ သူဌေးကြီး မွဲတယ်ဆိုတာတော့ ကျုပ်တို့ မယုံဘူးဗျာ၊ ဆင်ပိန်ရင် ကျွဲလောက်တော့ ကျန်မှာပါ။ ဘယ်လိုလဲ၊ လှူချင်စိတ် မရှိတော့လို့လား"

"ဟာ...ဒီလိုစိတ် မရှိပါဘူး၊ ကျုပ် တကယ် ဆင်းရဲသွားတာပါ၊ လှူချင်စိတ်ရှိလို့ မြက်ရိတ်ရောင်းပြီး လှူဖို့လုပ်နေတာပါ"


"လှူမယ်၊ ဒါဆို သနားပါဗျာ၊ ကျုပ်တို့ မစားရ မသောက်ရတာ နှစ်နပ်၊ သုံးနပ်ရှိပြီ၊ ကယ်ပါ သူဌေးရယ်"

လှူဖို့ ရည်စူးပြီး ဆောင်လာသည့် ငွေတစ်ပဲနိကို ပြန်ကြည့်သည်။ ဤထဲမှ ပဲနိဝက်တန်ဖိုးရှိ လှူဖွယ်ပစ္စည်းကို ဝယ်မည်။ အကျင့်မြတ်ရှိသော ရသေ့ရဟန်းတို့အား လှူဒါန်းမည်ဟု ကြံစည်ထားခဲ့သည်။ သို့သော် အလှူခံသူတွေက ရှိနေပြီ။ သူ့အပါးတွင် ဝန်းရံနေပြီ။ လှူဖွယ်ဝတ္ထုတစ်ပဲနိကလည်း ရှိပြီ။ လှူလိုစိတ်လည်းရှိနေပြီ။ အလှူဒါနပြုဖို့သာ လိုတော့သည်။

(ဆက်လက်ဖော်ပြပါမည်)

စာရေးဆရာ မောင်ဆန္ဒ(လယ်ဝေး)၏ မြင့်မြတ်သူတို့ကျင့်စဉ် (ပါရမီဆယ်ပါး) စာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# လူကြီးသူမနှင့် စကားပြောခြင်း




ကျွန်တော်နှင့် အိမ်နားက ကလေးငယ်များ ပျော်ပျော်ပါးပါးဖြင့် ယဉ်ကျေးမှုစကားဝိုင်းလေး လုပ်လာတာ အခုဆို သုံးပတ်မြောက်ပင်ရှိနေပြီ။

ကျွန်တော်တို့ဝိုင်းက ပိုက်ဆံပေးဖို့ မလို၊ လာချင်လာ၊ မလာချင်ရသည်။ စိတ်မဆိုးစတမ်း ပြောချင်တာပြောလို့လည်းရသည်။ အခုလည်း မောင်သီလတို့ လူသိုက် စီစီညံညံ ပျော်ပျော်ပါးပါးနှင့် အိမ်ပေါ်တက်လာကြသည်မို့ ကျွန်တော်က စာကြည့်နေရာမှသူတို့စကားဝိုင်းဆီကို ထွက်လာခဲ့သည်။

"အားလုံး ... မင်္ဂလာပါကွာ"

"ဟုတ်ကဲ့ ... မင်္ဂလာပါ... ဘဘ"

"ဟော့ ... မယဉ်မေ မတွေ့ပါလား။ မောင်သီလ မင်းညီမကော"

"ညီမလေး ... ဒီနေ့မလာဘူးခင်ဗျာ"

"နေမကောင်းလို့လား"

"မဟုတ်ဘူး... ဘဘ၊ မနက်က မေမေက သူ့ကို ထမင်းအိုး တည်ခိုင်းတယ်လေ။ အဲဒါ သူက အပျင်းထူပြီး ပေကတ်ကတ် လုပ်နေတယ်။ ဒါနဲ့ အမေက ရိုက်မယ်လုပ်တော့၊ ဆောင့်ဆောင့်အောင့်အောင့်နဲ့ မီးဖိုထဲဝင်သွားပြီး ထမင်းအိုးကို ဂလုန်ဂလောင်နဲ့ လုပ်ရော၊ ဒီတွင် မေမေက"

"အံမာ၊ နင်က ငါ့ မထီလေးစားလုပ်ရလား"ဆိုပြီး နောက်ကနေ သူ့ဇက်ပိုးကို နှစ်ချက်သုံးချက် အုပ်ထည့်လိုက်တယ်။ အဲဒါစိတ်ကောက်ပြီး ထမင်းမစားဘဲ အခန်းထဲအောင်းနေတယ်။ ကျွန်တော် ခေါ်တာ ထူးတောင်မထူးဘူး"

"အေးကွာ။ ဒီကလေးမက သူ့ကြည့်တော့ လိမ္မာပုံလေးနဲ့ဟာ။ မိဘကို မထီလေးစား လုပ်ရတယ်လို့၊ မိဘခိုင်းတာကို ကြည်ကြည်ဖြူဖြူနဲ့ လုပ်မှပေါ့။ ကိုယ့်မယ်ကူညီခွင့်ရတယ်ဆိုပြီး ဝမ်းတောင်သာရမှာ"

"ဟော့ .. ဒါမင်းညီမက သူ့အမေကို ကာယကံမြောက် စော်ကားတာပဲကွ"

"အံမယ် ညီကြီးရယ်။ မင်းဟာက ပုဒ်မ မကြီးလွန်းဘူးလား" "ဟုတ်တယ်လေ။ အမေကို မလုပ်ရဲလို့ အိုးခွက်သက်မဲ့ကို ဆောင့်ကြီးအောင့်ကြီး လုပ်ပြတဲ့ဟာ စော်ကားတာနဲ့ အတူတူပဲပေါ့။ ဒါ အမေကို အရွဲ့တိုက်တာ၊ မလေးမစား လုပ်တာပဲ"

"မင်းနှမက ငါ့ရ,ထားတဲ့ စာနဲ့ဆို ပြောင်းပြန်ပဲဟေ့"

"နို့ မင်းစာက ..."

"ငါ့ စာကလား၊ အဟမ်း ... အဟမ်း"

"မထီမဲ့မြင်၊ ဖမိခင်၊ မင်းလျှင်မပြုနဲ့။ လူကြီးသူမ၊ ဆိုသမျှ မင်းက မလှန်နဲ့"တဲ့ကွ။

"ဒါ မင်းညီမက မအေကို တော်လှန်အန်တုပုံမျိုးပဲ"

"နို့ နေစမ်းပါဦး .. ညီကြီးရဲ့ ဒီစာကို မင်းဘယ်က ရ,ထားတာလဲ"

"ကျွန်တော့်ဦးလေး ဘုန်းကြီး သင်ပေးထားတာ"

"ကောင်းလိုက်တာကွာ။ နောက်ရှိသေးလား"

"ရှိပါတယ် ... ဘဘ"

"ခေါ်လျှင် မကြာ၊ ရှင်၊ ခင်ဗျာ၊ ထိုက်ရာ ထူးပါကွယ့်"

"အင်း, ဗျို့, ဝူး, ဝေ, ဘာတုန်းဟေ, အေးဟေဟူ၍ မထူးနဲ့တဲ့"

"ရဟန်းသံဃာ ခေါ်တဲ့အခါ ထူးပါ အရှင်ဘုရား"

"ဟား .. ဟား၊ ညီကြီး ... ညီကြီး ဒီအပိုဒ်ကတော့ မင်းနဲ့အံကိုက်ပဲ" –

"ဘာ အံကိုက်တာလဲ မောင်သီလရ"

"ဒီလိုပါဘဘ၊ တစ်နေ့က ကျွန်တော်တို့ ကစားနေကြတယ်။ ညီကြီးလည်း ပါတယ်။ အဲဒါ သူ့အမေ ဒေါ်ကြီးအေးက ..."

"ညီကြီးရေ ... ညီကြီးရေ"လို့ ခေါ်တော့ ညီကြီးက "ဘာတုန်း၊ ဒီမယ် ကစားနေတယ်"တဲ့ဟေ။ အဲဒါ "ဘာတုန်းဟေ" နဲ့ မကိုက်ဘူးလား"

"အေး ... အေး၊ ဘွာတေးကွာ၊ ဒီတုန်းက ငါမှားသွားတယ်။ ကစားရင်းတန်းလန်းဆိုတော့ စာမေ့သွားလို့ကွ"

"အံ့ ... ညီကြီးရယ်။ စာများ မေ့ရတယ်လို့၊ နို့ ... ဒါမျိုးက မင်းကို စာပြန်ခိုင်းတာမှမဟုတ်တာ။ ဒီစာထဲကဆိုထားသလို ကျင့်ရမှာကွ"

"မင်းစာတွေကလည်း ကောင်းလိုက်တာ၊ ထိလိုက်တာကွာ။ မိဘကဖြစ်ဖြစ်၊ ဆရာသမားတို့၊ ကိုယ့်ထက်ကြီးသူတို့ကဖြစ်ဖြစ် ကိုယ့်ကိုခေါ်တဲ့အခါ ရိုင်းရိုင်းစိုင်းစိုင်း ပြန်မထူးရဘူးတဲ့"

"အဲ ..မင်းတို့ပြောစမ်း "ဝူးလို့ ထူးရမလား"

"မထူးရပါ"

"ဝေ ...လို့ကောကွာ"

"မထူးရပါ"

"ဟေ ... လို့ရောကွာ"

"မထူးပါ"

"ဗျို့တို့၊ ဘာတုန်းတို့ရော ..."

"မထူးရပါ"

"အေး ... ရှင်တို့၊ ဗျာတို့ ထူးရမှာ။ ရဟန်းသံဃာက ခေါ်ရင်လည်း "အရှင်ဘုရား"လို့ ထူးရမှာနော်"

"ဟုတ်ကဲ့ပါ ... ဘဘ"

"အေး ... လူကြီးသူမနဲ့ ဆက်ဆံရင် ကိုယ်အမူအရာလည်း ယဉ်ရမယ်။ နှုတ်ထွက်စကားလည်း ယဉ်ရမယ်။ ဒါမှ လူကြီးသူမရဲ့ မေတ္တာဓာတ်ကို မင်းတို့ရကြမှာ။ ဒါကြောင့်မို့ အပြောအဆိုရော၊ အနေအထိုင်ရော ယဉ်ကျေးသိမ်မွေ့စွာနဲ့ ဆက်ဆံကြပါလို့ ဘဘမှာချင်တယ်"

"ဟုတ်ကဲ့ပါ .... ဘဘ"

ကလေးများအသံက ရင်ကို အေးမြသွားစေတော့သည်။

■

## အရှုံးထဲက အမြတ်

# မသိငါးမျိုး သိတစ်မျိုး



**ဓမ္မဒူတ
ဒေါက်တာအရှင်ဆေကိန္ဒ**

လူတိုင်း လူတိုင်း မွေးလာပြီးရင် မသေတဲ့လူမရှိပါဘူး။

ဘာလို့ သေရတာလဲလို့မေးရင် ကျောက်ကပ်ကြောင့်လည်း မဟုတ်ပါဘူး၊ နှလုံးကြောင့်လည်း မဟုတ်ပါဘူး၊ သေတဲ့ခဓာကိုက ပါလာလို့ပါပဲ။

အဲဒီ သေတဲ့ခဓာကို မိမိတို့ ကိုယ်တိုင်ဉာဏ်နဲ့မြင်ရင် သေမင်းဆိုတာ အချွန်အတက်တွေနဲ့ သေမင်း မဟုတ်ဘူး၊ ဉာဏ်အသိနဲ့ မြင်ရတဲ့ သေမင်း ဖြစ်ပါတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သေမင်းနဲ့ ပတ်သက်ပြီးတော့ သိစရာတွေကို ငါးမျိုးဟောခဲ့တာပါ။

သေတဲ့ခဓာတွေ ခန္ဓာကိုယ်ထဲမှာ ရှိနေပါတယ်။

အဖေတွေ၊ အမေတွေ ကိုယ့်ကို ဘယ်လောက်ချစ်ချစ် သေတဲ့ခဓာတွေ ကိုယ့်ကို အမွေပေးခဲ့တာပါ။ ဒီသဘောတွေကို အသိဉာဏ်နဲ့ မြင်ရပါမယ်။

တစ်ယောက်မကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော သတ္တဝါအပေါင်းတို့သည် ဆိုက်ရောက်လာသည့် အခါ မရွေး၊ ညှိယနေ့၌သော် လည်းကောင်း၊ နံနက်မိုးသောက် အလင်းရောက်လာ နက်ဖြန်ခါ၌သော် လည်းကောင်း သေရမည်ကို ကြီးကြီးငယ်ငယ် ရွယ်ရွယ်မဆို အဘယ်ပုဂ္ဂိုလ်သည် ဉာဏ်ဖြင့် ပိုင်းဖြတ်နိုင်းချိန်လတ်၍ တပ်အပ်သေချာ ဘယ်မှာ သိနိုင်ပါအံ့နည်း။

သတ္တဝါတိုင်း သတ္တဝါတိုင်း သေမှာပဲ။

သေမင်းနဲ့ ပတ်သက်ပြီး မသိတာ ငါးမျိုးရှိပါတယ်။

(၁) ဘယ်အချိန်မှာ သေမယ် မသိပါဘူး။
(၂) ဘယ်နေရာမှာ သေမယ် မသိပါဘူး။
(၃) ဘယ်နေ့မှာ သေမယ် မသိပါဘူး။
(၄) ဘယ်ရောဂါနဲ့ သေမယ် မသိပါဘူး။
(၅) သေပြီးရင် ဘယ်ရောက်မယ်ဆိုတာ မသိပါဘူး။

ဒါ သေမင်းနဲ့ပတ်သက်တဲ့ မသိနိုင်တဲ့ သဘာဝဖြစ်ပါတယ်။

ဒီရောဂါကြီးဖြစ်နေပေမယ့် တခြားဟာနဲ့ သေချင်သေမှာပါ။ ဒီနေရာမှာ နေပေမယ့် ဒီမှာ သေချင်မှသေတာ၊ တခြားအရပ်မှာ သေချင်သေတာပါပဲ။

ဘယ်နေ့ သေမှာလဲ မသိဘူး။ ဘယ်နေရာမှာ သေမှာလဲ မသိပါဘူး။ ဘယ်အချိန် သေမှာလဲ မသိဘူး။ ဘယ်ရောဂါနဲ့ သေမယ်လဲ မသိဘူး။ သေပြီးရင် ဘယ်ရောက်မယ်ဆိုတာလည်း မသိပါဘူး။

သေမင်းနဲ့ပတ်သက်ပြီး မသိတာ ငါးမျိုးရှိပေမယ့် သိတာတော့ တစ်မျိုးတည်းပဲ ရှိပါတယ်။

အဲဒါက ဘာလဲဆိုတော့ သေမှာက သေချာတယ်။

ဟောတဲ့သူလည်း သေမှာပဲ။

တရားနာတဲ့သူလည်း သေမှာပဲ။

ရေးတဲ့သူရော ဖတ်တဲ့သူတွေပါ သေမှာပါပဲ။

နိမိတ်မရှိ နမာမရှိ ပြောတာ မဟုတ်ပါဘူး။ သေမှာက သေချာပါတယ်။

ဘယ်လို သေမှာလဲ၊ ငါးမျိုးကို မသိပေမယ့် သေမှာတစ်မျိုးကိုတော့ သိပါတယ်။

သိတဲ့ သေမှာကို ဂရုမစိုက်ဘဲ မသိတဲ့ဟာတွေကို လိုက်ဂရုစိုက်နေတော့ ပင်ပန်းနေတာပေါ့။

သတ္တဝါတိုင်း သတ္တဝါတိုင်း မသေဘူးဆိုတာ မရှိပါဘူး။ သတ္တဝါတိုင်း သေကြပါတယ်။

အသက်ဖြစ်လာရင် နောက်ဆုံးတော့ ဒီလိုပဲ သေကြရပါတယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးလည်း ပရိနိဗ္ဗာန် စံဝင်ရပါတယ်။

မသေတာဆိုလို့ နှစ်မျိုးပဲ ရှိတယ်။

တစ်ခုခုကို စိတ်ကူးနဲ့ ကိုယ်သတ်မှတ်ထားရင်လည်း မသေဘူး။ အဲဒါ သေချင်လို့ သတ်မှတ်တာမှ မဟုတ်တာ။ ရှင်ချင်လို့ သတ်မှတ်တာ၊ မသေဘူး။

ဆိုပါစို့။ ဒကာကြီး ဦးလှထွန်း ဆုံးသွားပြီ။

လောကသဘောနဲ့ ခန္ဓာကိုယ်ကြီး သေသွားပြီ။ ဆုံးသွားပါပြီ။

ဒါပေမယ့် ကိုယ့်စိတ်ထဲက သတ်မှတ်ပြီး ဆရာကြီးကျေးဇူးကြောင့် တို့တစ်တွေ ဒီလိုနေရတာ၊ ဦးလေးကျေးဇူးကြောင့် တို့တစ်တွေ ဒီလိုနေရတာလို့ စိတ်က သတ်မှတ်ထားရင် ဒကာကြီး ဦးလှထွန်း သေရိုးထုံးစံ မရှိပါဘူး။

အဲဒီလိုမျိုး စိတ်ထဲက သတ်မှတ်ရင် သေကို မသေပါဘူး။

ဘုန်းဘုန်းတို့ ဆရာသမားတွေလည်း ဆုံးပါးသွားတယ်၊ ပျံလွန်သွားပေမယ့် ကိုယ့်စိတ်ထဲက သေတယ်လို့ မထင်ပါဘူး။ ကိုယ့်စိတ်ထဲက "မသေဘူး" လို့ သတ်မှတ်ထားရင် ဘယ်တော့မှ မသေပါဘူး။

ဘုန်းဘုန်းတို့ အမေ ဆုံးသွားတာ သုံးနှစ်ပြည့်ပါပြီ။

ကိုယ့်စိတ်ထဲက မသေဘူးလို့ သတ်မှတ်ထားရင် ဘယ်တော့မှ မသေပါဘူး။

လောကသဘောတရားအရသေရင် သေသွားမယ်။ ကိုယ့် စိတ်ထဲမှာတော့ ဘယ်တော့မှ မသေပါဘူး။

ကျေးဇူးရှိတဲ့သူ၊ ဂုဏ်ကြီးတဲ့သူတွေကို ကိုယ့်စိတ်ထဲက မသေဘူးလို့ သတ်မှတ်ထားတာပါ။ ဒါက ကျေးဇူးရှိတဲ့လူတွေကို ပြောတာပါ။

**(ဆက်လက်ဖော်ပြပါမည်)**

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ အရှုံးထဲကအမြတ် စာအုပ်မှ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ယဉ်ကျေးလိမ္မာအစပြု

## ကာယကံယဉ်ကျေးမှု( ၂)

**ဦးမင်းဟန်(ဘီအေ)**

"ကာယကံဆိုတာ ဘာလဲ ကိုဦး"

" ကာယကံ ဆိုတာ... ကာယကံဆိုတာ ... အေးငါလည်းသိပ်မသိပါဘူး ပူစူးမရော"

" ပူစူးမလည်း မသိဘူးဟ.. ဘိုးလေးကြွက်ကိုပဲ မေးရတော့မှာပေ့ါ၊ ဘိုးလေးကြွက်ရေ... ဘိုးလေးကြွက်"

"ဟဲ့ ဟဲ့ ကလေးတွေ ဘာဖြစ်လာကြတာလဲ"

"ဟိုဟာလေ ဘာတဲ့၊ သြော် ကာယကံဆိုတာ ဘာလဲ သိချင်လို့ သားတို့ မတွေးတတ်တော့လို့"

"သြော်ကွယ် ကာယကံဆိုတာ ကိုယ်ကိုယ်တိုင်ပြုမူလုပ်ဆောင်တာကို ခေါ်တာကွဲ့"

" ဟုတ်ကဲ့ ဘိုးလေးကြွက်.. ကျေးဇူးပါ၊ ပြီးတော့ ကာယကံယဉ်ကျေးမှုဆိုတာလည်း သိပါရစေ "

"သိချင်သပဆိုရင် ပြောပြရမှာပေ့ါကွယ်။ ကာယကံ ယဉ်ကျေးမှုဆိုတာ ကျယ်ပြန့်တယ်ကွဲ့၊ အများသား ... စိတ်ရှည်လက်ရှည် နားထောင်ဖို့ လိုမယ်နော်"

"ဟုတ်ကဲ့ပါ.. သားတို့ သမီးတို့ နားထောင်ပါ့မယ်"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ ပြိုင်တူပြန်ပြောလိုက်ကြသည်။

" ပြောရရင်တော့ ဘုရားရှိခိုးတာကနေ စရမှာပဲ။ ဘုရားရှိခိုးရင် ထိချင်းငါးပါးနဲ့ ရှိခိုးရတယ်။ ထိချင်းငါးပါးဆိုတာ နဖူး၊ ဒူး၊ လက်တို့ကို ပိပိပြားပြားဖြစ်အောင် ရှိခိုးကန်တော့တာကို ဆိုလိုတာ"

"ဟုတ်ကဲ့"

"ရဟန်း သံဃာ မိဘဆရာတွေကို ရှိခိုးရာမှာလည်း ထိချင်းငါးပါးနဲ့အညီ ရှိခိုးရမယ်။ ဒီပုဂ္ဂိုလ်တွေအနီးက ပြန်လည်ထွက်ခွာတဲ့အခါ လက်အုပ်ချီကာ ကိုယ်ကို ညွတ်ပြီး လေးငါးလှမ်းနောက်ဆုတ်ပြီးမှ ကိုယ်လိုရာအရပ်ကို သွားရမယ်၊ ချက်ချင်း နောက်ကျောပေး မပြန်ရဘူးပေ့ါကွယ်"

"ဟုတ်ကဲ့ ဘိုးလေး"

"ပြီးတော့ ရှိသေးတယ်၊ ဘုရားဆင်းတုတော် ပုံတော်နဲ့ ဓမ္မကျမ်းစာအုပ်တွေကို မြင့်မြတ်တဲ့နေရာမှာထားရမယ်။ ကြမ်းပြင်မှာ ချထားတာတို့ ချိုင်းကြားညှပ်ယူတာမျိုးကဲ့သို့ မရိုမသေမပြုရဘူး။ ကိုင်တွယ်လိုရင် လက်အုပ်ချီ ရှိခိုးပြီးမှ ကိုင်တွယ်ရမယ်"

"ဆက်ပြောပါဦး ဘိုးလေး"

"ရဟန်း သံဃာ မိဘဆရာ အသက်အရွယ်ကြီးသူတွေအနီးက ဖြတ်သန်းသွားလာတဲ့အခါနဲ့ ပွဲလမ်းသဘင်တွေမှာ ပရိသတ်အတွင်း သွားလာတဲ့အခါ ဦးထုပ်၊ ဖိနပ်တို့ကို ချွတ်ပြီး ဦးခေါင်း ခါးတို့ကို ညွတ်ကာ သွားလာရမယ်။ နောက်ပြီး လမ်းခရီးသွားရာမှာ လမ်းကျဉ်းနေရာ ကျပ်တဲ့နေရာတွေမှာ ရဟန်းသံဃာတွေ့တဲ့အခါ တိုးဝှေ့ကျော်တက် မသွားဘဲ ဦးထုပ် ဖိနပ်တို့ကို ချွတ်ကာ လက်အုပ်ချီ ဦးညွတ်အရိုအသေပြုပြီး လမ်းဖယ်ပေးရမယ်။ မိဘဆရာ အသက်အရွယ်ကြီးသူတွေနဲ့ တွေ့တဲ့အခါ ဦးညွတ်အရိုသေပေးပြီး လမ်းဖယ်ပေးရမယ်။"

"ကျွန်တော်တို့လည်း အဲဒီလိုတော့ လုပ်ပါတယ် ဘိုးလေး"

"ပူစူးမတို့လည်း လုပ်ပါတယ်နော်၊ ကိုဦးကို မေးကြည့် ဟိုနေ့ကပဲ လမ်းမှာရပ်ပြီး ဆွမ်းခံကြွလာတဲ့ ဆရာတော်သံဃာတော်တွေကို အရိုအသေပေးပြီး ကုသိုလ်ယူလိုက်ပါသေးတယ်။"

မောင်ထူး၏ ပြောစကားကို ပူစူးမကလည်း ချေပတဲ့သဘောမျိုး ပြန်ပြောသည်။

"အေးအေး ကောင်းတာပေ့ါ မြေးတို့ရာ ခုလိုယဉ်ကျေးလိမ္မာမှုရှိတာ ဘိုးလေးကြွက်ဝမ်းသာဂုဏ်ယူပါတယ်။"

"ဟုတ်ကဲ့ ဘိုးလေး၊ ကာယကံ ယဉ်ကျေးမှုက များတယ်ဆိုတော့ ဆက်ပြောပေးပါဦးနော်"

"အေး ပြောရတာပေ့ါ။ မီးရထား၊ ကား၊ သင်္ဘော၊ ဘတ်စ်ကားတွေပေါ်မှာ ရဟန်းသံဃာတွေ၊ သီလရှင်တွေ၊ သက်ကြီးရွယ်အိုတွေ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေ၊ ဒုက္ခိတပုဂ္ဂိုလ်တွေကို ခရီးသွားလာရင်းတွေ့ရင် နေရာပေးရမယ်၊ နေရာအလျှုတစ်ခုပေ့ါကွယ်။ အဲဒီပုဂ္ဂိုလ်တွေကို ဦးစားပေး နေရာပေးရမယ်။ ကိုယ်က နေရာလုမထိုင်ရဘူး၊ လိုအပ်လို့ရှိရင် အဲဒီပုဂ္ဂိုလ်တွေကို ဖေးမတွဲကူတာတို့ အထုပ်အပိုးတွေ ကူသယ်ပေးတာတို့လိုမျိုးနဲ့ ဖေးမကူညီရမယ်။"

"ဟုတ်ကဲ့ ဘိုးလေး မှတ်သားထားပါ့မယ်"

"နောက်တစ်ခုက မိမိတို့နေထိုင်ရာကို ရဟန်းသံဃာများ ကြွရောက်လာတဲ့အခါ ဦးစွာ နေရာခင်းပေးပြီး ရှိခိုး အရိုအသေပေးကာ ကြွရောက်လာရခြင်းအကြောင်းကို မေးမြန်းလျှောက်ထားရမယ်။ အမျိုးသမီးတွေအနေနဲ့ ရဟန်းသံဃာ မိဘဆရာ လူကြီးသူမတွေ ရှေ့မှာ အလှပြင်ဆင်တာ မလုပ်ရသလို ကိုယ်ဝတ်ထဘီပြင်ဝတ်တာ မလုံခြုံ မယဉ်ကျေးတဲ့ ဝတ်စားဆင်ယင်မှုတွေနဲ့ သွားလာဝင်ထွက်မှု မပြုရဘူးပေ့ါကွယ်။"

"ကိုဦးရေ ဘိုးလေးလည်း ငါတို့ကို ပြောပြရတာ အတော်ကြာသွားပြီ။ ဘိုးလေးကို နားပါစေဦးဟာ၊ နောက်နေ့မှာ ဆက်ပြီး မေးကြတာပေ့ါ"

ပူစူးမ၏ စကားကို မောင်ထူးက ထောက်ခံပြီး ဘိုးလေးကြွက်အား သူငယ်ချင်းသုံးယောက် ထိခြင်းငါးပါးဖြင့် ကန်တော့ကာ ခြေလှမ်းငါးလှမ်းခန့် နောက်သို့ဆုတ်ပြီး ဘိုးလေးကြွက်ကို နှုတ်ဆက်ကြသည်။

"ဘိုးလေးရေ ကျေးဇူးတင်ပါတယ်နော်၊ နောက်ရက်တွေမှာလည်း မြေးတို့ကို ကာယကံ ယဉ်ကျေးမှုအကြောင်း ဆက်ပြောပြပေးပါဦးနော်"

"အေးကွယ် အေးအေး မြေးတို့တွေအားလုံး ယဉ်ကျေးလိမ္မာတဲ့ သားကောင်း သမီးမွန်တွေဖြစ်ကြပါစေကွယ်"

■ ■ ■

# စက်တင်ဘာ ၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၄၃၁ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၇-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၆-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၇-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၂၅,၁၁၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၄၃၁) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၈၃၁,၃၃၆)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၄၂၀,၄၀၂) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၄၆၁) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၆၈,၀၆၆)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၉၇) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၆,၀၈၂) ဦးရှိပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၇-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၆၁၀)ခု | (၁၂၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၈)ခု | (၂)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၄၃)ခု | (၂၅)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၇၇)ခု | (၄၅)ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၂၆)ခု | - |
| လားရှိုးမြို့ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၀၅)ခု | (၁၄)ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၁)ခု | (၂)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၂)ခု | (၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၄၂)ခု | (၂၆၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၁,၉၃၁)ခု | (၁,၉၄၉)ဦး |
| စုစုပေါင်း | (၂၅,၁၁၅)ခု | (၂,၄၃၁)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၀၈၇၀၃၃၀ | ၃၁၃၃၇၀၄၇ | ၆၆၆၆၂၄ |
| ၂။ | အိန္ဒိယ | ၃၃၀၉၂၈၉၂ | ၃၂၂၅၃၈၅၇ | ၄၄၁၄၀၁ |
| ၃။ | ဘရာဇီး | ၂၀၈၉၉၉၃၃ | ၁၉၈၉၄၆၆၀ | ၅၈၃၈၆၆ |
| ၄။ | ရုရှား | ၇၀၄၇၈၈၀ | ၆၃၀၂၂၅၀ | ၁၈၈၇၈၅ |
| ၅။ | ဗြိတိန် | ၇၀၁၈၉၂၇ | ၅၆၃၆၈၀၃ | ၁၃၃၂၇၄ |
| ၆။ | ပြင်သစ် | ၆၈၃၉၄၉၄ | ၆၃၈၉၉၇၁ | ၁၁၅၀၀၇ |
| ၇။ | တူရကီ | ၆၅၁၉၀၁၆ | ၅၉၅၉၉၉၂ | ၅၈၃၇၇ |
| ၈။ | အာဂျင်တီးနား | ၅၂၀၇၆၉၅ | ၄၉၀၅၈၄၃ | ၁၁၂၆၇၃ |
| ၉။ | အီရန် | ၅၁၈၄၁၂၄ | ၄၄၂၂၇၄၀ | ၁၁၁၈၉၂ |
| ၁၀။ | ကိုလံဘီယာ | ၄၉၁၉၇၇၃ | ၄၇၅၄၆၅၅ | ၁၂၅၃၃၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၁၄၀၆၃၄ | ၃၈၆၄၈၄၈ | ၁၃၇၁၅၆ |
| ၂။ | ဖိလစ်ပိုင် | ၂၁၂၁၃၀၈ | ၁၉၂၈၁၇၃ | ၃၄၄၉၈ |
| ၃။ | မလေးရှား | ၁၈၈၀၇၃၄ | ၁၆၀၉၉၃၀ | ၁၈၈၀၂ |
| ၄။ | ထိုင်း | ၁၃၀၈၃၄၃ | ၁၁၄၉၅၉၅ | ၁၃၂၈၃ |
| ၅။ | ဗီယက်နမ် | ၅၅၀၉၉၆ | ၃၁၁၇၁၀ | ၁၃၇၀၁ |
| ၆။ | မြန်မာ | ၄၂၀၄၀၂ | ၃၆၈၀၆၆ | ၁၆၀၈၂ |
| ၇။ | ကမ္ဘောဒီးယား | ၉၆၃၃၉ | ၉၁၆၁၈ | ၁၉၈၁ |
| ၈။ | စင်ကာပူ | ၆၉၂၃၃ | ၆၆၆၀၀ | ၅၅ |
| ၉။ | လာအို | ၁၆၀၅၈ | ၅၅၆၈ | ၁၆ |
| ၁၀။ | ဘရူနိုင်း | ၃၅၆၇ | ၂၀၅၈ | ၁၆ |

## မင်္ဂလာဒုံမြို့နယ် ဘုန်းတော်ကြီးကျောင်း ၄၇၂ ကျောင်းရှိ ရဟန်းသံဃာအပါး ၃၀၀၀ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေး

**မင်္ဂလာဒုံ စက်တင်ဘာ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်း ၄၇၂ ကျောင်းရှိ ရဟန်းသံဃာအပါး ၃၀၀၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ခံအဖွဲ့ခေါင်းဆောင် ဒေါက်တာဝေဖြိုးနှင့် ကျန်းမာရေးဝန်ထမ်းများက စက်တင်ဘာ ၇ ရက်မှစတင်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးခြင်းကို စက်တင်ဘာ ၁၁ ရက်အထိ ရဟန်းသံဃာအပါး ၆၀၀ ကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း မြို့နယ်သာသနာ့နုဂ္ဂဟဝေယျာဝစ္စ ဆန်လှူအသင်း ဓမ္မာရုံကြီး၌ ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ပြီး ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အောက်တိုဘာ ၂၈ ရက်တွင် ပြန်လည်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မင်္ဂလာဒုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မင်္ဂလာဒုံ ခုတင် (၅၀၀) အရိုးကုဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



**ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

မြောက်ပြန်လေသည် ညှို့ငင်ခြင်းခံရသည့်ပမာ ပန်းဥယျာဉ်အတွင်း ဝင်ရောက်ခဲ့မိသည်။ ခဏတာမျှ သစ်ပင်ပန်းပင်တို့အကြားမှာ ဆော့ကစားနေမိသေးသည်။ နောက်တော့ ကရမက်ပန်းမှ ရနံ့အချို့ကို တိတ်တဆိတ် ခိုးယူကာ ပန်းဥယျာဉ်အတွင်းမှ ဆောလျင်စွာ ထွက်ပြေးလာခဲ့သည်။


မှန်တံခါးတစ်ခုဖွင့်သည်နှင့် အသင့်ကြုံရသည်ဖြစ်၍ ပုန်းအောင်းရန် နေရာတစ်ခုကို တွေ့ရသလို ဝမ်းမြောက်ဝမ်းသာ တိုးဝင်လိုက်သည်။ သည်တွင် အခန်းတစ်ခုအတွင်းသို့ ရောက်ရှိလာကြောင်း မြင်ရသည်။ အတားအဆီး အပိတ်အဆို့နှင့် ကြုံရသည်ဖြစ်သောကြောင့် ရုတ်ခြည်း ပြန်ထွက်မည်ပြုဆဲ တစ်နေရာတွင် စုံမက်စွဲလမ်းဖွယ်အရာ တစ်ခုကို မြင်ရသည်။

ရုတ်တရက်အကြည့်တွင် ဂွမ်းပုံကြီး တစ်ပုံနှင့် တူသည်။ စောင်များကို အထပ်ထပ်ပုံထားသည့်နှယ် ရှိသည်။ သို့ပေမဲ့ အသေအချာကြည့်သောအခါ ဂွမ်းပုံကြီး၏တစ်နေရာတွင် လက်ယက်တွင်းတစ်ခုပမာ အကွက်ကလေး တစ်ကွက်ကို မြင်နိုင်သည်။ ထိုနေရာ၌ မျက်နှာလှလှကလေးတစ်ခု ရှိနေခြင်း ဖြစ်ပါသည်။

မြောက်ပြန်လေသည် တုံ့ဆိုင်းသွားသည်။ မျက်နှာအနီးသို့ အလိုလို ချဉ်းကပ်မိလျက်သား ဖြစ်သွားသည်။

တွေ့မြင်ရသည့်မျက်နှာကလေး၏ အသားအရေသည် ဂွမ်းတစ်စနှယ် ဖြူနုလှသည်။ ညှံ့သက်လှသည်။ ဆံပင်သည် မျက်နှာကို အချို့နေရာတွင် နွယ်ရစ်လျက်ရှိသည်။ ပြန့်ပြူးသောနဖူးပြင်ပေါ်သို့ ဖရိုဖရဲတင်ရှိနေသည်။ မည်းနက်သန်မာသော မျက်ခုံးမွှင်တန်း၊ ရှည်လျားကော့ပျံ့သည့် မျက်တောင်စိမ်းစိမ်းများနှင့် ရောထွေးယှက်တင်ဖြစ်နေသည်။ မျက်လုံးများကို မှေးမှိတ်ထားသောကြောင့် မျက်ခွံမို့မို့များ ပေါ်လွင်နေသည်။ နှာတံမှာ လက်ဖြင့် ပြုပြင်ထားသည့်သဖွယ် မို့မို့စင်းစင်းတန်းသည်။ နှာသီးဖျားကလေးမှာ ပိုမိုဖြူဆွတ်သည်။ ပါးလျားလျက် ပိရိသေသပ်သည့် နှုတ်ခမ်းနှစ်လွှာသည် သန္တာရောင်လဲ့လဲ့ပြေးသည်။ အဖျားနှစ်ဖက်တွင် ညွတ်ညွတ်ကွေးကွေးရှိသည်။ ပါးပြင်၌ အကြောစိမ်းကလေးများ နွယ်ယှက်နေပုံမှာ သလင်းကျောက်ဖြူသားမှ အညိုရောင် "ကြိုး" များ သဖွယ်ပင်။ မေးစေ့သည် ချွန်လျက် အလယ်ရစ်ကြောင်းကြောင့်နှစ်ခွသဏ္ဌာန် ရှိသည်။ မေးရိုး၏ အစနားထင်စပ်မှာ မွေးညင်းနုတို့ဖြင့် ရှိမ်းရှိမ်း မြမြရှိသည်။ မေးရိုးမှာ သွယ်သည်။

ယင်းသို့သော နုထွေးလှပသည့် မျက်နှာကလေးကို မြင်လိုက်ရသည့်အခါ မြောက်ပြန်လေသည် တိမ်းမူးလာလေသည်။ တိတ်တဆိတ် ခိုးယူလာသည့် ဆွတ်ပျံ့ဖွယ်သောရနံ့ကို မျက်နှာအနီး အပါးမှာ ပျံ့စေလျက် ပါးပြင်နုကို တို့ထိရုံမျှ ဖွဖွညင်ညင်ကလေး နမ်းလိုက်သည်။




**"ကိုင်း ဒီလောက် စည်းစိမ်ယစ်ရရင် ကျေနပ်တန်ကောင်းပါပြီ ကျောင်းအမ" နားအနီးမှကပ်၍ပြောသလို စူးရှကျယ်လောင်စွာ ပေါ်ပေါက်လာသည့် အသံ တစ်သံကြောင့် အလန့်လန့်အဖျပ်ဖျပ် ဖြစ်ရသည်။ မျက်စိကို ဖျတ်ခနဲ ဖွင့်ကြည့်မိသည်။ "နေဖင်ထိုးအောင် အိပ်တယ်ဆိုတာ လိမ္မာရေးခြားရှိတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အမူအကျင့်လို့ထင်သလား ခင်ခင်ကြီး"**

စူးစူးရှရှ အေးမြလှသော မြောက်ပြန်လေ၏အထိအတွေ့ကြောင့် ခင်ခင်ကြီး၏ ကျောထဲမှာ စိမ့်သွားသည်။ ကြက်သီးမြမြ ထသွားသည်။ အသိအာရုံသည် ဖျတ်ခနဲ နိုးကြားလာသည်။ အိပ်ရာမှ ရုတ်တရက် လန့်နိုးလာရသည်။

သို့တိုင်အောင် မျက်လုံးကိုဖွင့်ရန် ဝန်လေးသည်။ ပျံ့မွှေးလတ်ဆတ်သော လေကို ရှူရှိုက်လိုက်မိသည်။ လေတွင် ထုံသင်းသော အနံ့အသက်တစ်မျိုး ပါဝင်သည်ဟု သတိထားမိသည်။

"ကိုင်း ကိုင်း၊ ဒီလောက် စည်းစိမ်ယစ်ရရင် ကျေနပ်တန်ကောင်းပါပြီ၊ ကျောင်းအမ"

နားအနီးမှကပ်၍ပြောသလို စူးရှကျယ်လောင်စွာ ပေါ်ပေါက်လာသည့် အသံတစ်သံကြောင့် အလန့်လန့် အဖျပ်ဖျပ် ဖြစ်ရသည်။ မျက်စိကို ဖျတ်ခနဲ ဖွင့်ကြည့်မိသည်။

"နေဖင်ထိုးအောင် အိပ်တယ်ဆိုတာ လိမ္မာရေးခြားရှိတဲ့မိန်းကလေးတစ်ယောက်ရဲ့ အမူအကျင့်လို့ ထင်သလား ခင်ခင်ကြီး"

ထပ်၍ဆိုလာသော စကားသံကြောင့် အသံရှင် မည်သည့်နေရာတွင်ရှိမည်ကို မှန်းဆ၍ရသည်။ အသံသည် ပြတင်းပေါက်ဆီမှ ထွက်ပေါ်လာလျက်ရှိကြောင်း တွေ့ရပါသည်။ အသံ၏ အနိမ့်အမြင့် အတက်အကျကိုထောက်၍ ဘွားဘွား၏ အသံဖြစ်ကြောင်း ရိပ်စားမိသည်။ ဘွားဘွားသည် မှန်ပြတင်းပေါက်ကိုဖွင့်လျက် ဘောက်ချိတ်များဖြင့် ထောက်ရင်း ပြောနေခြင်းဖြစ်သည်။ မိမိအား ကျောပေးသောအနေအထားမှာ တဖျစ်တောက်တောက် မြည်တွန်နေခြင်းဖြစ်သည်။

လေသည် ပြတင်းပေါက်မှ တိုးဝင်လာသည်။ လေတိုးသောအရှိန်ကြောင့် ဇာခန်းဆီးမှာ လှုပ်ခါနေသည်။

ပြင်ပတွင် နှင်းမြူမစဲတတ်သေး။ နေအရောင်ကို မမြင်ရသေး။

ခင်ခင်ကြီးသည် မျက်စိကို ပြန်မှိတ်ထား လိုက်သည်။ စောင်ကို ခေါင်းမြီးခြုံလိုက်သည်။

"ဘယ်လိုလဲခင်ခင်ကြီး၊ ပြောခါမှ ပိုသဲနေပြန်ပြီလား"

ဘွားဘွားသည် တစ်ဖက်သို့လှည့်ကြည့်လာဟန်တူသည်။ မကြာမီ ခုတင်ဆီသို့ ချဉ်းကပ်လာသောခြေသံကို ကြားရသည်။ ခြေသံသည် ခုတင်အနီးတွင် ရပ်တန့်သွားသည်။

"ခင်ခင်ကြီး"

ဘွားဘွားသည် ခင်ခင်ကြီး၏ကိုယ်ကို လှုပ်နှိုးသည်။

ခင်ခင်ကြီးက မလှုပ်။ အသံမပေး။ ကွေးကွေးကလေး အိပ်ဆဲ။

"ဘယ်အချိန်ရှိပြီထင်တာလဲ ကာလနဂါးမကလေးရဲ့။ ထပါတော့"

သို့တိုင်အောင် ခင်ခင်ကြီး ငြိမ်သက်နေဆဲပါပင်။

သည်တွင် ဘွားဘွားသည်ခုတင်ခြေရင်းသို့ သွားရပ်သည်။ စောင်အစနှစ်ဖက်ကို သေချာစွာဆုပ်ကိုင်သည်။ ခင်ခင်ကြီး၏ ကိုယ်ပေါ်မှစောင်ကို ဆွဲယူလိုက်သည်။ စောင်သည် ဘွားဘွား၏လက်ထဲသို့ လျောခနဲပါသွားသည်။ ခင်ခင်ကြီးက လိုက်ဖမ်းသော်လည်း မမီတော့။

ဘွားဘွားသည် မျက်လုံးမှ နိမ့်လျောသွားသည့်မျက်မှန်ကို လက်ဖနောင့်ဖြင့် အပေါ်သို့ တွန်းတင်လိုက်သည်။ ထိုအခါ မြေးဖြစ်သူ၏ အခြေအမှန်ကို ပီသသဲကွဲစွာ မြင်သာလာသည်။

"ဟဲ့ မိခင်ကြီး ကြည့်စမ်း"

ဘွားဘွားသည် အထိတ်တလန့်ရှိမိသလို ရေရွတ်လိုက်သည်။

ခင်ခင်ကြီးသည် သူ့ကိုယ်ကို ငုံ့ကြည့်သည်။ တစ်ပြိုင်နက်တည်းမှာပင် "အိ" ခနဲ အော်လိုက်ကာ အိပ်ရာခင်းကိုဆွဲလျက် ကိုယ်ကိုလိမ့်လိုက်သည်။ အိပ်ရာခင်းဖြင့် ကိုယ်ကိုရစ်ပတ်မိသည်။

ဘွားဘွားသည် မြေးဖြစ်သူ၏အဖြစ်ကို သဘောကျမိသလို ရယ်ချလိုက်သည်။

"ဒီအသက်အရွယ်ထိအောင် အိပ်ရာထဲမှာ ထဘီမမြဲတာများ အံ့ပါရဲ့ ခင်ခင်ကြီးရယ်။ အံ့များ အံ့ပါရဲ့"

ဘွားဘွားက ရယ်မောရင်း ဆိုသည်တွင် ခင်ခင်ကြီး၏မျက်နှာမှာ ရဲလာသည်။

"ဘွားဘွားတို့များ သိပ်ဆိုးတာပဲ။ သူများဘာသာထမှာပေါ့လို့၊ တကတဲ အရေးကြီးနေလိုက်ရတာ"

ခင်ခင်ကြီးသည်ဘွားဘွားကိုမျက်စောင်းထိုးသည်။ နှုတ်မှ မကျေနပ်နိုင်သလို ရေရွတ်သည်။ အိပ်ရာပေါ်တွင် ပျောက်ဆုံးနေသည့်ထဘီကို လိုက်ရှာသည်။

ဘွားဘွားသည် အရယ်မရပ်သေး။ ခင်ခင်ကြီး၏ အိပ်ခန်းမှ ထွက်သည်။ မီးဖိုခန်းသို့ ကူးသွားသည်။ ယင်းသို့ ကူးသွားရင်း နှုတ်မှလည်း အော်သွားသည်။

"မြလေးရေ့၊ ညည်းသမီး ဘယ်လိုဖြစ်နေတယ်ဆိုတာ လာကြည့်ပါဦး၊ ဒီအသက်အရွယ်အထိ ထဘီမမြဲသေးဘူးတဲ့။ အရှက်ဆိုလို့ နှမ်းစိမှ မရှိဘူးဟဲ့"

ခင်ခင်ကြီးသည် ထဘီကို ခေါင်းမှ စွပ်ချလိုက်သည်။ ခုတင်ပေါ်မှ ဝုန်းခနဲ ခုန်ချကာ ဘွားဘွားနောက်သို့ ပြေးလိုက်လာခဲ့သည်။ ဘွားဘွား၏ပါးစပ်ကို အတင်းလိုက်ပိတ်သည်။ ဘွားဘွားက ဗလုံးဗထွေးနှင့် ပြောနေဆဲ။

မီးဖိုခန်းမှ မေမေအပါအဝင် မိန်းမတစ်သိုက် ထွက်လာသည်။ ခင်ခင်ကြီးကို ကြည့်သည်။ ရယ်ကြမောကြသည်။ တစ်အိမ်လုံး ရယ်သံဖြင့် သောသောရုတ်ရုတ် ဖြစ်နေသည်ဟု ထင်ရသည်။ မိမိကိုယ့်ကို ငုံ့ကြည့်မိသည်။ ကမန်းကတန်းဝတ်ခဲ့ရသည်ဖြစ်၍ ထဘီမှာ ဖောက်ထိုးဖြစ်နေကြောင်း တွေ့ရပါသည်။

သည်တော့လည်း ခင်ခင်ကြီး ရှက်သည်။ ကြမ်းပြင်ပေါ်သို့ ထိုင်ချလိုက်သည်။

"ဘွားဘွားနော် ခင်ကြီးအော်ငိုမှာပဲ။ အော်ငိုလိုက်မှာပဲ"

သို့တိုင်အောင် ဘွားဘွားက အပြောမရပ်။ ရယ်မောသံများလည်း ပိုမိုပေါ်ပေါက်လာသည်။

"မကြီးမငယ်နဲ့ ဒီလောက်ပဲ အအိပ်အနေသောင်းကျန်းရတယ်လို့အေ။ တို့ဖြင့် တွေ့ပဲတွေ့ဖူးပါဘူး။ ကြုံပဲကြုံဖူး ပါဘူး"

ခင်ခင်ကြီး၏ အော်သံသည် ဘွားဘွား၏အသံကို ဖုံးလွှမ်းသွားသည်။

"ကဲ ပြောပြော ဘွားဘွားရေ၊ တစ်အိမ်လုံးကြားအောင်ပြော၊ တစ်မြို့လုံးကြားအောင်ပြော။ ဈေးထဲမှာ မောင်းတစ်လုံးနဲ့ သွားပြီး ကြေညာပါဦးလား"

ဆိုရင်းမှာပင် ခင်ခင်ကြီးသည် ကလေးတစ်ယောက်နှယ် အော်ဟစ်ငိုချလိုက်သည်။ သို့ပေမဲ့ မျက်ရည်ကား ထွက်မလာပေ။

မေမေသည် ခင်ခင်ကြီးအပါးသို့ ကပ်လာသည်။

"ကဲ သမီး။ ထ။ မျက်နှာသစ်ချေ"

ခင်ခင်ကြီးမထ။

"ကဲပါ။ ထပါ။ မျက်နှာသစ်ချေပါ"

ခင်ခင်ကြီး မလှုပ်။

မျက်ရည်ပေါက်ကြီးများ ကျနေသည်ဟု မေမေအထင်ရောက်စေရန် မျက်လုံးကို လက်ခုံဖြင့် ပွတ်နေသည်။

မေမေသည် ခင်ခင်ကြီး၏ ချိုင်းနှစ်ဖက်တွင် လက်လျှိုလျက် ထရပ်စေသည်။ ခင်ခင်ကြီးသည် ကလေးဆိုးကြီးသဖွယ် ပေကပ်ကပ် လုပ်နေသည်။

"ထပါသမီးရယ်၊ ဘွားဘွားက ချစ်လို့ ကျီစားတဲ့ ဥစ္စာ။ သမီးကလည်း သမီးပဲ။ ဘယ့်နှယ်ကွယ် ဆယ့်ခြောက်နှစ် သမီးရှိလို့မှ ထဘီမမြဲသေးဘူးရယ်လို့ပဲ"

မေမေက ရယ်ရင်းမောရင်း ဆိုသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ကျောက်တော်မြို့ရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအား ကာကွယ်ဆေး ဆက်လက်ထိုးနှံလျက်ရှိ





**ကျောက်တော်  စက်တင်ဘာ ၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့ ကဝိရတနာဘုန်းတော်ကြီးကျောင်းတွင် ယာယီဖွင့်လှစ်ထားသော တိုက်ပွဲရှောင်စခန်းသို့ လာရောက်ခိုလှုံရန်ရောက်ရှိနေကြသော ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm အား ဆက်လက်ထိုးနှံခြင်းကို ယနေ့ နံနက် ၉ နာရီက ကဝိရတနာဓမ္မာရုံကြီး သတ်မှတ်စုရပ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးရာတွင် ကဝိရတနာဘုန်းတော်ကြီးကျောင်း တိုက်ပွဲရှောင်စခန်းရှိ ပြည်သူများအား ကျောက်တော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာညွန့်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာသိန်းထွန်းဦး ဦးဆောင်ကာ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကဝိရတနာတိုက်ပွဲရှောင်စခန်းမှ စခန်းတာဝန်ခံများပူးပေါင်း၍ Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား ဆက်လက်ထိုးနှံပေးလျက်ရှိသည်။ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လာရောက်ထိုးနှံသူများအား ကာကွယ်ဆေးမထိုးမီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးတွင်းအောက်ဆီဂျင်ပါဝင်မှုပမာဏကို တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရောက်ရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်သည်။ ဆေးထိုးနှံပေးပြီးနောက် မိနစ် ၃၀ ခန့် စောင့်ကြည့်ပြီးမှ ဆေးလာရောက်ထိုးနှံပြီးသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ယနေ့ကဝိရတနာတိုက်ပွဲရှောင်စခန်းရှိ ပြည်သူ ၇၅၄ ဦးအား Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**



## ပန်းဘဲတန်းမြို့နယ်၌ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံသူ ၁၂၈၄ ဦးရှိ

**ရန်ကုန်  စက်တင်ဘာ ၇**

ပန်းဘဲတန်းမြို့နယ်၌ ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး Sinopharm ထိုးနှံပြီးသူများအား ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံခြင်းကို ဩဂုတ် ၃၀ ရက်မှစတင်၍ မြို့နယ်အတွင်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဧကရီခန်းမ၌ ထိုးနှံပေးလျက်ရှိရာ ယနေ့အထိ ဒုတိယအကြိမ် ကာကွယ်ဆေး လာရောက်ထိုးနှံသူ ၁၂၈၄ ဦးအထိရှိပြီဖြစ်ကြောင်း ပန်းဘဲတန်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သိရသည်။

မြို့နယ်အတွင်းရှိ ဆေးထိုးစုရပ်ဖြစ်သော အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဧကရီခန်းမတွင် ယနေ့ ကာကွယ်ဆေးလာရောက်ထိုးနှံသူ ၂၄၁ ဦး ရှိသည်။ ဩဂုတ် ၃၀ ရက်မှ ယနေ့အထိ ဒုတိယအကြိမ် ကာကွယ်ဆေးလာရောက်ထိုးနှံသူ အသက် ၆၅ နှစ်နှင့်အထက် ၄၂၁ ဦး၊ အစိုးရ/ ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်း ၁၃၈ ဦး၊ စေတနာ့ဝန်ထမ်း ၁၄ ဦး၊ နိုင်ငံ့ဝန်ထမ်း ၁၉၄ ဦး၊ နိုင်ငံ့ဝန်ထမ်းမိသားစုဝင် ၂၀၇ ဦး၊ ပုဂ္ဂလိကဘဏ်ဝန်ထမ်း ၈၀ နှင့် ဟိုတယ်/ မိုတယ်/တည်းခိုခန်းဝန်ထမ်း ၂၃၀ စုစုပေါင်း ၁၂၈၄ ဦး ကာကွယ်ဆေးလာရောက်ထိုးနှံခဲ့ကြကြောင်း သိရသည်။

**သတင်း - ပွင့်သစ္စာ၊ ဓာတ်ပုံ - စိုးမြင့်အောင်**

## ပွင့်ဖြူမြို့နယ်၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**ပွင့်ဖြူ  စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများနှင့် အသက် ၁၈ နှစ်အထက် ပြည်သူများကို ဦးစားပေးအုပ်စုအလိုက် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဆက်လက်ထိုးနှံပေးလျက်ရှိရာ ယနေ့ကာကွယ်ဆေး လာရောက်ထိုးနှံသူ ၈၉၁ ဦးရှိကြောင်း ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။



ပွင့်ဖြူမြို့နယ်၌ ပထမအကြိမ် ကာကွယ်ဆေး Sinopharm ထိုးနှံပေးခြင်းကို အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများ၊ သံဃာတော်များနှင့် သီလရှင်များ၊ နိုင်ငံ့ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များ၊ အခြားပုဂ္ဂလိကဝန်ထမ်းများ၊ ဟိုတယ်/မိုတယ်မှ ဝန်ထမ်းများ၊ အကျဉ်း/အချုပ်သားများ၊ ပုဂ္ဂလိကပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများ၊ စေတနာ့ဝန်ထမ်းအဖွဲ့ဝင်များ၊ ဈေးသည်များနှင့် အသက် ၁၈ နှစ်အထက်ရှိ ပြည်သူများကို ကာကွယ်ဆေးထိုးနှံပေးခဲ့ရာ စုစုပေါင်း ၆၀၉၂ ဦး လာရောက်ထိုးနှံခဲ့ပြီး ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လာရောက်ထိုးနှံခဲ့သူများကို ယခု ဒုတိယအကြိမ် ထိုးနှံပေးခြင်းဖြစ်သည်။ ဩဂုတ် ၂၉ ရက်မှ ယနေ့အထိ ကာကွယ်ဆေး လာရောက်ထိုးနှံသူ စုစုပေါင်း ၄၄၂၄ ဦး ရှိပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်ထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ဒက္ခိဏသီရိမြို့နယ်၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

**ဒက္ခိဏသီရိ စက်တင်ဘာ ၇**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး



ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီတွင် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း ဆေးထိုးစုရပ်၌ အသက် ၆၅ နှစ်နှင့်အထက်ဘိုးဘွားများနှင့် ပုဂ္ဂလိကစက်ရုံ/ အလုပ်ရုံဝန်ထမ်းများအား ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်မြထွေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်မှဆေးအဖွဲ့များက ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက်ဘိုးဘွားများနှင့် ပုဂ္ဂလိကစက်ရုံ/ အလုပ်ရုံဝန်ထမ်းများ စုစုပေါင်း ၃၀၆ ဦးကို ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ခရိုင်ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



မုံရွာ စက်တင်ဘာ ၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်း လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် သီတင်းသုံးနေထိုင်တော်မူသော ဝါဆိုသံဃာတော်များ ဆွမ်းကွမ်းအခက်အခဲမရှိ စေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပေး လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးတွင် တမူး၊ မော်လိုက်၊ ကလေးဝ၊ ပင်လည်ဘူး၊ ဗန်းမောက် မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ယနေ့နံနက်ပိုင်းတွင် သွားရောက်လှူဒါန်းခဲ့ ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် ခရိုင်/မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဦးစီးဌာနမှ ခရိုင်/ မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများနှင့် သာသနာရေးမှူးများက ဘုန်းတော်ကြီး ကျောင်းများနှင့် သီလရှင်စာသင်တိုက် ၁၄ ကျောင်းရှိ သံဃာတော်၊ သီလရှင်အပါး ၇၀၆ ပါးတို့အတွက် ဆွမ်းကွမ်းအခက်အခဲမရှိစေရေး ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရပြီး နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက စစ်ကိုင်းတိုင်းဒေသ ကြီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ တွင် ဆွမ်းဆန်တော် ၁၃၄ အိတ်၊ ဆီ ၁၇၇ ပိဿာနှင့် ပဲ ၃၅၄ ပိဿာတို့ကို လှူဒါန်းခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ငွေကြယ်



၂၀၂၀ ရာသီ MNL-2 ပွဲစဉ်တစ်ခုအား တွေ့ရစဉ်။

# MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ လာမည့်နှစ်တွင် ကျင်းပမည့်ကာလ သတ်မှတ်ပြီးမှ အသင်းများအတည်ပြုမည်

ရန်ကုန် စက်တင်ဘာ ၇

မြန်မာနေရှင်နယ်လိဂ်သည် လာမည့်နှစ်တွင် ပြန်လည် ကျင်းပမည့် MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲကို ကျင်းပမည့်ကာလ သတ်မှတ်ပြီးမှသာ ပြိုင်ပွဲဝင် အသင်းများ အတည်ပြုသွားမည်ဖြစ်သည်။

၂၀၂၀ ရာသီအပြီးတွင် MNL တွင် ကစားနေသည့် အသင်းသုံးသင်း ဖျက်သိမ်းသွားသဖြင့် မြန်မာနေရှင် နယ်လိဂ်သည် MNL အမှတ်ပေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်းပြည့်မီစေရန် MNL-2 မှ အသင်းအချို့ကို တန်းတက်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် MNL-2 ပြိုင်ပွဲတွင် အသင်းအရေအတွက် လျော့နည်းသွားပြီး အသင်းသစ်များ ထပ်တိုးရန်ရှိသော်လည်း ပြိုင်ပွဲ မကျင်းပနိုင်သေးသဖြင့် အသင်းအရေအတွက် အတည်ပြုနိုင်ခြင်းမရှိသေးပေ။

ပထမတန်းပြိုင်ပွဲကို ကပ်ရောဂါကြောင့် ၂၀၂၀ ရာသီ ပထမအကျော့အပြီးတွင် ဆက်လက် မကျင်းပနိုင်ဘဲ ဖျက်သိမ်းခဲ့ရပြီး ယခုနှစ်တွင်လည်း ထပ်မံဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။ နောက်ဆုံးကျင်းပ ခဲ့သည့် ၂၀၂၀ ရာသီ MNL-2 ပြိုင်ပွဲတွင် အသင်း ရှစ်သင်း ယှဉ်ပြိုင်ခဲ့ပြီး နိုင်ငံတကာပြိုင်ပွဲများအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် မြန်မာ ယူ-၁၉ လူငယ် လက်ရွေးစင်အသင်းမှာ Junior Lions အသင်းအမည် ဖြင့် ယှဉ်ပြိုင်လျက်ရှိသည်။

ယင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် အသင်းများ အနက် Chinland အသင်းနှင့် မြဝတီအသင်းတို့မှာ ယခုနှစ်ဆန်းပိုင်းက ပြုလုပ်သည့် လိဂ်ကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ လာမည့်ရာသီတွင် MNL သို့ တန်းတက်ခွင့်ရထားသဖြင့် ခြောက်သင်းသာ ကျန်ရှိတော့မည်ဖြစ်သည်။ ဒဂုံအသင်းအပါအဝင် အသင်းသစ်နှစ်သင်း ထပ်တိုးလာဖွယ်ရှိသော်လည်း ယခုနှစ်တွင် ပြိုင်ပွဲမကျင်းပနိုင်သဖြင့် အသင်းများ အပြောင်းအလဲဖြစ်ဖွယ်ရှိနေသည်။

MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲကို ၂၀၁၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ကိုးကြိမ် ကျင်းပ ထားပြီးဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ချင်းယူနိုက်တက်၊ ၂၀၁၄ ခုနှစ်တွင် ဟံသာဝတီအသင်း၊ ၂၀၁၅ ခုနှစ်တွင် Southern အသင်း၊ ၂၀၁၆ ခုနှစ်တွင် မနောမြေအသင်း၊ ၂၀၁၇ ခုနှစ်တွင် စီးတီးရန်ကုန်အသင်း၊ ၂၀၁၈ ခုနှစ် တွင် ရှိုင်ရယ်သန်လျင်အသင်း၊ ၂၀၁၉ ခုနှစ်တွင် ချင်းယူနိုက်တက်အသင်းတို့ ဗိုလ်စွဲထားသည်။

သတင်း - ကိုညီလေး

ဓာတ်ပုံ - MNL

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

စာတည်း




○ ကမ္ဘာ့ဖလားပြိုင်ပွဲမှ

ဒုတိယကမ္ဘာစစ်ဖြစ်ပွားနေတာကြောင့် ပြိုင်ပွဲကျင်းပ နိုင်ခဲ့ခြင်းမရှိခဲ့တာဖြစ်ပါတယ်။

အဲဒီလိုပဲ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း ပြိုင်ပွဲစတင်ကျင်းပခဲ့တဲ့ ၁၉၉၁ ခုနှစ်ကတည်းက လေးနှစ်တစ်ကြိမ် ကျင်းပခဲ့တာဖြစ်ပါတယ်။

ကမ္ဘာ့ဖလားပြိုင်ပွဲကို နှစ်နှစ်တစ်ကြိမ် ကျင်းပ ရေးဆိုတဲ့ကိစ္စကို အာဆင်နယ်အသင်းနည်းပြဟောင်း အာစင်ဝင်းဂါးက ဦးဆောင်ခဲ့တာဖြစ်ပြီး ဖီဖာရဲ့ ကမ္ဘာ့ ဘောလုံးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကြီးအကဲဖြစ်သူ အာစင်ဝင်းဂါးဟာ ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ ဥရောပ ချန်ပီယံရှစ်(ယူရို)ပြိုင်ပွဲကို နှစ်နှစ်တစ်ကြိမ် ကျင်းပ စေချင်တယ်လို့ မေလအတွင်းက ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

# ပွင့်ဖြူမြို့နယ် မြောက်မုန်းမြောင်းမကြီးအတွင်းသို့ ငါးမျိုးများစိုက်ထည့်

ပွင့်ဖြူ စက်တင်ဘာ ၇

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မင်းဘူး




ခရိုင်အတွင်း ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ပေါ်များစေရေး၊ ငါးမျိုး ပြန်နှံ့ပွားတိုးမှုလျော့ပါးစေရေး၊ ဒေသနေပြည်သူများ ငါးစားသုံးမှုနှုန်းမြင့်မားစေ ရေးတို့အတွက် မြစ်ချောင်းများ၊ သဘာဝရေပြင်များနှင့် ဆည်/တမံရေလှောင်ကန် များအတွင်းသို့ နှစ်စဉ်ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၈ နာရီတွင် ပွင့်ဖြူငါးလုပ်ငန်းစခန်းရှေ့ မြောက်မုန်းမြောင်းမကြီး အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ ငါးမျိုးစိုက်ထည့်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားတွင် ပွင့်ဖြူငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်း ၁၀၀၀၀၀ နှင့် ငါးခုံးမကြီး ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ အား မြောက်မုန်းမြောင်းမကြီးအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းနှင့် ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် ငါးမျိုးစိုက်ထည့်မှု ရာသီချိန် ပိတ်သိမ်းပွဲ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဓာတုဗေဒရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ပါရန်နှိုးဆော်ခြင်း









## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၆ ရက် ဒေသစံတော်ချိန်ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Novosibirsk မြို့ Tolmachevo လေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အပြည်ပြည်ဆိုင်ရာလေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ အမှတ်(၄၁) တပ်မထောက်လှမ်းရေးဌာန အကြီးအကဲ Colonel Dimity V. Menchov နှင့် တာဝန်ရှိသူများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးချုပ်ကျော်စိုးမိုးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုးနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများသည်လည်း ပြန်လည်လိုက်ပါလာခဲ့ကြသည်။

**သွားရောက်လေ့လာ**

ခရီးစဉ်အတွင်း International Army Games–2021 ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများအပြင် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်နည်းပညာဆိုင်ရာကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ သုတေသနလုပ်ငန်းကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍတို့တွင် ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❒



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

## ကမ္ဘာ့ဖလားပြိုင်ပွဲကို နှစ်နှစ်တစ်ကြိမ်ကျင်းပမည့် ကိစ္စအပေါ် ယူအီးအက်ဖ်အေဥက္ကဋ္ဌ အဲလက်ဆန်ဒါစီဖရင် ငြင်းဆို

ယူအီးဖက်ဖ်အေဥက္ကဋ္ဌ အဲလက်ဆန်ဒါစီဖရင်ဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို နှစ်နှစ်တစ်ကြိမ် ကျင်းပမယ်ဆိုတဲ့ အယူအဆအပေါ် ငြင်းဆိုခဲ့ပြီး အဲဒီလို ကျင်းပခြင်းအားဖြင့် ပြိုင်ပွဲရဲ့ပုံရိပ်ကိုလည်း မှေးမှိန်စေလိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။

ဂျီနီဗာမှာ ကျင်းပခဲ့တဲ့ ကလပ်အသင်းတွေရဲ့ အထွေထွေညီလာခံမှာ ကလပ်အသင်းကိုယ်စားလှယ် ၁၆၀ တက်ရောက်ခဲ့ပြီး အဲဒီညီလာခံမှာ ကမ္ဘာ့ဖလားပြိုင်ပွဲကို နှစ်နှစ်တစ်ကြိမ် ကျင်းပမယ်ဆိုရင် ကမ္ဘာ့ဖလားပြိုင်ပွဲဟာ မှေးမှိန်သွားလိမ့်မယ်လို့ ယူအီးအက်ဖ်အေဥက္ကဋ္ဌ အဲလက်ဆန်ဒါစီဖရင်က ပြောကြားခဲ့တာဖြစ်ပါတယ်။

ကမ္ဘာ့ဖလားပြိုင်ပွဲကို နှစ်နှစ်တစ်ကြိမ် ကျင်းပမယ့် အဆိုပြုချက်ကို မေလအတွင်းက ဆော်ဒီအာရေဗျဘောလုံးအဖွဲ့ချုပ်က အဆိုပြုခဲ့တာဖြစ်ပြီး အဲဒီအဆိုပြုချက်နဲ့ပတ်သက်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)အနေနဲ့ စဉ်းစားနေတယ်လို့လည်း သိရပါတယ်။

အမျိုးသားကမ္ဘာ့ဖလားပြိုင်ပွဲကို ပြိုင်ပွဲစတင်ကျင်းပခဲ့တဲ့ ၁၉၃၀ ပြည့်နှစ်ကတည်းက လေးနှစ်တစ်ကြိမ်ကျင်းပခဲ့တာဖြစ်ပြီး ၁၉၄၂ ခုနှစ်နဲ့ ၁၉၄၆ ခုနှစ်တို့မှာတော့ **စာမျက်နှာ ၂၅ ကော်လံ ၁ သို့** ○

## ကြေးမုံ ယနေ့ ဖတ်စရာ


ပြည်မြို့ သီရိခေတ္တရာရတနာမြို့တော်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနေစဉ် အကြမ်းဖက်သမားနှစ်ဦးက လက်လုပ်ဗုံးဖြင့် နှောင့်ယှက်တိုက်ခိုက် စာမျက်နှာ » ၁၅

လမ်းတံတားများပေါ်များစွာဖြင့် လူမှုဘဝမြင့်မားတိုးတက်နေသော ဧယျာရွှေမြေ စစ်ကိုင်းတိုင်းဒေသ (၁) စာမျက်နှာ » ၁၆




ယဉ်ကျေးလိမ္မာ စာပဒေသာ စာမျက်နှာ » ၂၀၊ ၂၁